ကာလေန ဓမ္မဿဝနံ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၈)

နိုင်ငံတော်၏ဒေသများတစ်ပြိုင်တည်း ဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေ

နိုင်ငံတော်တာဝန်များကို တပ်မတော်က ရယူခဲ့ရပြီးနောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များချမှတ်၍ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အောင်မြင်မှု ရရှိခဲ့သည်။ ဦးတည်ချက်(၁၂)ရပ်ကိုအခြေခံ၍ နိုင်ငံတော်ကြီး အေးချမ်း တည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်၏ဒေသအသီးသီး တတ်နိုင်သမျှ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းသုံးမျိုးချမှတ်၍ ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ဒေသအလိုက်အဆင့်မြင့်ပညာများသင်ယူနိုင်ရေး နိုင်ငံတော်ကတက္ကသိုလ်၊ ကောလိပ်များဖွင့်လှစ်ပေးလျက်ရှိ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ပူးပေါင်းဆောင်ရွက်မှုကြောင့် ဒေသအလိုက်ဖွံ့ဖြိုးမှုများမျက်မြင်ထင်ရှားတွေ့မြင်နေရပြီ နိုင်ငံတော်၏မူဝါဒဆိုင်ရာဦးတည်ချက်များမှန်ကန်၍ ယခုကဲ့သို့သိသာထင်ရှားစွာတိုးတက်လာခြင်းဖြစ် တိုးတက်လာသည့်အခြေအနေအရပ်ရပ်နှင့်အတူစီးပွားရေးနှင့်ပညာရေးကဏ္ဍများတစ်ပြိုင်တည်းဖွံ့ဖြိုးအောင်ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၇

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂)ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် မြိတ်တက္ကသိုလ်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးခင်မောင်ချိုက ၁၄-၁-၁၉၉၉ တွင် မြိတ်ကောလိပ်အဖြစ် စတင်ခဲ့သည့် မြိတ်တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ တက္ကသိုလ်တွင် ဖွင့်လှစ်ထားသည့် သင်တန်းများ၊ သင်ကြားပို့ချသည့် အထူးပြုဘာသာရပ်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ကြားမှုနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ▼

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြိတ်မြို့ပုလဲရတနာခန်းမတွင် တနင်္သာရီတိုင်းရှိ တိုင်း၊ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

မြိတ်မြို့ ခုတင် (၂၀၀) ဆံ့ ဆေးရုံသစ်ကြီး။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

ဖွံ့ဖြိုးရေးအခြေခံကောင်းများ အကျိုးရှိရှိအသုံးပြု ဒေသဖွံ့ဖြိုးရေး၊ ကုန်ထုတ်လုပ်မှု ပိုမိုတိုးတက်ရေးကြိုးပမ်း

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ပေ ၈၆၀ ရှည် လေညာ–မဏ္ဍိုင်တံတားဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၃ရက်နေ့နံနက်က အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက်ချီးမြှင့်ပြီး ဒေသခံပြည်သူများအား နှုတ်ဆက်စကားပြောကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက နှုတ်ဆက်စကားပြောကြားရာတွင်–

"လမ်းပန်းဆက်သွယ်မှုအပိုင်း၌ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သုံးခုစလုံးဖြင့် သွားလာနိုင်မှသာ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ကြောင်း၊ တနင်္သာရီတိုင်းသည် ယခုအခါ ရေကြောင်း၊ လေကြောင်း သာမက မော်တော်ကားလမ်း၊ ရထားလမ်းများဖြင့်သွားလာနိုင်ပြီဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအပိုင်းက တာဝန်ယူလုပ်ကိုင်ပေးရန်ရှိသည်များကို ယခုကဲ့သို့ တာဝန်ယူတည်ဆောက်ပေးသကဲ့သို့ ဒေသခံတိုင်းရင်းသားပြည်သူများအပိုင်းကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်သည်ထက် တိုးတက်အောင် ကြိုးစားကြပါစို့ဟု မှာကြားလိုကြောင်း"

ပြောကြားသွားသည်။

လေညာ–မဏ္ဍိုင်တံတားသည် ၁၉၈၈ခုနှစ်မှ ယနေ့အချိန်အထိ ဖွင့်လှစ်ခဲ့သည့် ပေ၁၈၀နှင့်အထက် တံတားကြီးများအနက် ၁၆၂ စင်းမြောက် တံတားဖြစ်သည်။

တနင်္သာရီတိုင်းသည် အခြားပြည်နယ်၊တိုင်းများနှင့် ရေကြောင်းနှင့်လေကြောင်းသာ အဓိကအားထား ဆက်သွယ်သွားလာနေရသည့် ကမ်းရိုးတန်းကမ်းမြောင်ဒေသတစ်ခုဖြစ်သည်။ ထို့ကြောင့် တနင်္သာရီတိုင်းအတွက် မဟာဗျူဟာကျသည့် ထားဝယ်–မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်း ပြည်ထောင်စုလမ်းမကြီးကို နိုင်ငံတော်က ဖောက်လုပ်ပေးလျက်ရှိသည်။

အဆိုပါ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ပေ ၅၀၀နှင့်အထက် တံတားကြီးများဖြစ်သည့် ဝင်းဝတံတား၊ ပလောက်တံတား၊ ပုလောတံတား၊ တနင်္သာရီတံတား၊ ပသောင်းတံတားနှင့် ယခုဖွင့်လှစ်သည့် လေညာ–မဏ္ဍိုင်တံတား စုစုပေါင်းတံတားခြောက်စင်းကို ငွေကျပ်၂၇၂၃သန်းနှင့် အမေရိကန်ဒေါ်လာ၁ဒသမ၇၄သန်း အကုန်အကျခံကာ တည်ဆောက်ခဲ့သည်။

တနင်္သာရီတိုင်းသည် ယခင်က လမ်းပန်းဆက်သွယ်သွားလာမှု အခက်အခဲများကြောင့် ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းများအတွက် ရေခံ၊ မြေခံ အခြေခံကောင်းများ ရှိနေသော်လည်း အဆိုပါအခြေခံကောင်းများကို ထိုက်ထိုက်တန်တန် တန်ဖိုးရှိအောင် အသုံးမပြုနိုင်ဘဲ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခဲ့ရသည်။

လေညာ–မဏ္ဍိုင်တံတား ဖွင့်လှစ်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံမြောက်ဘက်စွန်းမှ တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့အထိ တစ်ဆက်တစ်စပ်တည်းသွားလာနိုင်ပြီဖြစ်သည်။ ယခုအခါ ကမ်းရိုးတန်းသွား အမြန်ရေယာဉ်များပြေးဆွဲနေသည့်အတွက် ထားဝယ်–မြိတ်–ကော့သောင်းခရီးစဉ်ကို နေ့ချင်းပေါက်သွားလာနိုင်သည့်အပြင် ထားဝယ်– မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်းအထိ ကားလမ်းဖြင့်လည်း ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်အောင် ပိုမိုဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်နှင့် တိုင်း ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟနေမှုများ လျော့နည်းပြီး မျှမျှတတဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဒေသကြီး ၂၄ ခုဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်တို့ကို အဆက်အစပ်ရှိရှိ ကြိုးပမ်းဖော်ဆောင်ပေးနေသည်။

ယင်းသို့ကြိုးပမ်းဖော်ဆောင်ရာတွင် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ ပြည်နယ်၊ တိုင်း ၁၄ ခုစလုံး တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်မှသာ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မည်ဟူသည့် ခံယူချက်ဖြင့် နေ့မအားညမနား ကြိုးစားဆောင်ရွက်နေခြင်းဖြစ်သည်။

ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးတို့အတွက် လမ်းနှင့်တံတားများကို နိုင်ငံတော်က တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ပြည်နယ်နှင့်တိုင်းတစ်ခုနှင့်တစ်ခု၊ ဒေသတစ်ခုနှင့်တစ်ခု ရေကြော၊ မြေကြော တစ်ဆက်တစ်စပ်တည်းဖြစ်လာကာ လမ်းပန်းဆက်သွယ်မှု၊ သွားလာမှုလွယ်ကူ အဆင်ပြေချောမွေ့လျက် ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က တည်ဆောက်အကောင်အထည်ဖော်ပေးသည့် ဖွံ့ဖြိုးရေးအခြေခံကောင်းများကို အကျိုးရှိရှိအသုံးပြုပြီး ပြည်သူများက မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဃ်န်းကျွန်းမြို့နယ် ဇေယျာသီရိ ပရိယတ္တိစာသင်တိုက် ဆဋ္ဌမအကြိမ်ဘုံကထိန်လျှာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာဥယျာဉ်ရိပ်သာ(၁)လမ်း ဇေယျာသီရိ ပရိယတ္တိစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြသည့်ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ဆဋ္ဌမအကြိမ် ဘုံကထိန်လျှာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါ စာသင်တိုက်ရှိ ဓမ္မသုခကျောင်းဆောင်သစ်၌ ကျင်းပသည်။

အလှူတော်မင်္ဂလာ အခမ်းအနားသို့ ရန်ကင်းမြို့နယ် ပဋ္ဌနိကာယ သာသနာ့ဗိမာန် စာချဆရာတော် ဘဒ္ဒန္တပညာသီဟာဘိဝံသ (ဓမ္မာစရိယ ဝိနယ ပါဠိပါရဂူ) အရှင်သူမြတ်နှင့်ပင့်ဆောင်ထားသည့်ဆရာတော်ကြီးများကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် မိသားစုများ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးကိုလေး၏ ဇနီး ဒေါ်ခင်ခင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့်ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာ ဌာနမှူးများနှင့် ယင်းတို့၏ဇနီးများ၊ အလှူရှင်များ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပင့်လျှောက်ထားသည့် ဆရာတော် သံဃာတော်များနှင့် ဒည့်ပရိသတ်တို့က နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးတော်မူကြပြီး ဧည့်ပရိသတ်တို့က ရန်ကင်းမြို့နယ် ပဋ္ဌနိကာယ သာသနာ့ဗိမာန် စာချဆရာတော် ဘဒ္ဒန္တပညာသီဟာဘိဝံသ (ဓမ္မာစရိယ ဝိနယပါဠိပါရဂူ) အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက်ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်ပေးတော်မူကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် မိသားစုက ဦးဆောင်၍ အလှူရှင်များက ဇေယျာသီရိ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တတေဇဝန္တ အရှင်သူမြတ်ထံ ကထိန်လျာဥတ်သင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်ကိုးသိန်းကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကင်းမြို့နယ် ပဋ္ဌနိကာယ သာသနာ့ဗိမာန် စာချဆရာတော် ဘဒ္ဒန္တပညာသီဟာဘိဝံသ (ဓမ္မာစရိယ ဝိနယပါဠိပါရဂူ) အရှင်သူမြတ်က သာဓုအနုမောဒနာတရားနှင့် ရေစက်ချတရား ချီးမြှင့်ဟောကြားတော်မူပြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်တို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အလှူရှင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(သတင်းစဉ်)

ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာရပ်နှီးနှောဖလှယ်မည်

ရန်ကုန် အောက်တိုဘာ ၂၇

ပထမအကြိမ် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို နိုဝင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန် အသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းနှီးနှောဖလှယ်ပွဲတွင် အကြော၊ အဆစ်ရောဂါနှင့် သက်ဆိုင်သော စာတမ်းကိုးစောင်ကို စာတမ်းဖတ်ပွဲ သုံးခုဖြစ်သည့် Symposium on Neuropathic Pain၊ Symposium on Perspectives of Osteoporosis နှင့် Symposium on Osteoarthritis Kneeတို့တွင် ဖတ်ကြားတင်သွင်းမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်တိုဘာ ၂၅ ရက်က သာကေတမြို့နယ် အမက(၆) မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန့်ဇင်က ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ညီညီအောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၂၅၈)

ကံ့ကော်ဝတ်ရည် စာပေ ၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က စီစဉ်တင်ဆက်သည့် ကျော်စွာထက်၏ သိပ္ပံဝတ္ထုတိုများစာအုပ်မျက်နှာဖုံး။(က–ပ)



ကုမ္ပဏီလမ်းညွှန် စီးပွားရေးပညာပို့ချမည်

ရန်ကုန် အောက်တိုဘာ ၂၇

ကုမ္ပဏီလမ်းညွှန်သုံးလသင်တန်းကို နိုဝင်ဘာ ၃ ရက်မှစတင်၍ ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)က သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတွင် ကုမ္ပဏီစီးပွားရေးလုပ်ငန်း တစ်ခုလုံးအား စနစ်တကျ စီမံခန့်ခွဲနိုင်စေမည့် ဘာသာရပ်များဖြစ်သော စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ဆက်သွယ် ဆောင်ရွက်ပုံ နည်းလမ်းများ၊ နိုင်ငံတကာနှင့် ကုန်သွယ်မှုစနစ်များ၊ သွင်းကုန်ထုတ်ကုန် လုပ်ထုံးလုပ်နည်းများ၊ စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း၊ ဈေးကွက်ထိုးဖောက်ခြင်း နည်းဗျူဟာများ၊ စီးပွားရေးလုပ်ငန်းများ အောင်မြင်မှု သော့ချက် ၁၀၀ စသည်တို့ကို အင်တာနက်မှ ထုတ်ယူရရှိသည့် အချက်အလက်များနှင့် ပေါင်းစပ်၍ သင်ကြားပေးမည်ဖြစ်ရာ အမှတ် ၂၇၆၊ ၃၉ လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ဖုန်း–၂၄၂၅၈၃ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က–ပ)

အောက်တိုဘာ ၉ရက်က တာမွေမြို့နယ် မလွကုန်းဌေးကြွယ်(က) ရပ်ကွက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးအား ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှခိုင်က ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းအသင်း(ရန်ကုန်)မဟာဘုံကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၂၇

စစ်ကိုင်းအသင်း(ရန်ကုန်)၏(၁၉)ကြိမ်မြောက်မဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲကို နိုဝင်ဘာ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခမ်းမှာရုံကြီး၌ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများကို နိုဝင်ဘာ ၁ ရက်(စနေနေ့) ညနေ ၄ နာရီတွင် အဆိုပါခမ်းမှာရုံကြီးသို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လေးကျွန်းဆီမီးစေတီတော်အားဖူးမြော်ကြည်ညို နိုင်ငံတော်သြဝါဒါစရိယဆရာတော်အမှူးပြုသော ဆရာတော်ကြီးများအားပရိက္ခရာရှစ်ပါးဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြိတ်မြို့ စန္ဒဝတီကုန်းတော်၌ တည်ထားလျက်ရှိသော မဟာသိဒ္ဓိဇယစေတီတော်အတွက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များလှူဒါန်းသောအလှူငွေများလက်ခံစဉ်။(သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၂၇

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီတွင် မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် စေတီတော်အာရုံခံတန်ဆောင်း၌ မြိတ်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြပြီး မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စံကျောင်းဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား ပရိက္ခရာရှစ်ပါး ဆက်ကပ်လှူဒါန်းကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် လေးကျွန်းဆီမီးစေတီတော် သမုတ်သိမ်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် မြိတ်မြို့ စန္ဒဝတီကုန်းတော်၌ တည်ထားလျက်ရှိသည့်မဟာသိဒ္ဓိဇယစေတီတော်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးကြီး ဦးချစ်ပန်နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမြင့်တို့က စေတီတော်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လှူဒါန်းငွေရရှိမှုအခြေအနေများ၊ ဆောက်လုပ်ရေးပစ္စည်းရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များ မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မဟာသိဒ္ဓိဇယ စေတီတော် တည်ဆောက်ရေးလုပ်ငန်းများအတွက်အလှူငွေပေးအပ်ပွဲအခမ်းအနားကိုကျင်းပရာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံ မြိတ်ခရိုင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအသင်းက အလှူငွေကျပ် သိန်း ၅၀၀၊ ထားဝယ်ခရိုင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအသင်းက အလှူငွေကျပ် သိန်း ၁၅၀၊ ကော့သောင်းခရိုင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအသင်းက အလှူငွေကျပ် ၇၃ သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည့်ဖြိုးထွန်းကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်လွင်က အလှူငွေကျပ် သိန်း ၅၀၊ အပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်း(တနင်္သာရီ)လီမိတက်မှ သုခမ္မမဏိဇောတဓရ ဦးမောင်လှက ငွေကျပ် သိန်း၅၀၊သီတာ ရေလုပ်ငန်းကုမ္ပဏီက ငွေကျပ်သိန်း ၂၀၊ ထူးထူးတိုး ကုမ္ပဏီက ငွေကျပ်သိန်း ၂၀၊ ဦးစိုးဝင်း–ဒေါ်ကြင်ဟုန်(အမြန်ယာဉ်–၉)က ငွေကျပ် ၁၅ သိန်း၊ ကျောက်ကာကျေးရွာမှ ဦးမောင်လှ–ဒေါ်ရှုလိုင် မိသားစုက ငွေကျပ် ၁၅ သိန်း၊ မြိတ်မြို့ ဆန်ကုန်သည်များအသင်းက ငွေကျပ် ၁၀သိန်း၊ အဆောင်ကောင်း ရေလုပ်ငန်းကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ ဦးအော်–ဒေါ်မေမေသန်းတို့က ငွေကျပ်၁၀သိန်း၊ ဦးလှဝင်း–ဒေါ်ချိုချိုမိသားစုက ငွေကျပ် ၁၀ သိန်း၊ ယုဇနဆီအုန်းကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ တောင်ဒဂုန်ဆီအုန်းကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ပိုကောင်း ဆီအုန်းကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊အဏ္ဏဝါစိုးကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ရွှေသံလွင်ကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ အက်စ်အိုင်ကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ အဏ္ဏဝါစိုးမိုးကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ မြန်နိုင်မြင့်ကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ အေးရှားဝေါလ်ကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ မိုးသောက်ပန်းစတိုးကငွေကျပ်နှစ်သိန်း၊ ဦးကျားမောင်–ဒေါ်မြမြမိသားစုက ငွေကျပ် သိန်း ၂၀၊ တက်နေဆီအုန်းကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ရွှေခမောက် ဆီအုန်းကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ အောင်ဇင်မာ ဆီအုန်းကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ Looking Forward ကုမ္ပဏီက ငွေကျပ် ၁၀ သိန်း စုစုပေါင်းအလှူ ငွေကျပ်သိန်း ၁၀၈၀ ကို အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုတို့ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မဟာသိဒ္ဓိဇယစေတီတော်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ယနေ့ နံနက် ၈ နာရီတွင် ထားဝယ်မြို့ ဃောသိတာရာမပါဠိတက္ကသိုလ် ကျောင်းတိုက်၌ နိုင်ငံတော် သြဝါဒါစရိယ ဇေယျဝတီကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသ၊ ဃောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာလာဘိဝံသ၊ တနင်္သာရီတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသတို့ အမှူးပြုသော ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ ဇေယျဝတီကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နိုင်ငံတော်သြဝါဒါစရိယဇေယျဝတီကျောင်းတိုက် ဆရာတော်ကြီးအားပရိက္ခရာရှစ်ပါးဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား ပရိက္ခရာရှစ်ပါး ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြိတ်မြို့ စန္ဒဝတီကုန်းတော်၌ တည်ထားလျက်ရှိသော မဟာသိဒ္ဓိဇယစေတီတော်အတွက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များလှူဒါန်းသောအလှူငွေများကို လက်ခံစဉ်။(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြိတ်မြို့ စန္ဒဝတီကုန်းတော်၌ တည်ထားလျက်ရှိသော မဟာသိဒ္ဓိဇယစေတီတော်အတွက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များလှူဒါန်းသော အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

အထွေထွေဘဏ်လုပ်ငန်း သင်တန်းဖွင့်ပွဲကျင်းပ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၂၇

ဘဏ်များကြီးကြပ်ရေးကော်မတီ၏ အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) သင်တန်းအမှတ်စဉ်(၂)ဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံဘဏ်များအသင်း နာယက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ်များကြီးကြပ်ရေးကော်မတီဝင်များ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ သင်တန်း ဆရာ ဆရာမများနှင့်သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီး လှသိန်းဆွေက အမှာစကားပြောကြားသည်။

ယင်းသင်တန်းကို ဒီဇင်ဘာ ၂၆ ရက်အထိ နှစ်လကြာ သင်ကြားပို့ချမည် ဖြစ်သည်။ သင်တန်းတွင် ဘဏ်လုပ်ငန်းကဏ္ဍမှသာမက စာရင်းစစ်ချုပ်ရုံး၊တရားရုံးချုပ်၊ စီးပွားရေးတက္ကသိုလ်နှင့် သမဝါယမ ဒီဂရီကောလိပ်တို့မှ ဆရာများက သင်ကြားပို့ချကြမည်ဖြစ်ပြီး နိုင်ငံပိုင်ဘဏ်၊ ပုဂ္ဂလိကဘဏ်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ သင်တန်းသား ၆၀ တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အီရတ်ရှိ အမေရိကန်ဒုတိယကာကွယ်ရေးဝန်ကြီး တည်းခိုရာဟိုတယ် အီရတ်တို့က ဒုံးကျည်ဖြင့် ရှစ်ချက်ပစ်ခတ်တိုက်ခိုက်

ဘဂ္ဂဒက် အောက်တိုဘာ ၂၆

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ရှိ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် အမေရိကန်အရာရှိများ အများအပြားတည်းခိုနေထိုင်ရာ အထပ်၁၅ထပ်ရှိ အယ်ရာရှစ်ဟိုတယ်ကို ယနေ့မနက်ပိုင်း၌ အမည်မသိလက်နက်ကိုင်များက ဒုံးကျည်ခြောက်ချက်မှရှစ်ချက်အထိ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဟိုတယ်အဆောက်အအုံ၏ သုံးလွှာနှင့် ၁၁လွှာတို့ကို ထိမှန်ခဲ့ကြောင်းနှင့် အဆောက်အအုံ ၁၂လွှာ၌ အမေရိကန်ဒုတိယကာကွယ်ရေးဝန်ကြီး ပေါလ်ဗိုလ်ဖိုဝစ်ဇ်သည် အီရတ်နိုင်ငံသို့ သုံးရက်ကြာခရီးအဖြစ် ရောက်ရှိနေပြီး တည်းခိုနေထိုင်လျက်ရှိကြောင်းသိရှိရသည်။

အဆိုပါဒုံးကျည်နှင့် ပစ်ခတ်တိုက်ခိုက်ချိန်၌ အမေရိကန်ဒုတိယကာကွယ်ရေးဝန်ကြီးသည် ဟိုတယ်အတွင်း၌ ရှိနေသော်လည်း ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။ တိုက်ခိုက်မှုကြောင့် အနည်းဆုံးလူ ၁၀ဦးမှ ၂၀အထိဒဏ်ရာရရှိခဲ့ပြီး အမေရိကန် တစ်ဦးသေဆုံးသွားသည်။

ဒဏ်ရာရရှိသူများထဲ၌ အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦးလည်း ပါဝင်ကြောင်း၊ မျက်မြင်သက်သေများ၏ ပြောကြားချက်အရ တိုက်ခိုက်မှု မဖြစ်ပွားခင်က ဒုံးကျည်ပစ်စင်များ တပ်ဆင်ထားသည့် နောက်တွဲမော်တော်ယာဉ် တစ်စီးသည် ဟိုတယ်ဘက်ကို ဦးတည်မောင်းနှင်သွားသည်ကို တွေ့မြင်ခဲ့ကြကြောင်း ပြောကြားခဲ့ကြပြီး ယခုတိုက်ခိုက်မှုသည်အီရတ်တွင်ခေတ္တရောက်ရှိနေသော အမေရိကန်ဒုတိယကာကွယ်ရေးဝန်ကြီးပေါလ်ဗိုလ်ဖိုဝစ်ဇ်ကို ဦးတည် တိုက်ခိုက်ခြင်း ဖြစ်ဖွယ်ရှိကြောင်း ပြောကြားသည်။

(စီအင်န်အင်န်)

စောင့်ကြပ်

အောက်တိုဘာ ၂၆ရက် နံနက်က ဘဂ္ဂဒက်ရှိ ဒုံးကျည်ထိမှန်ခဲ့သော အယ်ရာရှစ်ဟိုတယ် ဝန်းကျင်တွင် အမေရိကန်စစ်ယာဉ်တစ်စီး ပေါ်မှ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး လုံခြုံရေးစောင့်ကြပ်နေသည်ကို တွေ့ရစဉ်။ (အဆိုပါဟိုတယ်တွင် အမေရိကန်ကာကွယ်ရေး ဒုတိယဝန်ကြီး တည်းခိုနေထိုင်လျက်ရှိသဖြင့် အီရတ်တို့က ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

အယ်ရာရှစ်ဟိုတယ် ဒုံးကျည်ထိမှန် အမေရိကန် ဗိုလ်မှူးကြီးတစ်ဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၆

အမေရိကန်တို့ကြီးစိုးနေသည့် ဘဂ္ဂဒက်မြို့လယ်ရှိအယ်ရာရှစ်ဟိုတယ်ကို တနင်္ဂနွေနေ့က ဒုံးကျည်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့သည်။ ထိုဟိုတယ်သည် အမေရိကန်အရာရှိများ နေထိုင်ရာဟိုတယ်ဖြစ်ပြီး ဧည့်သည်အမေရိကန်ဒုတိယကာကွယ်ရေးဝန်ကြီး ပေါလ်ဗိုလ်ဖိုဝစ်ဇ်လည်း တည်းခိုနေသည်။

ဖြစ်စဉ်တွင် အမေရိကန်ဗိုလ်မှူးကြီးတစ်ဦး သေဆုံးသွားပြီး၁၅ဦးဒဏ်ရာရရှိသွားသည်။

တိုက်ခိုက်မှုမှာ နံနက်စောစော ၆ နာရီ ၁၀မိနစ်အချိန်၌ ဖြစ်ပွားကြောင်းနှင့် အမေရိကန်အရာရှိအများအပြား ဟိုတယ်မှ ထွက်ပြေးလွတ်မြောက်သွားကြောင်း သတင်းရရှိသည်။

ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဟိုတယ်တွင် ကျည်ဆန်ရာခြောက်ပေါက်ထက်မနည်းတွေ့ရပြီး အခန်းနှစ်ခန်းမှ ပြတင်းပေါက်များ၊ အဆောက်အအုံမျက်နှာကွန်ကရစ်နံရံများ ပျက်စီးသွားကြောင်း သိရသည်။ သေဆုံးသွားသည့် အမေရိကန်ဗိုလ်မှူးကြီး အမည်ကိုမူ မသိရသေးဘဲ ရှိနေသည်။

(အင်တာနက်)

ဟက်ဘာနီယာအနီး အရပ်ဘက်ကန်ထရိုက်လုပ်ငန်းရှင်များတိုက်ခိုက်ခံရ လမ်းဘေးဗုံးပေါက်ကွဲပြီးနောက် ဒုံးပစ်လောင်ချာများဖြင့်တိုက်ခိုက်ခဲ့

ဘဂ္ဂဒက် အောက်တိုဘာ ၂၅

ဆွန်နီမြို့တြိဂံဒေသတွင်ရှိသော ဘဂ္ဂဒက်မြို့မှ အနောက်ဘက် မိုင် ၅၀၌ရှိသည့် ဟက်ဘာနီယာအနီးတွင် အရပ်ဘက် ကန်ထရိုက်လုပ်ငန်းရှင်များ စနေနေ့ နေ့လယ်ပိုင်းက တိုက်ခိုက်ခြင်းခံရကြောင်း အမေရိကန်စစ်ဘက်က ပြောဆိုသည်။

မော်တော်ယာဉ်သုံးစီးသည် လမ်းဘေး ဗုံးတစ်လုံး ပေါက်ကွဲထိမှန်ခံရပြီးနောက်ဒုံးပစ်လောင်ချာများ၊ လက်နက် ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း ခံခဲ့ရသည်ဟု စစ်ဘက်ပြောခွင့်ရှိသူက ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်ခြင်းခံရသူများ မည်သည့် နိုင်ငံသားများ ဖြစ်သည်ဆိုခြင်းနှင့် ပတ်သက်၍မူ ပြောရေးဆိုခွင့်ရှိသူက တစ်စုံတစ်ရာ သတင်းဖော်ပြခြင်း မရှိပေ။

မော်တော်ယာဉ်များမှာ ဗြိတိသျှကုမ္ပဏီပိုင် ဥရောပ မိုင်းရှင်းကုမ္ပဏီပိုင်ကားများဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ယင်းတိုက်ခိုက်မှု၌ ဒဏ်ရာရရှိခဲ့သူကုမ္ပဏီ၏ အမေရိကန်အလုပ်သမားတစ်ဦးနှင့် အီရတ်လုံခြုံရေး အစောင့်တို့က ၎င်းတို့၏ ကားများကို အမေရိကန် တပ်များက ပစ်ခတ်တိုက်ခိုက်ကြောင်း ပြောဆိုကြသည်ဟု အေပီက ကိုးကား ရေးသားသည်။

အမေရိကန်စစ်ဘက်ပြောခွင့်ရှိသူက မော်တော်ကားယာဉ်တန်းကို အမေရိကန်တပ်များက တိုက်ခိုက်သည်ဆိုခြင်းမှာ မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။

စီဘီအက်စ်ဓာတ်ပုံသတင်းထောက်နှစ်ဦးနှင့် ဗြိတိသျှအမျိုးသမီးတစ်ဦး သေဆုံးပြီး အီရတ်သုံးဦးလည်း သေဆုံးကြောင်း၊ သုံးဦးဒဏ်ရာရကြောင်း ပြောဆိုသည်။

(အင်တာနက်)

လုံခြုံရေး စောင့်ကြပ်

ဘဂ္ဂဒက်မြို့၌ လမ်းဘေး ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာအမေရိကန် တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိပြီး အီရတ် အရပ်သား သုံးဦးသေဆုံးခဲ့ရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၂၅ရက်က လုံခြုံရေး စောင့်ကြပ်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး အရှိန်မြှင့်ဆောင်ရွက် အီရတ်နိုင်ငံရှိအမေရိကန်တပ်များအမြန်ဆုံးပြန်ခေါ်

ဝါရှင်တန် အောက်တိုဘာ ၂၇

အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်သည့်တပ်များအား ခုခံသည့် တိုက်ပွဲများတိုး၍တိုး၍ ဖြစ်ပွားနေချိန်တွင် အီရတ်နိုင်ငံ၌ တာဝန်ထမ်းဆောင်နေကြသည့် အမေရိကန်အရပ်ဘက်နှင့် စစ်ဘက်အရာရှိများက အီရတ်နိုင်ငံအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြန်ပေးရေးကိစ္စကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်နှင့် အီရတ်နိုင်ငံရှိ အမေရိကန်တပ်များအားအမြန်ဆုံးပြန်ခေါ်ရန် ဆွေးနွေးညှိနှိုင်းရေးအတွက် ဝါရှင်တန်မြို့သို့ ပြန်လည်ရောက်ရှိနေကြသည်ဟု အရာရှိများက သောကြာနေ့တွင်ပြောသည်။

အမေရိကန်တို့ဖွဲ့စည်းပေးထားသော အီရတ်ပူးပေါင်းယာယီအာဏာပိုင်အဖွဲ့အကြီးအကဲ ပေါလ်ဘရီမာနှင့် အီရတ်နိုင်ငံရှိ အမေရိကန်စစ်ဌာနချုပ်အကြီးအကဲ ဗိုလ်ချုပ်ကြီးဂျွန်အဆီဇက်တို့သည် ယခုသီတင်းပတ်အတွင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်အပါအဝင် အခြားသော အဆင့်မြင့်အရာရှိများနှင့်တွေ့ဆုံ ဆွေးနွေးကြမည်ဖြစ်ကြောင်းဖြင့်လည်း အဆိုပါအရာရှိများကပြောသည်။ အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် ယခင်ကရက်သတ္တတစ်ပတ်လျှင် ပျမ်းမျှ ၂၀ ခန့်သာ သေကျေဒဏ်ရာရမှုများရှိခဲ့ရာမှ ယခုအခါ တစ်နေ့လျှင်ပျမ်းမျှ ၂၅ ဦးမှ ၂၆ ဦးအထိ သေကျေဒဏ်ရာရရှိနေကြကြောင်း၊ ထိုအခြေအနေမျိုးတွင် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်လာရကြောင်း သိရသည်။

(အင်တာနက်)

အမေရိကန်ဦးဆောင်တပ်များကို သိမ်းပိုက်သူများအဖြစ် အီရတ်အများစုသဘောထား

ဘဂ္ဂဒက် အောက်တိုဘာ ၂၆

အီရတ်လူမျိုးအများစုသည် ၎င်းတို့၏ အီရတ်နိုင်ငံ၌ ရောက်ရှိနေသော အမေရိကန်ဦးဆောင်တပ်များကို လွတ်မြောက်စေသူများအဖြစ်ထက် ကျူးကျော်သိမ်းပိုက်သူများ အဖြစ် သဘောထား မှတ်ယူကြကြောင်း လူထုသဘောထား ကောက်ယူချက်အရသိရသည်။

ထို့ပြင်အီရတ်၏ သုတေသနနှင့် မဟာဗျူဟာလေ့လာမှုများဌာနက ကောက်ယူခဲ့သော လူထုသဘောထား ကောက်ယူချက်၌ အမေရိကန်တပ်များသို့မဟုတ် ပြည်တွင်းရဲအဖွဲ့ရှိနေမှုကြောင့် လုံခြုံမှုရှိကြောင်း ခံစားသိရှိကြသည့် အီရတ်လူမျိုး အချိုးအစားမှာ အနည်းငယ်မျှသာရှိကြောင်းလည်း ဖော်ပြထားသည်။

လူထုသဘောထား ကောက်ယူချက်ကို ကြာသပတေးနေ့က ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အီရတ်လူမျိုး ၆၇ရာခိုင်နှုန်းက အမေရိကန်ဦးဆောင်တပ်များကို ကျူးကျော်သိမ်းပိုက်သူများအဖြစ် မြင်ကြသည်။ ယင်းကိန်းဂဏန်းသည် ဆက်ဒမ်ဟူစိန်ကိုဖယ်ရှားသည့် စစ်ပွဲပြီးဆုံးပြီးနောက် မကြာမီ၌ ပြုလုပ်ခဲ့သော လူထုသဘောထား ကောက်ယူမှု ၄၆ရာခိုင်နှုန်းမှမြင့်တက်ခဲ့ခြင်းဖြစ်သည်။

၁၅ ရာခိုင်နှုန်းကသာ ပူးပေါင်းတပ်များကို လွတ်မြောက်စေသည့်တပ်များအဖြစ်မြင်ကြရာ လွန်ခဲ့သည့် ခြောက်လကရှိခဲ့သော ၄၃ ရာခိုင်နှုန်းမှ ကျဆင်းသွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

လူကြီး၊ လူငယ်၊ စစ်မှုထမ်းဟောင်းနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဆွေမျိုးများ ဝါရှင်တန်၌ စုဝေးဆန္ဒပြရာတွင် ဘုရှ်နှင့် ၎င်း၏အီရတ်မူဝါဒကို ပစ်ပစ်ခါခါဝေဖန် ဆန္ဒပြအဘွားအိုများ အုပ်စုက ဘုရှ်ဆန့်ကျင်ရေးသီချင်းများ သီဆိုဆန္ဒပြ

ဝါရှင်တန် အောက်တိုဘာ ၂၆

သစ္စာဖောက်ဘုရှ်ဟု သံပြိုင်ဟစ်ကြွေးရှုတ်ဆိုကြရန် ထောင်ပေါင်းများစွာသော စစ်ဆန့်ကျင်ဆန္ဒပြသမားများသည် ဝါရှင်တန်၌ စနေနေ့က စုဝေးခဲ့ကြပြီး ဘုရှ်နှင့် သူ၏ အီရတ်ဆိုင်ရာ မူဝါဒကို ပစ်ပစ်ခါခါ ဝေဖန်ထားသည့် စာတမ်းကို ဖတ်ကြားဟောပြောခဲ့ကြသည်။

လူတစ်ဦးကဆိုလျှင် ဒီအစိုးရသည် ကျွန်တော့်ကို ကိုယ်စားမပြုပါဆိုသော စာကို စက္ကူဖြူပေါ်၌ စာလုံးမည်းဖြင့် ရေးလျက် ဆန္ဒပြခဲ့သည်။ ဒီမိုကရက်တစ်သမ္မတလောင်း အယ်လ်ရှပ်တွန်ကလည်း ဘုရှ်ကို ဒေါ်လာ ၈၇ ဘီလီယံမပေးပါနဲ့၊ သူ့ကို ၈၇ ဆင့်မပေးပါနဲ့၊ မိမိတို့တပ်ဖွဲ့ဝင်များအိမ်ပြန်ပါရစေဟု ကောင်းချီးသြဘာပေးနေသော လူအုပ်ကြီးကို ပြောဆိုခဲ့သည်။

စာအုပ်ဆိုင်ပိုင်ရှင် ဘီလ်နီလ်ဆင်ဆိုသူ ဆန္ဒပြသူကလည်း မိမိတို့ပြောသောစကားကို ကြားဖို့အရေးကြီးကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့တပ်ဖွဲ့ဝင်များကို အိမ်ပြန်ရောက်စေလို၍ ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဆန္ဒပြသူများတွင် လူငယ်များ၊ လူကြီးများ၊ စစ်မှုထမ်းဟောင်းများ၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ ဆွေမျိုးသားချင်းများ ပါဝင်ကြသည်။ ဆန္ဒပြပွဲ၌ ပါဝင်သော အဘွားအိုများအုပ်စုသည် ထိုဆန္ဒပြပွဲ၌ ဘုရှ်ဆန့်ကျင်ရေးသီချင်းများကို သီဆိုခဲ့ကြသည်။ ဆန္ဒပြသူဦးရေတစ်သိန်းခန့်ရှိမည်ဟု လူထုဆန္ဒပြပွဲစီစဉ်သူများက ခန့်မှန်းသည်။ ဆန္ဒပြသူများဆော့ယမ်းသည့် စာတန်းများတွင် **အလုပ်အကိုင်ဖန်တီးပေးပါ၊ စစ်ကိုမဖန်တီးပါနှင့်၊ ဘုရှ် လူညာ**ဟူ၍ ရေးသားထားကြသည်ကို တွေ့ရသည်။ စစ်ဆန့်ကျင်ဆန္ဒပြရန် အမေရိကန်ပြည်ထောင်စုရှိ မြို့ကြီး ၁၄၅ မြို့မှ ဆန္ဒပြသူများသည် ဝါရှင်တန်မြို့တွင်းသို့ စနေနေ့က တဖွဲဖွဲရောက်ရှိလာကြသည်။ **(အင်တာနက်)**

အောက်တိုဘာ၂၅ရက်က ဝါရှင်တန်မြို့၌ ထောင်ပေါင်းများစွာသော စစ်ဆန့်ကျင်ဆန္ဒပြသူများက အီရတ်ဆိုင်ရာ အမေရိကန်၏ မူဝါဒကို ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေကြစဉ်။

ယင်းဆန္ဒပြမှုသည် အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်က အီရတ်၌ အဓိက စစ်ပွဲကြီးပြီးဆုံးကြောင်း ကြေညာပြီးနောက် အကြီးမားဆုံး ဆန္ဒပြမှုကြီး ဖြစ်သည်။ (ဓာတ်ပုံ-အင်တာနက်)

အောက်တိုဘာ ၂၅ ရက်က တူရကီနိုင်ငံအစ္စတန်ဘူလ်မြို့၌ စစ်ဆန့်ကျင်သူများက ကျူးကျော်သိမ်းပိုက်ရေးသမားများနှင့် မပူးပေါင်းကြနဲ့ ဟူသော ဆိုင်းဘုတ်ကို ကိုင်ဆောင်ကာ ဆန္ဒပြနေကြစဉ်။

မြန်မာ့အလင်း စစ်ဆန့်ကျင် မြင်ကွင်းများ

စစ်ဆန့်ကျင်

အောက်တိုဘာ ၂၅ ရက်က ဝါရှင်တန်မြို့ လမ်းများပေါ်တွင် အမေရိကန် ဗီယက်နမ်စစ်ပြန်များ ပါဝင်သောအဖွဲ့က အီရတ် စစ်ပွဲကို ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကျူးကျော်စစ်ကန့်ကွက်

အောက်တိုဘာ ၂၅ ရက်က ဆန်ဖရန်စစ္စကိုမြို့ မြို့တော်ခန်းမရှေ့၌ စစ်ဆန့်ကျင်သူ တစ်ဦး အီရတ်ကို အမေရိကန် ကျူးကျော်မှုအား ဆန့်ကျင် ကန့်ကွက်ရန် ရောက်ရှိလာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အောက်တိုဘာ ၂၅ ရက်က ဝါရှင်တန်မြို့၌ အီရတ်မှ တပ်များ ပြန်ရုပ်သိမ်း၊ ငွေသည် အလုပ်အကိုင်နှင့် ပညာရေးအတွက် ဖြစ်၊ စစ်ပွဲအတွက် မဟုတ် ဟူသော စာတန်းများ ကိုင်ဆောင်ကာ ဂျော့ဘုရှ် ဆင်နွှဲနေသော အီရတ်စစ်ပွဲကို ကန့်ကွက်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့တပ်များလွှတ်ရေးတွင် မည်သည့်အာရပ်နိုင်ငံမျှပါဝင်မည်မဟုတ်

နိုင်ငံစုံတပ်များနှင့်ပူးပေါင်းရန် တပ်များလွှတ်ရေး ဆီးရီးယားလက်မခံ

ဒမတ်စကတ် အောက်တိုဘာ ၂၆

စစ်ကြောင့် စိစိညက်ညက်ကျေနေသော အီရတ်နိုင်ငံတွင် နိုင်ငံစုံတပ်များနှင့်ပူးပေါင်းရန်အတွက် တပ်များစေလွှတ်ရေးကိစ္စကို ဆီးရီးယားနိုင်ငံက စနေနေ့၌ လက်မခံဘဲ ပယ်ချလိုက်သည်။

ဒမတ်စကတ်၌ လောလော ဆယ် ရောက်ရှိနေသော အီရတ်ကိုယ်စားလှယ်အဖွဲ့နှင့် အစည်းအဝေးလုပ်အပြီးတွင် ဆီးရီးယား ဒုတိယသမ္မတ အဗ္ဗဒယ်ဟာလင်မ်ခက်ဒ်ဒမ်က ထိုသို့မှတ်ချက်ပြု ပြောဆိုခြင်းဖြစ်သည်။

အီရတ်သို့ တပ်များလွှတ်ရေးကိစ္စတွင် မည်သည့်အာရပ်နိုင်ငံကမျှ ပါဝင်မည်မဟုတ်ကြောင်း၊ ထိုကိစ္စသည် မဖြစ်နိုင်သောကိစ္စဖြစ်ကြောင်း ငြိမ်းချမ်းရေးအတွက် အီရတ်သို့ တပ်များလွှတ်ရေး အမေရိကန်၏ တိုက်တွန်းတောင်းဆိုချက်ကို ရည်ညွှန်းလျက် ၎င်းက ပြောဆိုသည်။

အထူးသဖြင့် ပင်လယ်ကွေ့ ဒေသရှိ အာရပ်နိုင်ငံအချို့က အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် အထောက်အကူနှင့် နည်းပညာကျွမ်းကျင်မှုအကူအညီပေးရန် ကမ်းလှမ်းသော်လည်း အာရပ်နိုင်ငံအများက အီရတ်သို့တပ်များလွှတ်ရန် ကမ်းလှမ်းမထားပေ။

ခက်ဒ်ဒမ်က မိမိ အီရတ်ကိုယ်စားလှယ်အဖွဲ့နှင့် အီရတ်ရှိ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ကြောင်း၊ အီရတ်အားသိမ်းပိုက်ထားမှုကို အဆုံးသတ်ရန်နှင့်ကုလမသဂ္ဂ၏ ကြီးကြပ်မှုဖြင့် အီရတ်တို့အနေဖြင့် ၎င်းတို့၏ အနာဂတ်ကို ဆုံးဖြတ်ရန်လိုအပ်ကြောင်းကို နှစ်ဖက်စလုံးက ထုတ်ဖော်ပြောဆိုခဲ့ကြောင်း အလေးပေးပြောသွားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

အောက်တိုဘာ ၂၆ရက် နံနက်က ဘဂ္ဂဒက်မြို့ရှိ အယ်ရာရှစ်ဟိုတယ်အနီးရှိ နောက်တွဲယာဉ်တစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ဖယ်ရှားရွှေ့ပြောင်းရန် ဆောင်ရွက်နေစဉ်။

(အဆိုပါ နောက်တွဲယာဉ်မှ အယ်ရာရှစ်ဟိုတယ်ကို ဒုံးကျည်ဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ၌ လုံခြုံမှုကင်းမဲ့ပြီး ပုံမှန်အခြေအနေမရောက်သေး

အခြေခံလိုအပ်ချက်ဖြစ်သော ရေနှင့်ရိုက္ခာပြတ်လပ်နေ

ဘဂ္ဂဒက် အောက်တိုဘာ ၂၆

အီရတ်နိုင်ငံ၏ အခြေအနေများနှင့်ပတ်သက်ပြီး အမေရိကန်စာနယ်ဇင်းများက အဆိုးမြင်ဖော်ပြနေကြကြောင်း အမေရိကန်သမ္မတဘုရှ်က ပြောကြားနေသော်လည်း စစ်ပြီးအီရတ်နိုင်ငံသူနိုင်ငံသားများအနေဖြင့် ပုံမှန်အခြေအနေ မရောက်ရှိသေးသည်မှာ ဖြစ်ရပ်မှန်ပင်ဖြစ်သည်။

စစ်ပွဲပြီးဆုံးပြီးနောက် အီရတ်နိုင်ငံသားများ၏ အခြေခံလိုအပ်ချက်ဖြစ်သော ရိက္ခာနှင့်ရေ ပြတ်လပ်မှုများရှိနေပြီး ရေဖြန့်ဝေရေးစက်ရုံများနှင့် အညစ်အကြေးစွန့်ပစ်ရေးစက်ရုံများ မလည်ပတ်နိုင်သည့်အတွက် ကျန်းမာရေးကဏ္ဍများတွင် ကူးစက်ရောဂါများ ပြန့်ပွားလာမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။

ဆေးရုံများနှင့် ဆေးခန်းများ အားလုံးလိုလို ဗုံးဒဏ်ကြောင့် ပျက်စီးပြီး လုယက်ခြင်းများကြောင့်ဆေးဝါးချို့တဲ့ကာ ယာယီဆေးခန်းများသာ ဖွင့် လှစ်ကုသပေးခဲ့ရသည်။

လုံခြုံရေးအခြေအနေမှာလည်း တိုက်ခိုက်မှုများ၊ ဗုံးဖောက်ခွဲမှုများ၊ ဆန့်ကျင်ဆန္ဒပြမှုများကြောင့် မတည်မငြိမ်ဖြစ်နေရာ အီရတ်၌ နေထိုင်ရေးခက်ခဲပြီး အန္တရာယ်များသည့်ပတ်ဝန်းကျင်တွင် နေထိုင်နေရခြင်းဖြစ်သည်။

ဘဂ္ဂဒက်၌ မလုံခြုံသလို နယ်စပ်များတွင် ပို၍ပင်ဆိုးနေကြောင်း ဒေသခံများက ပြောကြားသည်။

လုံခြုံရေး အခြေအနေများကြောင့် ကုလသမဂ္ဂနှင့် အကူအညီပေးရေးအဖွဲ့အစည်းများ အီရတ်မှ ထွက်ခွာသွားခြင်းဖြစ်သည်။

အီရတ်နိုင်ငံ ပြန်လည် တည်ဆောက်ရေး အချိန်ကြာမြင့်မည်ဖြစ်ပြီး ငွေကြေးသန်းထောင်ပေါင်းများစွာ လိုအပ်မည်ဖြစ်ရာ အီရတ်တို့အနေဖြင့် မည်မျှသည်းခံ စောင့်ဆိုင်းနိုင်မလဲဆိုသည့်အတိုင်းအတာနှင့် ကမ္ဘာတစ်လွှား၌ အီရတ်တည်ဆောက်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာအာရုံစိုက်မှု မည်မျှရရှိနိုင်မည်ဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ **(စီအင်န်အင်န်)**

နိုင်ငံခြား သတင်းများ

အမေရိကန်စစ်ရဟတ်ယာဉ် မြေပြင်မှ ပစ်ခတ်ခံရပြီး ပေါက်ကွဲမီးလောင်ပျက်ကျ တပ်ဖွဲ့ဝင် ငါးဦးဒဏ်ရာရ

တီကရစ် အောက်တိုဘာ ၂၅

အီရတ်နိုင်ငံ တီကရစ်မြို့အနီး၌ အမေရိကန်စစ်ဘက် ရဟတ်ယာဉ်တစ်စင်း စနေနေ့ကပေါက်ကွဲမီးလောင်ပြီး ပျက်ကျသွားကြောင်း ထိုနေရာ၌ ရောက်ရှိနေသည့် ရိုက်တာသတင်းဓာတ်ပုံဆရာက ပြောကြားသည်။

ပျက်ကျ

ယင်းရဟတ်ယာဉ်သည်ကျယ်လောင်သော အသံကြီးထွက်ပေါ်ပြီးနောက် ဘဂ္ဂဒက်မြောက်ဘက် မိုင်၁၁၀အကွာရှိ တီကရစ်မြို့ အမေရိကန်အခြေစိုက်စခန်းအနီး ပျက်ကျသွားကြောင်း ၎င်းက သတင်းပို့သည်။

ဒဏ်ရာရ

တပ်ဖွဲ့ဝင်တစ်ဦးထက်မနည်း ဒဏ်ရာရကြောင်း ၎င်းကပြောဆိုသည်။ နောက်ထပ်ရရှိသောသတင်းအရ ယင်းရဟတ်ယာဉ်သည် အမေရိကန်တပ်ဖွဲ့၏ ဘလက်ခ်ဟော့ခ်အမျိုးအစား ရဟတ်ယာဉ်ဖြစ်ပြီး တီကရစ်အနီး၌ မြေပြင်မှပစ်ခတ်သဖြင့် ပျက်ကျသွားခြင်းဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်ဟု သိရသည်။

(အင်တာနက်)

အီရတ်၌အမေရိကန်တပ်ဖွဲ့ဝင်များ နေ့စဉ်အတိုက်ခံနေရ အပြင်ထွက်ရန်ပင်ကြောက်လန့်နေကြ

ဘဂ္ဂဒက် အောက်တိုဘာ ၂၆

အီရတ်စစ်ပွဲ၌ အဓိကကြိုးကိုင်သူတစ်ဦးဟု ယူဆခြင်းခံရသည့် အမေရိကန်ဒုတိယကာကွယ်ရေးဝန်ကြီး ပေါလ်ဝိုလ်ဖိုဝစ်ဇ်သည် အီရတ်နိုင်ငံ တီကရစ်မြို့သို့ ဒုတိယအကြိမ်ရောက်ရှိလျက်ရှိသည်။ ဝိုလ်ဖိုဝစ်ဇ်က အီရတ်နိုင်ငံတွင်း အခြေအနေများ ကောင်းမွန်ကြောင်းပြောကြားနေသော်လည်း ဝါရှင်တန်တွင် အီရတ်အခြေအနေအပေါ်သံသယများတိုးပွားလျက်ရှိသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်၏ မှတ်စုတွင်ပါရှိသည့် အီရတ်စစ်ပွဲ ရလဒ် အနိုင်အရှုံးအပေါ် မေးခွန်းထုတ်ထားခြင်းကို အမေရိကန်စာနယ်ဇင်းများက ဖော်ပြလျက်ရှိသည်။ အီရတ်၌ တပ်စွဲထားသော အမေရိကန် တပ်ဖွဲ့များမှာလည်း နေ့စဉ်လိုလို တိုက်ခိုက်ခံရမှုများကြောင့် အပြင်သို့ထွက်ရန်ပင် ကြောက်လန့်နေကြပြီး အိမ်သို့ပြန်လိုနေကြသည်။

စနေနေ့ကတိုက်ပွဲများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးခဲ့ရာ အီရတ်၌ အဓိကတိုက်ပွဲများပြီးဆုံးကြောင်း ကြေညာသည့်အချိန်ကစပြီး ယခု အချိန်အထိ သေဆုံးသူ ၁၀၈ဦးရှိသွားပြီဖြစ်သည်။ အီရတ်ရောက် အမေရိကန်တပ်မှူးများက ၎င်းတို့ အနေဖြင့် ကျူးကျော်မှုကိုခုခံသူများ၏ အပြင်းအထန် ဆန့်ကျင်တိုက်ခိုက်မှုနှင့် ရင်ဆိုင်နေရကြောင်း ဝန်ခံပြောကြားကြသည်။ **(စီအက်ဖ်အိုင်)**

လုပ်ငန်းဆောင်ရွက်မှုနည်းလမ်း ကုလသမဂ္ဂပြောင်းလဲသွားမည်

အီရတ်၌လုံခြုံရေးအစီအစဉ် အားနည်းဟု အစီရင်ခံစာ၌ ပြစ်တင်ပြောဆို

ကုလသမဂ္ဂ အောက်တိုဘာ ၂၅

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးချုပ် ဗုံးဖောက်ခွဲခံရမှုတွင် မလိုလားဖွယ်ရာ ထိခိုက်သေဆုံးမှုများဖြစ်ခဲ့ရခြင်းအတွက် လုံခြုံရေးဆောင်ရွက်ချက်ကို အပြစ်ဖို့သည့် အစီရင်ခံစာပေါ်ထွက်ခဲ့ပြီးနောက် ကုလသမဂ္ဂအဖွဲ့အစည်းသည် လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းကို ပြောင်းလဲသွားမည်ဖြစ်ကြောင်း အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားလိုက်သည်။

သို့ရာတွင် အီရတ်ဆိုင်ရာ မက်ဒရစ်အလှူရှင်များ ညီလာခံမှ ပြန်ရောက်လာပြီးနောက် ယမန်နေ့ညဉ့်၌ ကိုဖီအာနန်က မိန့်ခွန်းပြောကြားရာ၌ အစီရင်ခံစာကိုလေ့လာရန် မိမိ နောက်ထပ်အချိန်လိုကြောင်း ပြောဆိုခဲ့သည်။

ဖင်လန်သမ္မတဟောင်း မာတီအာတီဆရီ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကုလသမဂ္ဂကခန့်အပ်သည့် အကဲဖြတ်ခုံသမာဓိအဖွဲ့သည် ဗုဒ္ဓဟူးနေ့က အစီရင်ခံစာကိုထုတ်ပြန်ခဲ့ရာ၌ ကုလသမဂ္ဂသံတမန် ဆာဂျီယိုဗီယာရာဒီမဲလိုး အပါအဝင် လူ ၂၂ဦးသေဆုံးပြီး လူ ၁၅၀ကျော်ဒဏ်ရာရခဲ့သော ဩဂုတ် ၁၉ ရက်က ထရပ်ကားဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှုမတိုင်မီ၌ လုံခြုံရေးဆောင်ရွက်ထားရှိမှု အကြီးအကျယ် ညံ့ဖျင်းခဲ့ကြောင်း အပြစ်တင်ခဲ့သည်။ ထိုသို့ လုံခြုံရေးဆောင်ရွက်မှု အစီအစဉ်ညံ့ဖျင်းမှုသည် ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးအပြင်ဘက်၌ နောက်ထပ်ကားဗုံးတစ်လုံးထပ်မံပေါက်ကွဲခဲ့သည့် စက်တင်ဘာ ၂၂ ရက်ထိ ရှိမြဲရှိခဲ့သည်။ ထိုသို့ နောက်ထပ်ကားဗုံးပေါက်ကွဲမှုကြောင့် တိုက်ခိုက်သူအပြင် အီရတ်ရဲတစ်ဦးသေပြီး ၁၉ ဦး ဒဏ်ရာရခဲ့သည်။

အီရတ်လုံခြုံရေးတွင် တာဝန်ရှိသော အမေရိကန်ဦးဆောင်သည့် ပူးပေါင်းတပ်များ၏ အကာအကွယ်ကို ရှောင်ဖယ်ခဲ့ခြင်းနှင့် ဗုံးဖောက်ခွဲတိုက်ခိုက်မည်ဆိုသော ယုံကြည်လောက်သည့်သတင်းကို အရေးမစိုက်ခဲ့ခြင်းတို့အတွက် ကုလသမဂ္ဂကို အကဲဖြတ်ခုံအဖွဲ့က ပြစ်တင်ရှုတ်ချခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂသည် ကိုယ်ပိုင်လုံခြုံရေး စည်းကမ်းချက်များကို ချိုးဖောက်ခဲ့ကြောင်းလည်း စွပ်စွဲပြောဆိုခဲ့သည်။

(အင်တာနက်)

နယ်စပ်မှတ်တမ်း (ကယားဒေသ)

မြင့်စိုး (နတလ)

ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ

ကယားဒေသအတွင်း၌ ငြိမ်းချမ်းရေး တည်ဆောက်မှု ဖြစ်စဉ်များသည်လည်းကောင်း၊ ယင်းကာလမတိုင်မီလက်နက်ကိုင်အဖွဲ့အစည်းများ၏ ရပ်တည်မှု အသွင်သဏ္ဌာန်သည်လည်းကောင်း အခြားဒေသများထက် အနည်းငယ် ထူးခြားနေသည်ဟု ကျွန်တော် ထင်မြင်မိသည်။ ၁၉၈၉ခုနှစ်အတွင်းမှာပင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကချင်ပြည်နယ်တို့၌ ဒေသတော်တော်များများ ငြိမ်းချမ်းခဲ့သည်။ သို့သော် ကယားဒေသက တုတ်တုတ်မျှ မလှုပ်သေး။

ဆက်လက်၍ ၁၉၉၁ခုနှစ်တွင် ပလောင်ဒေသနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ နယ်မြေချင်းဆက်စပ်နေသော ပအိုဝ်းဒေသတို့က ငြိမ်းချမ်းရေး တည်ဆောက်ကြပြန်သည်။ ကယားကတော့ ငြိမ်သက်မြဲပင်။ ငြိမ်သက်နေလင့်ကစား သူတို့သည် ယုံကြည်ချက်၊ ခံယူချက် တူညီစွာ၊ ဝါဒရေးရာ တူညီစွာ၊ ရပ်တည်မှု အသွင်သဏ္ဌာန်တူညီစွာ တပေါင်းတစည်းတည်း ရှိနေကြသည် မဟုတ်။ ပဲခူးရိုးမ ပြန်လည်အသက်သွင်းရေး အစီအစဉ်အရ ကယန်းပြည်သစ်ပါတီ လှုပ်ရှားရာနယ်မြေ များကို မျက်စိကျခဲ့သော ဗကပသည် ၁၉၇၅-၇၆ခုနှစ်မှစ၍ ဝင်ရောက်ထိုးဖောက် စည်းရုံးခဲ့သည်။ အလားတူ ကလလတ အဖွဲ့ကိုလည်း ဗကပအလယ်ပိုင်းဇုံရှိအနေဖြင့် ၁၉၇၇-၇၈ခုနှစ်များအတွင်း ထိုးဖောက်စည်းရုံးထားခဲ့သည်။ တသီးတခြား ကိုယ့်ဟာကိုယ် ရပ်တည်နေသောအဖွဲ့လည်း ရှိနေ၏။

တပ်နှင့်တွေ့လျှင် တိုက်သကဲ့သို့၊ ကိုယ့်အချင်းချင်းလည်း တွယ်နေကြသည်။ ထိုစဉ်က လွိုင်ကော်မြို့အနီး တစ်ဝိုက်၌ပင် တပ်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများသည် ရှေ့က သွား၊ နောက်ကလိုက် ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ အနေအထားမျိုး ရှိနေခဲ့ကြသည်။

ငြိမ်းချမ်းရေးခေါင်းလောင်းသံ

၁၉၉၂ခုနှစ်တွင် ကယားဒေသ၌ KNGအဖွဲ့ငြိမ်းချမ်းရေးရယူခဲ့သော်လည်း ကလလတ၊ ကယန်းပြည်သစ်ပါတီ၊ KNPP အဖွဲ့များ ကျန်ရှိနေသည်။ စင်စစ် သူတို့သည် ငြိမ်းချမ်းရေးကို မမက်မော၍ မဟုတ်၊ ကိုယ်စီကိုယ်င အဖွဲ့လိုက် လေ့လာစောင့်ကြည့်နေကြသည်။ နှစ်ပေါင်း ၄၀ကျော် ကာလအတွင်း ထုနှင့်ထည်နှင့်ဖြစ်တည်နေသော သံသယစိတ်များကို ချေဖျက်ဖို့ရာ သူတို့အတွက် အချိန်လိုသည်။

နိုင်ငံတော်၏အမျိုးသားရေးမူဝါဒများကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသများအပေါ် ထားရှိသော စေတနာကိုလည်းကောင်း၊ ငြိမ်းချမ်းရေး အကျိုးဆက်များကိုလည်းကောင်း ဘက်ပေါင်းစုံမှ ချိန်ထိုးတွက်ဆနေကြမည်သာ။ လေ့လာစောင့်ကြည့်သုံးသပ်နေကြမည်သာ။ ထိုသို့ချိန်ဆနေမှုများ၊ လေ့လာစောင့်ကြည့်နေမှုများသည် ၁၉၉၃ခုနှစ် နိုဝင်ဘာလ၁၇ရက်နေ့၌ အဆုံးသတ်ခဲ့သည်။ အကြောင်းမှာ ကယားဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများ၊ လက်နက်ကိုင်အဖွဲ့အစည်းများသည်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းလှုပ်ခတ်သွားသော ငြိမ်းချမ်းရေး ခေါင်းလောင်းသံအား ရှင်းလင်းပြတ်သားစွာကြားခဲ့ကြရ၍ဖြစ်၏။

ထိုနေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) (ယခု နိုင်ငံတော်ဝန်ကြီးချုပ်) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ အထူးကိစ္စတစ်ရပ်အနေဖြင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လွိုင်ကော်၊ ဖရူဆို၊ ဒီမောဆိုမြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားရာ၌ ငြိမ်းချမ်းရေးကို ဖော်ဆောင်သည့် အောက်ပါအချက်များအား အလေးထား မိန့်ကြားခဲ့သည်။

- **မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ တစ်ဆက်တစ်တွဲတည်း ပေါ်ပေါက်လာသည့် ပြည်တွင်းသောင်းကျန်းမှုများကြောင့် ဒေသများ အေးချမ်းတည်ငြိမ်မှုမရှိသဖြင့် တိုင်းပြည်သည် တိုးတက်ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ကြောင်း။ ခေတ်မီဖွံ့ဖြိုးနေသော နိုင်ငံများကို လေ့လာကြည့်လျှင် ထိုနိုင်ငံများ၌ ပြည်တွင်းသောင်းကျန်းမှု လုံးဝမရှိကြောင်း။**
- **မြန်မာနိုင်ငံ လက်နက်ကိုင်ဆူပူသောင်းကျန်းမှုအဖွဲ့အစည်းများသည် တောတွင်း၌ နှစ်ပေါင်း ၄၀ကျော်နေကြပြီး နိုင်ငံတော်အစိုးရကို ဆန့်ကျင်ခဲ့ကြကြောင်း။ နှစ်ပေါင်း ၄၀ကျော် ကြာသော်လည်း ယင်းတို့အတွက် အကျိုးအမြတ်ရှိမရှိ၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု ရှိမရှိ ပြန်လည်စဉ်းစားကြစေလိုကြောင်း။**
- **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများသည် တိုင်းရင်းသားညီအစ်ကိုများအတွက် အေးအတူပူအမျှ မျှမျှတတဖြစ်စေရန်နှင့် ပြည်နယ်/ပြည်မ မခွဲခြားဘဲ စီးပွားရေး၊ လူမှုရေး ကွာဟမှု နည်းပါးစေရေးအတွက် ရည်မှန်းဆောင်ရွက် အကောင်အထည် ဖော်နေခြင်းဖြစ်ကြောင်း။**
- **နိုင်ငံတော်အစိုးရက ကယားပြည်နယ်ကြီး ဖွံ့ဖြိုးတိုးတက်စေရေး အစွမ်းကုန် ဆောင်ရွက်ပေးနိုင်ရန် တောတွင်းရောက်နေသည့်လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ဥပဒေဘောင်အတွင်း အမြန်ဆုံးပြန်လည် ဝင်ရောက်လာရေး ဒေသခံတိုင်းရင်းသားပြည်သူများက ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။ တောတွင်း လက်နက်ကိုင်အဖွဲ့များကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်ကြပြီး နိုင်ငံတော်အစိုးရနှင့် တွေ့ဆုံညှိနှိုင်းရန် ဖိတ်ခေါ်ပါကြောင်း။ မိမိတို့ ယခုလို ဖိတ်ခေါ်နေခြင်းမှာ နိုင်ငံတော်အစိုးရကိုယ်စား တရားဝင် ပြောကြားနေခြင်းဖြစ်ကြောင်း။**

ငြိမ်းချမ်းရေးပုရိပ်များ

ငြိမ်နေတော့လည်းအတူတူ၊ ငြိမ်းချမ်းရေးတံခါးဝသို့ ခြေလှမ်းပြင်မယ့် ပြင်တော့လည်း ပြိုင်တူဖြစ်နေကြသည်။ ကလလတ၊ ကယန်းပြည်သစ်ပါတီ၊ KNPP တို့၏ ငြိမ်းချမ်းရေးခရီးအစ အချိန်ကာလသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ မကွာခြားလှ။ သို့သော် ဆန့်ကျင်ဘက် အခြေအနေမှ ယုံကြည်မှုကို စတင်တည်ဆောက်ရမည့် အနေအထားမျိုးဖြစ်၍ စိုးရိမ်ပူပန်ကြောင့်ကြစိတ်များ ကိုယ်စီရှိနေကြမည်မှာ မလွဲပေ။

၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ၉ရက်နေ့တွင် တပ်မတော်ထောက်လှမ်းရေးမှ တာဝန်ရှိသူများနှင့် ကလလတအဖွဲ့တို့ မဲ့စဲတွင် တွေ့ဆုံခဲ့ကြသည်။ မဲ့စဲတွင် မိမိတပ်မတော်စစ်ကြောင်းများ၊ ကလလတတပ်ဖွဲ့ဝင်များ ကြိုတင်ရောက်ရှိနေသည်။ အင်အားကလည်း နှစ်ဖက်ဆတူ ရာနှင့်ချီ၍ ရှိနေကြ၏။ လွိုင်ကော်မှ ထွက်ခွာလာသည့် ထောက်လှမ်းရေးအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ လိုက်ပါလာသော ရဟတ်ယာဉ်က မရောက်သေး။ နွေးထွေးမှုမရှိသေးသော နှစ်ဖက်တပ်များ သူ့ငါကြည့်၊ ငါ့သူကြည့်နှင့် စစ်ရေးသတိဖြင့် နေကြသည်။

ရဟတ်ယာဉ်ဖြင့် လိုက်ပါလာသူများ အနေဖြင့်လည်း မဲ့စဲမြို့ပေါ်အရောက် အောက်ငုံ့ကြည့်လိုက်သောအခါ စိမ်းစိမ်းညိုညို လူအုပ်ကြီးကို မနည်းမနော တွေ့မြင်နေရသည်။ သူ့လူကိုယ့်လူ မခွဲခြားနိုင်။ ပထမအမြင့် တစ်ပတ်ပျံဝဲသည်။ ဒုတိယအနိမ့်ပတ်၍ပျံဝဲသည်။ နောက်ဆုံးမတော့ ဖြစ်ချင်တာဖြစ် ဒါဟာ ငြိမ်းချမ်းရေးအတွက် အထူးတာဝန်ဟူသော ဆုံးဖြတ်ချက်ဖြင့် မြေပြင်သို့ ဆင်းသက်လိုက်ကြသည်။ ရဟတ်ယာဉ် ဆင်းသက်လာချိန်တွင် နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုပိုမိုခိုင်မာသွားကြောင်း နောင်သောအခါ ကလလတအဖွဲ့ ခေါင်းဆောင်များက ဆို၏။ တွေ့ဆုံအပြီး ထိုနေ့ညဉ့် မိမိတပ်မတော်သားများနှင့် ကလလတတပ်ဖွဲ့ဝင်များ လည်ပင်းဖက်၍ ပျော်ကြသည်။ ဒေသခံ အားလုံးကလည်း ပျော်ကြသည်။ မဲ့စဲသည် အလွန်လှပနေ၏။ မဲ့စဲသို့ မင်္ဂလာရှိသောအရာများ ဆောင်ကြဉ်းလာသည့် ရဟတ်ယာဉ် ပိုင်းလော့နှစ်ဦးမှာ နောင်တော် ဗိုလ်မှူးအောင်ကြွယ်နှင့် ဗိုလ်မှူးဌေးဝင်းတို့ ဖြစ်ကြပြီး ကိုအောင်ကြွယ်ကြီး တစ်ယောက် ကွယ်လွန်ခဲ့ပြီဖြစ်သည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့် ၁၉၉၄ခုနှစ် ဖေဖော်ဝါရီလ ၂၁၊ ၂၃၊ ၂၆ ရက်နေ့များ၌လည်းကောင်း၊ ဧပြီလ ၂၃၊ ၂၈၊ ၂၉ရက်နေ့များတွင်လည်းကောင်း တွေ့ဆုံအပြီး ကလလတအဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း အခမ်းအနားကို ၁၉၉၄ခုနှစ် မေလ ၉ရက်နေ့ လွိုင်ကော်မြို့ ကန္တာဟောဝန် ပန်းဥယျာဉ်ရင်ပြင်၌ ကျင်းပခဲ့ရာ အတွင်းရေးမှူး(၁) (ယခု နိုင်ငံတော်ဝန်ကြီးချုပ်) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ခဲ့သည်။

ကယန်းပြည်သစ်ပါတီအနေဖြင့်လည်း တပ်မတော်ထောက်လှမ်းရေးမှ တာဝန်ရှိသူများနှင့် ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆၊ ၂၈ ရက်၊ မေလ ၅ရက်၊ ဇွန်လ ၂၂ ရက်နေ့များတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ကယန်းပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနိုင်က ၁၉၉၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ အတွင်းရေးမှူး(၁)ထံ စာရေးသားတင်ပြရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းများ အဆင်ပြေပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး စေတနာအပေါ် အပြည့်အဝ ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေး အခမ်းအနားသို့ ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်တိုင် တက်ရောက်အားပေး ချီးမြှင့်ပါရန် ပါရှိသည်။ ငြိမ်းချမ်းရေး အခမ်းအနားအား ၁၉၉၄ခုနှစ် ဇူလိုင်လ ၂၆ရက်နေ့တွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အတွင်းရေးမှူး(၁) (ယခု နိုင်ငံတော် ဝန်ကြီးချုပ်) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

ကယန်းပြည်သစ်ပါတီသည် ရလလဖအဖွဲ့နှင့် ပူးတွဲ၍ ကဒူးကြီး၊ ကဒူးလေးခွင်၊ ဖယ်ခုံခွင်၊ ပင်လောင်းတောင်ဘက်လိန်းလီ၊ နန်းပန်းတို့၌ လှုပ်ရှားခဲ့စဉ် 'သန်းချ'ဟူသော ခေါင်းဆောင်အမည်ကို မကြာခဏကြားဖူး၏။ ဦးသန်းစိုးနိုင်သည် ထိုစဉ်က သန်းချ ဖြစ်ကြောင်း နောက်မှသိရသည်။ စိတ်သစ်၊ လူသစ်၊ အမည်သစ်ဖြင့် ဘဝသစ်ကို စခဲ့သည်။

အတွင်းရေးမှူး(၁) (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်) ကယန်းပြည်သစ်ပါတီတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အလားတူ KNPP အဖွဲ့နှင့် တပ်မတော်ထောက်လှမ်းရေးမှ တာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုး ဆောင်များ ၁၉၉၃ခုနှစ် အောက်တိုဘာလအတွင်း လွိုင်ကော်မြို့အနီး ဝါရီဆုပလိုင်ရွာကလေးတွင် စတင်တွေ့ဆုံခဲ့ကြသည်။ သည်ကသွားသည့် အဖွဲ့က လေး/ငါး/ရှစ်ယောက်။ ဟိုမှာစောင့်နေသည့် KNPP က ၁၅၀/၂၀၀ခန့်။ ရုတ်တရက်တွေ့ဝေသွားသော အကျိုးတော်ဆောင်တစ်ဦးက နောက်ကြောင်းပြန်လှည့်ရန်ပင် တိုက်တွန်းခဲ့ကြောင်း ပြန်လည်ကြားသိရသည်။ ထိုသို့ တွေ့ဆုံအပြီး ဆက်လက်ညှိနှိုင်းဆွေးနွေးမှုများအရ KNPP သည် ၁၉၉၅ခုနှစ် မတ်လ ၂၁ရက်နေ့တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။ လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သော ငြိမ်းချမ်းရေး အခမ်းအနားသို့ အတွင်းရေးမှူး(၁) (ယခု နိုင်ငံတော် ဝန်ကြီးချုပ်) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ခဲ့သည်။

ဤကဲ့သို့ ကြိုးပမ်းအောင်မြင်မှုများသည် လွိုင်ကော် ကက်သလစ်သာသနာမှ ဂိုဏ်းအုပ်ဆရာတော် ဆိုတေးရီဖားမို အမှူးပြုသော ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊ ကျရာကဏ္ဍတွင် ပါဝင်ထမ်းရွက်ခဲ့ကြသည့် ခမရ ၄၂၂၊ ခမရ ၄၂၇၊ ခမရ ၄၂၈၊ ခမရ ၄၃၀ တပ်ရင်းများမှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအတွက်လည်း ဂုဏ်ယူဖွယ်ရာ တစ်သက်တာ မှတ်တမ်းဖြစ်ပါလိမ့်မည်။

အမှတ်တရကယားဒေသ

ကယားဒေသသည် ကျွန်တော်၏အမှတ်တရဒေသများထဲတွင် တစ်ခုဖြစ် သည်။ ပင်လောင်းဒေသစစ်ဆင်ရေးနှင့် ဆက်စပ်၍ လတိန်၊ လအိ၊ ပီကင်း၊ လဂျိန္တဲ့ဒေသများသို့ တစ်ကြိမ်ဝင်ဖူးသည်။ တိုက်တိုက်ဆိုင်ဆိုင်လေးမျက်နှာ ပရဟိတတွင် ကျောင်းလာနေသော သူငယ်ချင်းများနှင့် ပြန်ဆုံသဖြင့် စစ်ဆင်ရေးလုပ်နေရသည်နှင့်မတူ။ ကိုယ်ရပ်ကိုယ်ရွာတွေ ပြန်ရောက်နေရသလို ဖြစ်ခဲ့သည်။ သူငယ်ချင်းများက ကူညီကြသည်။

နောက်တစ်ကြိမ်၌ လွိုင်ကော်ဘက်မှလှည့်၍ ဆီဘူး၊ သိကျိုတ်၊ ပြင်ဆောင်၊ သာအောက်၊ မောင်ဘလော့၊ ကျေးကတော့၊ လိုဘာခူ၊ ခူးပရားဒေသများသို့ ဝင်ရောက်ခဲ့သည်။ လွန်ခဲ့သောအနှစ် ၂၀ခန့်က ထိုဒေသ၊ ထိုဝန်းကျင်တွင် ကားလမ်းမရှိ၊ လှည်းလမ်းမရှိ။ ခြေတစ်ဖဝါးချင်း ချရသော တောင်ကမ်းပါးယံ လမ်းကလေးများသာရှိသည်။ ပါလာသောလား၊ မြင်းများ မကြာခဏ တောင်အောက်သို့ ပြုတ်ကျ သေဆုံးဖူးသည်။ ညချီတက်မှုရှိလျှင် ပိုဆိုးသည်၊ ခရီးမတွင်။

လားတစ်ကောင်ပြုတ်ကျသွားပါက ဒေါသကြီးသော တပ်ရင်းမှူးထံ ချက်ချင်း သတင်းမပို့ရဲသေး။ အရိပ်အခြည်ကြည့်ရ၊ စကားလုံးရွေးရနှင့် ဒါတွေအားလုံး ယခုတော့ အမှတ်တရဖြစ်ခဲ့သည်။ ကယားဒေသအတွင်းမှ ရှားတော၊ မဲ့စဲ၊ မဲ့စဲနန်ဒေသများကိုမူ ကျွန်တော် မရောက်ခဲ့ပါ။

တပ်ရင်း၌ တပ်ရေးဗိုလ်ကြီး တာဝန်ထမ်းဆောင်နေစဉ် တပ်ရင်းမှူးအသစ် ဖြစ်သော ဒုတိယဗိုလ်မှူးကြီး ကျော်လွင်နှင့် စစ်ကြောင်း(၁)က ရှားတောဒေသသို့ ဝင်ရသည်။ ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးစောစေးဝါးညွန့်နှင့် စစ်ကြောင်း(၂)က ပွန်ချောင်းနှင့် သံလွင်မြစ်အကြား လှုပ်ရှား။ ၁၉၈၇ခုနှစ် ကုန်ခါနီး သံလွင်အရှေ့ခြမ်း တာတမော့စခန်း အတိုက်ခံရ၍ ရိပ်သာ၌အတူနေ ဗိုလ်ချစ်ဆွေနှင့် ခွဲ(၁)မှ တပည့်များ အသက်စွန့်သွားကြသည်။

ထို့အတူ တပ်ရင်းမှူးနှင့် အရာရှိစစ်သည်အချို့ ရှားတောတောင်ဘက် ဒေါခေါအော့တွင် ကျဆုံးခဲ့သည်။ ကျွန်တော်သည် သူ၏ သမက်ဖြစ်လာကြောင်း သိမသွားခဲ့ပေ။ ကျွန်တော်တို့ တပ်ရင်းအပါအဝင် တပ်မတော်သားတို့၏ အသက်ပေါင်းများစွာ ကယားဒေသအတွင်း ပေးဆပ်ခဲ့ရသည်။ အလားတူ သွေးချင်းညီအစ်ကိုများဘက်မှလည်း အသက်ပေါင်းများစွာ စွန့်လွှတ်ခဲ့ကြရသည်။ အတိတ်ကာလက မည်သို့ပင်ရှိစေကာမူ ယခုအချိန်၌ ကယားဒေသ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် အားလုံး၏ အမျိုးသားရေးတာဝန်။

ငြိမ်းချမ်းခြင်း၏ ရလဒ်များ

ကယားဒေသအတွင်းမှ ဖားဆောင်း၊ ဖယ်ခုံ၊ ရှားတော၊ ဒီမောဆို၊ ဖရူဆို မြို့နယ်များအား နယ်စပ်ဖွံ့ဖြိုးရေး ဇရိယာအဖြစ်သတ်မှတ်၍ နတလ လုပ်ငန်းများဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၄-၉၅ခုနှစ်မှစ၍ လုပ်ငန်းများ စတင်ခဲ့သည်။ မူလက လှည်းလမ်းပင်မရှိသော နေရာများ၌ ကားလမ်းများ ပေါ်ပေါက်လာသည်။ မိုးဗြဲ-လဂျိန္တဲ့-ပီကင်းလမ်း၊ ဖရူဆို-မူဆို-ဟိုယာလမ်း၊ ဆီဘူး-ပြင်ဆောင်-သိကျိုတ်လမ်း၊ ဟိုယာ-ဂေကောလမ်း၊ လိုဘာခူ-ခူးပရားလမ်း၊ ပီကင်း-လအိ-လတိန်-ဆောင်းပြောင်းလမ်း၊ ဘော်လခဲ-ဒေါညေးခူ-ဒေါတမကြီးလမ်း၊ လောပီတ-ပရဲခူ-ဘိုးလျားလမ်း၊ ဒေါရောခူ-လွိုကထိလမ်း၊ ခူးပရား-လွိုင်နန်းဖလမ်း၊ ဟိုယာ-ခါးဘယ်လမ်း၊ ပန်တိန်း-ဘီပီ ၁၅ လမ်း၊ မဲ့စဲ-ဘီပီ ၁၄ လမ်း၊ ဆီဘူး-သာအောက်-မောင်ဘလော့-ကျေးကတော့လမ်း၊ ဇလုံတောင်-လအိ-လတိန်-ပီကင်းလမ်းစသည်တို့ကို ဖောက်လုပ်ပေးခဲ့သည်။ လိပ်သို-ယာဒို-ဆီဘူး-လွိုင်ကော် ပြည်ထောင်စုလမ်းမကြီး ပြုပြင်ဖောက်လုပ်ရေး ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမက ၁၃ ကျောင်း၊ အလက လေးကျောင်း၊ အထကနှစ်ကျောင်း ဖွင့်လှစ်ပေးပြီး ဖြစ်သည်။ ဆီဘူး၊ ဒေါတမကြီး၊ ဟိုယာနှင့် လွယ်ယင်းတို့တွင် တိုက်နယ်ဆေးရုံများ ပေါ်ပေါက်လာသည်။ ဆေးပေးခန်းလေးခု၊ ကျေးလက်ကျန်းမာရေးဌာနကိုးခုဖွင့်လှစ်ပေးခဲ့၏။ မဲ့စဲ၊ ပီကင်း၊ ဒေါတမကြီး၊ ရှားတောတို့၌ စာတိုက်များ၊ ဖားဆောင်း၊ ဒီမောဆို၊ ဖရူဆို၊ ဆီဘူး၊ ဟိုယာတို့၌ ကြေးနန်းရုံများ၊ လွိုင်ကော်၊ ဟိုယာ၊ မဲ့စဲ၌ ရေဒီယိုတယ်လီဖုန်းများ တပ်ဆင်ဖွင့်လှစ်ပေးခဲ့သည်။

ဘော်လခဲ၊ ဖားဆောင်း၊ မဲ့စဲ၊ ဖရူဆိုနှင့် ရှားတောတို့တွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက် ထုတ်လွှင့်ပေးခဲ့သည်။ စိုက်ပျိုးရေးစခန်း ငါးခု၊ ထွန်စက်စခန်းတစ်ခု၊ တိရစ္ဆာန်ကုသရေးရုံလေးရုံ ထားရှိပေးပြီး စွမ်းအင်ကဏ္ဍတွင် မြို့ရွာပေါင်း ၁၅ခု မီးလင်းစေခဲ့၏။ ဒေသအတွင်း ဘုန်းတော်ကြီးကျောင်းများအား တည်ဆောက်ပြုပြင်ပေးသကဲ့သို့ လမ်းကော၊ လောထောတနော၊ ဟိုစဲ့၊ ဒေါတမကြီး၊ ရေနီပေါက်၊ ဒေါထီပိုး၊ ဒီမောဆို မြို့မသာသနာပြုကျောင်းများကို တည်ဆောက်ပြုပြင်ပေးခဲ့သည်။ ဒေါတမကြီးစေတီ၊ လောကမာန်အောင်၊ ချမ်းသာကြီးစေတီ၊ မြကလပ်စေတီ၊ အောင်သိဒ္ဓိလာဘမုနိစေတီတော်မြတ်များ တည်ထားကိုးကွယ်ခဲ့သည်။

သစ္စာတရားကို တန်ဖိုးထားသော ဒွေးမယ်နော် သစ္စာကန်တည်ရှိရာ၊ အဖိုးတန် သစ်တောထွက်ရတနာများ၊ သတ္တုသယံဇာတများ ကြွယ်ဝရာ၊ ကယား၊ ဂေခို၊ ဂေဘား၊ ကယန်း၊ ပရဲ့၊ မနုမနော၊ ယင်းဘော်၊ ယင်းတလဲစသည့် သွေးချင်းများ ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းနေထိုင်လျက်ရှိကြရာ ကယားတို့ဒေသတွင် အမှတ်တရ နေ့ရက်များ ရှိခဲ့ဖူးသည်။ ထိုဒေသ၏ ငြိမ်းချမ်းမှုအတွက် ထပ်တူဝမ်းမြောက်သည်။ ထိုဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဂုဏ်ယူစွာ တွေ့မြင်လိုပါသည်။ ။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြိတ်တက္ကသိုလ်ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

▼ ဒေသအလိုက်မှ

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးကြီး ဦးချစ်ပန်က မြိတ်တက္ကသိုလ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ တည်ဆောက်ပြီး စာသင်ဆောင်များ၊ နားနေဆောင်များ၊ ဆရာ ဆရာမ အဆောင်များနှင့် အဆောက်အအုံများ ဆက်လက်တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က မြိတ်တက္ကသိုလ်၏ ပညာသင်ကြားရေးဆိုင်ရာကိစ္စများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက နိုင်ငံတော်အတွက် အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီးများ၌ တက္ကသိုလ်၊ ကောလိပ်များကို တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ဒေသအလိုက် တက္ကသိုလ်၊ ကောလိပ်များတွင် ကျောင်းသား ကျောင်းသူများသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ပညာသင်ကြားခွင့်ရရှိအောင်၊ အဆင့်မြင့်ပညာများ လေ့လာသင်ယူခွင့်ရရှိအောင် နိုင်ငံတော်က စေတနာထား၍ တက္ကသိုလ်၊ ကောလိပ်များကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

မိမိတက္ကသိုလ်၊ ကောလိပ်က ထွက်သည့် ကျောင်းသား ကျောင်းသူများသည် ထူးချွန်ထက်မြက်ကြသည် ဆိုသည့် သတင်းကောင်း၊ နာမည်ကောင်းများရရှိစေရန် ဆရာ ဆရာမများအနေဖြင့် အပင်ပန်းခံ စေတနာထား လေ့ကျင့်သင်ကြားပေးရန် လိုကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ်ရှိ အဆောက်အအုံများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြိတ်ခရိုင်နှင့် မြိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ရေလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ဒေသဆန်ဖူလုံရေးရည်မှန်း

ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်က ရှင်းလင်းတင်ပြရာ၌ တနင်္သာရီတိုင်းသည် ဒေသဆန်ဖူလုံခြင်းမရှိသေးသည့် တိုင်းဖြစ်ကြောင်း၊ ဆန်စပါးတိုးချဲ့စိုက်ပျိုးခြင်း၊ အထွက်တိုးစေရန် ဆောင်ရွက်ခြင်းတို့ဖြင့် ဒေသဆန်ဖူလုံမှုရှိလာရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဒေသဆန်ဖူလုံအောင် ရည်မှန်းချက်ထား၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်စေရန် ဆီအုန်းဧကငါးသိန်း စိုက်ပျိုးရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်က စိုက်ပျိုးပြီးဖြစ်သည့် အီအုန်းဧကများအပါအဝင် တပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံ ပုဂ္ဂလိကခြံယာရှင်များ၊ လူတစ်ကိုယ် ဆီအုန်းတစ်ပင်စိုက်ပျိုးမှုများ၊ ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီများ၏ စိုက်ပျိုးမှုများကြောင့် ယခုအခါ ဆီအုန်းဧက ၁၁၀၀၀၀ကျော် စိုက်ပျိုးပြီးဖြစ်ပါကြောင်း၊ လျာထားစိုက်ဧကပြည့်မီရေးအတွက်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ရော်ဘာဧကနှစ်သိန်း စိုက်ပျိုးရန် လျာထားမှုကိုလည်း ၂၀၀၅-၂၀၀၆ ခုနှစ်တွင် အပြည့်အဝစိုက်ပျိုးပြီးစီးရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ငရုတ်ကောင်း စိုက်ပျိုးမှုကိုလည်း ဧက၂၆၀၀၀စိုက်ပျိုးရန် လျာထားရာ ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တနင်္သာရီတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆပ်ကော်မတီများက တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆပ်ကော်မတီအလိုက် ဆောင်ရွက်ချက်များကို တင်ပြကြရာ ဆန်စပါးစိုက်ပျိုးရေးဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာဦးသန်းနိုင်၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြိတ်မြို့ ပုလဲရတနာခန်းမတွင် တနင်္သာရီတိုင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆီအုန်းနှင့် ရော်ဘာ တိုးချဲ့စိုက်ပျိုးရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာဦးမြရှိန်၊ သတ္တုထုတ်လုပ်ရေးကော်မတီ၏ ဆောင်ရွက်ချက်များကို အမှတ်(၂) သတ္တုတွင်းလုပ်ငန်း တိုင်းဦးစီးမှူး ဦးခင်မောင်လေး၊ လမ်းပန်းဆက်သွယ်ရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးကြီးဦးချစ်ပန်နှင့် သားငါးလုပ်ငန်းဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းဦးဝေတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ တနင်္သာရီတိုင်း၏ နယ်မြေဧရိယာ အကျယ်အဝန်းနှင့် နှိုင်းစာပါက တိုင်းအတွင်းရှိ လူဦးရေသည်များစွာ နည်းသည့်အနေအထားတွင်ရှိကြောင်း၊ နယ်မြေကျယ်ဝန်းသည်သာမက သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည့် တိုင်းနယ်မြေကြီးလည်း ဖြစ်သဖြင့် တိုင်းအတွင်းရှိ ပြည်သူများသည် မိမိတို့၏ နယ်မြေဒေသ ဖွံ့ဖြိုးစည်ပင်အောင်၊ အေးချမ်းသာယာအောင်၊ လုံခြုံမှုရှိအောင် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ကြောင်း။

ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးသည် နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်းအနေဖြင့် ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အထူးသဖြင့် ဒေသဆန်ဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ရေခံမြေခံကောင်းသည့် ဒေသဖြစ်သဖြင့် မအောင်မြင်စရာအကြောင်းလည်း မရှိကြောင်း။

တနင်္သာရီတိုင်း၏ ကုန်ထုတ်လုပ်မှုတွင် သားငါးကဏ္ဍသည် အလားအလာ အကောင်းဆုံးကဏ္ဍ ဖြစ်ကြောင်း၊ သဘာဝတည်ရှိသည့် ငါး၊ ပုစွန်များ ဖမ်းဆီး၍ ကုန်ထုတ်လုပ်မှုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန် လိုသကဲ့သို့ ငါး၊ ပုစွန် မွေးမြူခြင်းလုပ်ငန်းကို တိုးမြှင့် ဆောင်ရွက်၍ သား ငါးကဏ္ဍ မြင့်မားတိုးတက်လာအောင်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ဒေသဆန် ဖူလုံရေးအတွက် တာပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ဘဏ္ဍာငွေကြေးများပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း၊ ယခုအခါ တာပတ်ခြင်းလုပ်ငန်းမှာ ငါးမိုင်ကျော်ပြီးစီးနေပြီဖြစ်ပြီး စိုက်ပျိုးမြေဧက ၁၁၀၀၀ ခန့်ကို ရေလွှမ်းခြင်းမှ ကာကွယ်ပေးနိုင်ပြီ ဖြစ်ကြောင်း။

နိုင်ငံတော်၏ဦးဆောင်မှုကောင်းခြင်း၊ ဝန်ထမ်းများနှင့် ပြည်သူများ၏ တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းများကြောင့် တနင်္သာရီတိုင်း အပါအဝင် နိုင်ငံတော်တစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့မျက်မြင် ထင်ထင်ရှားရှား တွေ့မြင်နေကြရပြီလည်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ စေတနာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများသည် တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက်သာဖြစ်ကြောင်း။

မိမိတို့ အနေဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်အဖြစ် ညင်သာစွာ ကူးပြောင်းပေးနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ပြည်နယ်၊ တိုင်းအလိုက်လည်း တစ်ခဲနက် ထောက်ခံ ခဲ့ကြကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရပ်မနားဆက်လက်ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တက်ညီလက်ညီပူးပေါင်း

ထို့ကြောင့် တိုးတက်ပြောင်းလဲလာမည့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့်အတူ နိုင်ငံသူနိုင်ငံသားများ၏ စီးပွားရေး၊ ပညာရေးကဏ္ဍများပါ ဆက်စပ်၍ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင် ဒေသခံပြည်သူများနှင့်ဝန်ထမ်းများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

သားစဉ်မြေးဆက်စားသုံးနိုင်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာ၌ တနင်္သာရီတိုင်းအတွင်း တည်ဆောက်ပြီးစီးသွားသည့် လေညှာ-မဏ္ဍိုင်တံတားနှင့် ကျွဲကူး-ကျောက်ဖျာတံတား ဖွင့်ပွဲအခမ်းအနားများကို တက်ရောက်အားပေးရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်ဆည်းပေးနိုင်ရန် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးခေါင်းဆောင်ပြီး တနင်္သာရီတိုင်းသို့ မိမိတို့ရောက်ရှိလာခြင်းဖြစ်ကြောင်း။

တနင်္သာရီတိုင်းသည် လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တု၊ စွမ်းအင်စသည့် ကဏ္ဍအသီးသီး၏ သဘာဝအရင်းအမြစ်များပြည့်စုံစွာ တည်ရှိသည့် တိုင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် သားစဉ်မြေးဆက် စားသုံးနိုင်သည့် ရိက္ခာဂိုဒေါင်ကြီးရှိသည့် တိုင်းဖြစ်သည်ဟုပင် ဆိုနိုင်ကြောင်း။

ပေါကြွယ်ဝသည့် သဘာဝအရင်းအမြစ်များကို စနစ်တကျထုတ်ယူအသုံးပြုမှ တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းသည် အဓိကအားဖြင့် ရေလမ်းခရီးကို အားထားအသုံးပြုရသည့် တိုင်းဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် စီးပွားရေးကို အထောက်အကူပြုသည်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး တို့ကိုလည်း အထောက်အကူပြုကြောင်း၊ ထို့ပြင် တိုင်းရင်းသား အချင်းချင်း အထိအတွေ့များပြီး ပြည်ထောင်စုစိတ်ဓာတ် ဖြစ်ပေါ်စေရေးကိုလည်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းက ပံ့ပိုးပေးလျက်ရှိကြောင်း။

ထို့ကြောင့် တနင်္သာရီတိုင်းအတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကာလတိုစီမံကိန်းများမှာလည်း ရည်မှန်းချက်ထားသည်ထက် အောင်မြင်မှုများ ရရှိခဲ့ကြောင်း။

ပြည်နယ်၊ တိုင်း ဒေသများ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် တနင်္သာရီတိုင်းအနေဖြင့် လယ်ယာ၊သားငါး၊သတ္တုစသည့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်

လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ တနင်္သာရီတိုင်း၏ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းတွင် တိုင်းရင်းသား လုပ်ငန်းရှင်များပါဝင်ဆောင်ရွက်လျက်ရှိရာ ဒေသတာဝန်ခံများနှင့် ပြည်သူများက ဝိုင်းဝန်းကူညီအားပေး သွားကြရမှာဖြစ်ကြောင်း။

လုံခြုံမှုအရေးပါ

ဒေသဖွံ့ဖြိုးရေးတွင် လုံခြုံမှုကောင်းမွန်မှုသည် အရေးပါသည်ဖြစ်ရာ အေးချမ်းတည်ငြိမ်မှုရှိအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ညီညီညွတ်ညွတ်ဆောင်ရွက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အမှာစကားပြောကြားရာ၌ တနင်္သာရီတိုင်းသို့ မိမိယခင်ရောက်ရှိစဉ်ကထက် ယခုအခါ တိုးတက်မှုရှိနေသည်ကို တွေ့ရကြောင်း၊ ဤကဲ့သို့ တိုးတက်လာခြင်းမှာလည်း နိုင်ငံတော်နှင့်အတူ တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ခဲ့၍ဖြစ်ကြောင်း။

နိုင်ငံတော်၏တာဝန်များကို တပ်မတော်က ရယူခဲ့ရပြီးနောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်၍ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ကြောင်း၊ ဦးတည်ချက်(၁၂)ရပ်ကို အခြေခံ၍ နိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်၏ ဒေသအသီးသီး တတ်နိုင်သမျှ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းသုံးမျိုး ချမှတ်၍ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးဒေသ၂၄ခုသတ်မှတ်၍ ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်း၌ ထားဝယ်ဒေသနှင့် မြိတ်ဒေသတို့သည် ဖွံ့ဖြိုးရေးဒေသကြီးနှစ်ခုအဖြစ် ပါဝင်လျက်ရှိကြောင်း။

ဖိဖိစီးစီးကြိုးပမ်း

တနင်္သာရီတိုင်းသည် ရေကြောင်းလမ်းကိုသာ အဓိကအားထားရသည့် ဆက်သွယ်မှုခက်ခဲသော နယ်မြေဒေသဖြစ်သဖြင့် တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီးနှစ်ခု တိုးချဲ့သတ်မှတ်၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်းမှ အဆင့်ဆင့်သော ဒေသတာဝန်ခံများ၊ ဝန်ထမ်းများ၊ ပြည်သူများအနေဖြင့် မိမိတိုင်း ဒေသဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

တနင်္သာရီတိုင်းတွင် မြို့နယ်အားဖြင့် ၁၀ မြို့နယ်သာရှိကြောင်း၊ ထို့ကြောင့် မြို့နယ် ၁၀ မြို့နယ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လုပ်ငန်းစီမံချက်များ အသေးစိတ်ရေးဆွဲပြီး အောက်ခြေရောက်အောင် ကွင်းဆင်း၍ လုပ်ငန်းများအောင်မြင်အောင် ထိထိရောက်ရောက် အားထုတ်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နောက်ကျမကျန်အောင်စီစဉ်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် တည်ဆောက်သွားကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်းအတွင်း မြို့နယ်အလိုက် အခြေခံပညာတတ်မြောက်သူများ များပြားအောင်၊ အဆင့်မြင့်ပညာသင်ယူနိုင်သူများတိုးပွားလာအောင် တာဝန်ရှိသူများက ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ လူ့စွမ်းအား အရင်းအမြစ်မွေးထုတ်ခြင်း အပါအဝင် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အခြားပြည်နယ်၊ တိုင်းများနှင့်ယှဉ်ပါက နောက်ကျမကျန်ရအောင် စီစဉ်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အဆင့်က မြို့နယ်ရောက်အောင် ကွင်းဆင်းနေသကဲ့သို့ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများကလည်း ကျေးလက်အောက်ခြေအရောက် သွားရောက်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်အောင် ကြိုးပမ်းစီစဉ်အားထုတ်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဆီအုန်းစိုက်ပျိုးမှုတွင် အခြားဒေသများမှ တိုင်းရင်းသားလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည့်နည်းတူ ဒေသခံများကလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းအပြင် မိမိတို့ရင်းနှီးစိုက်ပျိုးနိုင်သည့် အတိုင်းအတာအလျောက် ပါဝင်ရင်းနှီးစိုက်ပျိုးကြရန်လိုကြောင်း။

ဆီအုန်းစိုက်ပျိုးခြင်း လုပ်ငန်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဟူသည့် စိတ်ဓာတ်မွေးမြူ၍ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာအောင် ကြိုးပမ်းကြရန် လိုကြောင်း။

အခြား ပြည်နယ်၊ တိုင်းများသည်လည်း မိမိတို့ပြည်နယ်၊ တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းနေကြရာ တနင်္သာရီတိုင်းသည်လည်း အခြားပြည်နယ်၊ တိုင်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်မနေရရန် ယှဉ်ပြိုင်မှုဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မြိတ်မြို့မှ ထားဝယ်မြို့သို့ ရောက်ရှိကြရာ ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီးကျော်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ထားဝယ်တပ်နယ်အောင်ဆန်းခန်းမ၌ ထားဝယ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မြို့မိမြို့ဖများနှင့်တွေ့ဆုံ

ထိုအချိန်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ထားဝယ်မြို့ မြို့တော်ခန်းမ၌ ထားဝယ်ခရိုင်နှင့် ထားဝယ်၊ ရေဖြူ၊ လောင်းလုံးနှင့် သရက်ချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြိတ်မြို့ ပုလဲရတနာခန်းမတွင် တနင်္သာရီတိုင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်က ထားဝယ်ခရိုင်၏ မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုနှင့် ဒေသဆန်ဖူလုံမှုအခြေအနေ၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းစိုက်ပျိုးမှုအခြေအနေ၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများ၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ သတ္တုကဏ္ဍဆောင်ရွက်ချက်များနှင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ထားဝယ်ဒေသ၌ ရေအားလျှပ်စစ်ထုတ်ယူနိုင်မည့်နေရာများနှင့် ရရှိနိုင်မည့် လျှပ်စစ်ဓာတ်အားပမာဏမ အလားအလာတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ခေါင်းဆောင်ပြီး တနင်္သာရီတိုင်းသို့ လာရောက်သည့်ခရီးစဉ်၏ ရည်ရွယ်ချက်များ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ စနစ်တကျချမှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြီး ထားဝယ်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မြို့တော်ခန်းမသို့ ရောက်ရှိလာပြီး နိုင်ငံတော်၊ပြည်သူနှင့် တပ်မတော် ညီညီညွတ်ညွတ် လက်တွဲ၍ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ခဲ့မှုများကြောင့် နိုင်ငံတော်၌ ပြောင်းလဲတိုးတက်လာနေသည့် ဒေသအလိုက်ဖွံ့ဖြိုးမှု အခြေအနေများကို မျက်မြင်ထင်ရှား တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ဤသို့ မြင်သာထင်သာစွာ ပြောင်းလဲတိုးတက်လာနေခြင်းသည် နိုင်ငံတော်၏ မူဝါဒဆိုင်ရာ ဦးတည်ချက်များ မှန်ကန်နေ၍လည်းဖြစ်ကြောင်း၊ မှန်ကန်သောမူဝါဒများကို အခြေခံ၍ နောင်၌လည်း ခိုင်မာတောင့်တင်းသည့် အစိုးရ၊ ပြည်သူနှင့် တပ်မတော် သုံးပွင့်ဆိုင် ညီညွတ်စွာဆက်လက်လက်တွဲကြိုးပမ်းဆောင်ရွက်သွားပါက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများသည် အရှိန်အဟုန်ရှိရှိ ဆက်လက်ဖွံ့ဖြိုးတိုးတက်သွားမှာဖြစ်ကြောင်းဖြင့်မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ထားဝယ်တက္ကသိုလ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ထားဝယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဦးကျော်ကျော်ဌေးက ၂၃-၅-၁၉၇၇ တွင် တနင်္သာရီတိုင်း ဒေသကောလိပ်အဖြစ်စတင်ခဲ့သည့်ထားဝယ်တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ တက္ကသိုလ်တွင် ဖွင့်လှစ်ထားသည့် သင်တန်းများ၊ မဟာတန်းအဆင့်အထိ သင်ကြားပေးနိုင်နေသည့် အခြေအနေများ၊ သင်ကြားပို့ချပေးသော အထူးပြုဘာသာရပ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှုနှင့် ဝန်ထမ်းရေးရာကိစ္စများကို ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းအောင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၃) အင်ဂျင်နီယာမှူး ဦးသိန်းဇောက

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်အာရုံခံတန်ဆောင်းတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စံကျောင်းဆရာတော်ကြီး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသထံ ပရိက္ခရာရှစ်ပါး ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-၃) (သတင်းစဉ်)

ထားဝယ်တက္ကသိုလ်တွင် အဆောက်အအုံများဆောက်လုပ်ရန် လျာထားမှုနှင့် ဆောက်လုပ်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိမိဒေသ၌ပင် အဆင့်မြင့်ပညာများ သင်ယူနိုင်ရန် နိုင်ငံတော်အစိုးရ၏ ဖန်တီးဆောင်ရွက်ပေးထားမှုများကို ထိရောက်စွာအသုံးချ၍ နိုင်ငံတော်အတွက် အားထားရသည့် ထူးချွန်ထက်မြက်သော လူ့အရင်းအမြစ်များ ပေါ်ထွက်ရေးအတွက် ဆရာ ဆရာမများအနေဖြင့် စေတနာထားသင်ကြားပေးကြစေလိုကြောင်း၊ အဆောက်အအုံများကိုလည်း စံချိန်စံညွှန်းနှင့် ကိုက်ညီ အဆင့်အတန်းရှိသည့် အဆောက်အအုံများဖြစ်အောင် တည်ဆောက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ်၏ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေ ၃ နာရီတွင် ရောက်ရှိကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသိန်းအောင်သည် အောက်တိုဘာ ၂၆ ရက် ညနေပိုင်းတွင် ထားဝယ်ပညာရေးကောလိပ်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒုတိယကျောင်းအုပ်ကြီးက ထားဝယ်ပညာရေးကောလိပ်၏ ပညာသင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးကလိုအပ်သည်များကို မှာကြားပြီးပညာရေးကောလိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးဦးသိန်းအောင်သည် ထားဝယ်တက္ကသိုလ်၌ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ဆရာ ဆရာမများအားတွေ့ဆုံမှာကြားသည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်သည် အောက်တိုဘာ ၂၆ ရက် ညနေပိုင်းတွင် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများအား တွေ့ဆုံမှာကြားပြီး ဆေးရုံကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် သူနာပြုသင်တန်းကျောင်းသို့သွားရောက်ပြီး သင်တန်းသားသင်တန်းသူများအား တွေ့ဆုံနှုတ်ဆက်မှာကြားသည်။

(သတင်းစဉ်)

သာမဏေကျော် မဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၂၇

ပဲခူးမြို့ ဉဿာမြို့သစ် (၁၈)ရပ်ကွက် သာမဏေကျော် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိစက္ခဏာဘိဝံသ အမှူးရှိသော သံဃာတော်အပါး ၂၀၀ တို့အား ကထိန်သင်္ကန်းဆက်ကပ်ပွဲကို နိုဝင်ဘာ ၂ရက် (တနင်္ဂနွေနေ့) နံနက်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပြီး တရားပွဲကို ထိုညတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ အရှင်သူမြတ်ကလည်းကောင်း၊ နိုဝင်ဘာ ၃ ရက်(တနင်္လာနေ့)ညတွင် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ အရှင်သူမြတ်ကလည်းကောင်း ညစဉ် ၇နာရီ၌ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၅၄)ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၇

ဇကောဒသမအကြိမ် (၁၁ ကြိမ်) မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၅၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်များအပြင် ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ တောခလေ့စာပန်းချီ၊ ကာတွန်း၊ ဟာသကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ ပညာရွှေတောင်၊ လမင်းအိမ်၊ အမေ့အိမ်၊ မြင့်မိုရ်၊ စာပေလောက-၅၊ အောင်ပြည့်စုံ၊ မန္တလေးမြို့ ထွန်းဦး၊ နဂါး၊ ရဲရင့်စာပေ၊ ပြည်မြို့ အောင်နိုင်၊သုခ၊မကွေးမြို့ အောင်ဖြိုး၊ ကလောမြို့ ပြည်သူ့အလင်းစာနယ်ဇင်း၊ တောင်ကြီးမြို့ မီလျံနာစာပေ၊ မော်လမြိုင်မြို့ ကျော်ကျော်စာပေ၊ ပျဉ်းမနားမြို့ သရဖူစာပေ၊ ပဲခူးမြို့ သဇင်စာပေ၊ လားရှိုးမြို့ ဝင်းနိုင်စာပေ၊ ဟဲဟိုးမြို့ အရှေ့ကုန်းမြင့်စာပေ၊ ရွှေဘိုမြို့ နံ့သာသစ်စာပေ၊ မအူပင်မြို့ ကျင်ဝင်းငြိမ်းစာပေနှင့် ငွေပဒေသာထီဆိုင်၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်များရှိ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးများ၌ ဝယ်ယူရရှိနိုင်သည်။ (က-ပ)

မဟာဘုံကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၂၇

လှိုင်သာယာမြို့နယ် အမှတ်(၁၁) ရပ်ကွက် ရွှေပြည်သာတံတား လမ်းမကြီးပေါ်ရှိ သာသနဟိတ ပရိယတ္တိစာသင်တိုက်၌ ပုရိမဝါကျွတ်တော်မူကြသည့် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ(ဓမ္မာစရိယ–ဘီအေ) အမှူးရှိသော စာချ၊ စာသင်သံဃာတော် အပါး ၉၀ နှင့် ပင့်သံဃာအပါး ၆၀ တို့အား မဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီတွင် သာသနဟိတ ပရိယတ္တိစာသင်တိုက်၌ စုပေါင်း ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

✳ နိုင်ငံတော်မှ

အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မြိတ်ခရိုင်နှင့် မြိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ထွန်းလွင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘင်ခရာပန်းဖွားအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ မြို့သူမြို့သားများ တက်ရောက်ကြသည်။

ဆေးရုံသစ်ဖဲကြိုးဖြတ်ဖွင့်

အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဖဲကြိုးဖြတ်၍ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဆေးရုံသစ်ကြီး၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်သည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့သည် ကမ္ပည်းမော်ကွန်းကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သွားနှင့်ခံတွင်းရောဂါကုဌာန၊ ပြင်ပလူနာဌာန၊ အရေးပေါ်လူနာဌာန၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ နား၊ နှာခေါင်း၊ လည်ချောင်းကုဌာန၊ မျက်စိကုသဆောင်နှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဆေးရုံကြီးခန်းမဆောင်၌ ဖွင့်ပွဲအခမ်းအနား၏ ဒုတိယပိုင်း အစီအစဉ်ကိုကျင်းပရာ ဝန်ကြီး ဒေါက်တာကျော်မြင့်က ရှင်းလင်းတင်ပြရာ၌ မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးကို ငွေကျပ်သိန်း ၄၀၀၀ ကျော်ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံသူ နိုင်ငံသားများအတွက် ကျန်းမာကြံ့ခိုင်သန်စွမ်းမှု မြှင့်တင်ပေးနိုင်ရေးသည် အခြေခံအကျဆုံး အမျိုးသားရေးလိုအပ်ချက်တစ်ရပ်ဖြစ်ရာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရန် နိုင်ငံတော်အစိုးရက အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေး ဆောင်ရွက်ရာတွင် နယ်စပ်ဒေသ အစွန်အဖျားဒေသများပါမကျန် တစ်နိုင်ငံလုံး ဖြစ်ထွန်းလာစေရန် ရည်ရွယ်လျက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံတို့မှ တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ခေတ်မီပစ္စည်းဖြည့်တင်းမည်

ယနေ့ဖွင့်လှစ်သည့် ဆေးရုံကြီး၌ အထူးကုဆရာဝန်ကြီး ၁၂ ဦး၊ အထူးကုဆရာဝန် ၁၂ ဦး၊ လက်ထောက်ဆရာဝန် ၂၂ ဦး၊ သူနာပြု ၆၄ ဦး စုစုပေါင်း ဝန်ထမ်း ၃၀၈ ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ ထို့အပြင် ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအဆင့်နှင့်လျော်ညီသော ခေတ်မီပစ္စည်းများကိုလည်း ဖြည့်တင်းထောက်ပံ့ပေးမှာဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးအသုံးစရိတ်ရန်ပုံငွေကို တစ်နှစ်ထက် တစ်နှစ် ပိုမိုကျခံသုံးစွဲလျက်ရှိကြောင်း။

ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်လာမှုကို ကြည့်လျှင်လည်း ၁၉၈၈ ခုနှစ်တွင် အထွေထွေနှင့် အထူးကုဆေးရုံကြီးများ အပါအဝင် ဆေးရုံပေါင်း ၆၁၇ ရုံသာရှိခဲ့ရာမှ ၂၀၀၃ခုနှစ်တွင် ဆေးရုံပေါင်း ၇၅၇ရုံ ရှိလာခဲ့ပြီဖြစ်ကြောင်း။

ဆေးရုံများကို အဆင့်မြှင့်တင်ပေးလျက်ရှိရာတွင်လည်း (၂၅)ခုတင်မှ ခုတင်(၅၀)၊ ခုတင် (၁၀၀)မှ ခုတင်(၂၀၀)၊ နောက်ဆုံး ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီးများအထိ ဆေးရုံပေါင်း ၁၄၀ ကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆရာဝန်အင်အားအနေဖြင့် ၁၉၈၈ ခုနှစ်တွင် ၁၂၂၆၈ဦးရှိရာမှ ၂၀၀၃ ခုနှစ်တွင် ၁၆၅၇၀ ရှိလာခဲ့ပြီဖြစ်ကြောင်း။

နယ်စပ်ဒေသများ၌ဆိုလျှင်လည်း ၁၉၈၈ခုနှစ်က ဆေးရုံ ရှစ်ရုံ၊ ဆေးပေးခန်း ခြောက်ခန်းသာဖွင့်လှစ်ထားနိုင်ခဲ့ရာမှ ၂၀၀၃ခုနှစ်တွင် ဆေးရုံ၅၂ရုံ၊ ဆေးပေးခန်း ၈၂ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၂၉ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၁ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် မြို့နယ်အဆင့်ရှိ ဆေးရုံပေါင်း ၄၃ ရုံကိုပါ ထပ်မံဖွင့်လှစ်နိုင်ခဲ့ကြောင်း။

တနင်္သာရီတိုင်းအတွင်း၌လည်း ၁၉၈၈ ခုနှစ်တွင် ဆေးရုံပေါင်း ၆၅ ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၈၅ခုရှိခဲ့ရာမှ ၂၀၀၃ခုနှစ်တွင် ဆေးရုံ စုစုပေါင်း ၇၂ ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၉၄ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ဆေးရုံလေးရုံကို ခုတင်အဆင့်မြှင့်တင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြည်နယ်/တိုင်း မြို့ကြီးများနှင့် ခရိုင်အဆင့် ဆေးရုံကြီးများ၏ ရောဂါရှာဖွေမှု၊ ကုသမှုအရည်အသွေး တိုးမြှင့်ပေးနိုင်စေရန် ခေတ်မီဆေးရုံသုံးပစ္စည်းများ ဖြည့်တင်းပေးလျက်ရှိရာတွင်လည်း ၁၉၉၉–၂၀၀၀ ဘဏ္ဍာနှစ်မှ ၂၀၀၂–၂၀၀၃ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၉ သန်းဖိုး ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

ဤဆေးရုံကြီး သတ်မှတ်ချိန်အတွင်း ခံ့ညားထည်ဝါစွာ ဆောက်လုပ်ပြီးစီးရေး ကူညီဆောင်ရွက်ပေးခဲ့ကြသော တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဆေးရုံသစ်ကြီးအတွက် အလှူငွေများပေးအပ်ကြရာ ဦးအောင်–ဒေါ်မေမေသန်း မိသားစုက ငွေကျပ် ၄၅ သိန်း၊ K ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဆွေ–ဒေါ်ခင်သန်းဝင်း မိသားစုက ငွေကျပ် သိန်း ၄၀၊ ဦးလှဝင်း–ဒေါ်အေးအေးသွယ်၊ သမီး ဆုဆုမြတ်ဖူး၊ သား ဝေယံကိုကိုမိသားစု(ဇင်ယော်မင်း)ကုမ္ပဏီက ငွေကျပ် ၂၀၂၄၀၀၀၊ တနင်္သာရီရေလုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျားမောင်–ဒေါ်မြမြမိသားစုက ငွေကျပ် ၁၈ သိန်းတို့ကို အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်လွင်က ငွေကျပ် ၁၅ သိန်း၊ သီတာ ရေလုပ်ငန်းကုမ္ပဏီ ဒါရိုက်တာ ဦးတင်မြင့်က ငွေကျပ် ၁၀ သိန်း၊ ထူးထူးတိုးကုမ္ပဏီ ဒါရိုက်တာ ဦးဝင်းဗိုလ်က ငွေကျပ် ၁၀ သိန်း၊ ကျောက်ကာကျေးရွာမှ ဦးမောင်လှ–ဒေါ်ရှုလှိုင်မိသားစုက ငွေကျပ် ၁၀ သိန်းတို့ကို အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၈–၁၀–၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၀	၆။	အဆိုပြိုင်ပွဲ
၈:၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	ကျောက်ကြီးပေါက်တံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	Grammar Made Easy
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English For Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၁၇:၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၂၅	၇။	ခံစားနားဆင်တေးဇာတ်ဝင်
၁၇:၄၀	၈။	သုံးဆယ်ရေလှောင်တမံ
၁၇:၅၀	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	Milo Success In Soccer
၁၉:၁၀	၁၃။	တေးဂီတအစီအစဉ်
၁၉:၂၅	၁၄။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၉:၄၀	၁၅။	ကြေးမုံရိပ်သွင်တေးနုယဉ်
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	၂၀၀၃ ခုနှစ် ဇကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာဟူသည်"** (အပိုင်း–၄)
	၂၁။	Calcio Serie A Hightlight
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၂၈–၁၀–၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(ဥပဒေပညာ) (ခ)ပထမနှစ်(ဒဿနိကဗေဒ)
၅:၃၅	၉။	စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	မြန်မာ့ရှုခင်း
၆:၄၀	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လင်နှင့်မယား"** (အပိုင်း–၂၀) **ဇာတ်သိမ်း**
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	လျှပ်တစ်ပြက်
	၂၀။	ရှင်ဇနာကာဘိဝံသ ထေရုပ္ပတ္တိမှတ်တမ်း **"ဗုဒ္ဓမြတ်စွာသာသနာအတွက် တစ်ရက်မနား တစ်သက်ကြိုးစားခဲ့သည့်ဆရာတော်"**
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သူငယ်ချင်းသုံးဖော်"** (အပိုင်း–၃၀) **ဇာတ်သိမ်း**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် (၁၃)ကြိမ်မြောက် အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် ၂၀၀၄ ခုနှစ် အေသင်အိုလံပစ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲများ ကျင်းပရေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကိုလက်ခံစဉ်။ (သတင်းစဉ်)

● ***အာရှတံခွန်စိုက်မှ***

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် အာရှမြားပစ်အဖွဲ့ချုပ်မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခဲ့ရာ နိုင်ငံပေါင်း၂၀မှ ပြိုင်ပွဲဝင်အသင်းပေါင်း ၂၂ သင်း၊ အုပ်ချုပ်/နည်းပြ၇၅ဦး၊ အားကစားသမား ၁၆၃ ဦး စုစုပေါင်း ၂၃၈ ဦး ပါဝင်ရန် အမည်စာရင်း လက်ခံရရှိထားပြီးဖြစ်ကြောင်း၊ (၁၂)ကြိမ်မြောက် အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲကို ဟောင်ကောင်၌ ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင်ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၁၄နိုင်ငံမှ အားကစားအသင်းပေါင်း ၁၇သင်း၊ အားကစားသမား စုစုပေါင်း ၁၆၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သဖြင့် ယခုကျင်းပယှဉ်ပြိုင်ပွဲမှာ ပြိုင်ပွဲဝင် ပိုမိုများပြားသည့် အခြေအနေရှိကြောင်း။

အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲတွင် ရိုးရိုးမြား(Recurve)နှင့် စက်သီးတပ်မြား(Compound)ပြိုင်ပွဲ အမျိုးအစားနှစ်မျိုးကို အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းနှင့် အမျိုးသား၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတစ်မျိုးစီတွင် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ် လေးခုစီကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ် အေသင်အိုလံပစ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲမှ အာရှတိုက်ကိုယ်စားပြု မြားပစ်အားကစားသမား (ကျား)သုံးဦး၊ (မ)သုံးဦးနှင့်အရန်(ကျား)ငါးဦး၊(မ)ငါးဦးစီကို ရွေးချယ်သွားမည်ဖြစ်ကြောင်း။

ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပပြီးစီးရေးအတွက် ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ အားကစားဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သည့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ ၁၂ ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ခမ်းနားစွာကျင်းပမည်

(၁၃)ကြိမ်မြောက် အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့် ၂၀၀၄ ခုနှစ် အေသင်အိုလံပစ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလအတွင်း ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ကြောင်း။

ပြိုင်ပွဲနှင့်အတူ Coaching Seminar အသင်းခေါင်းဆောင်များ အစည်းအဝေး၊ အာရှမြားပစ်အဖွဲ့ချုပ်၏ ကွန်ဂရက်အစည်းအဝေးတို့ကို တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားအစီအစဉ် စီစဉ်ထားမှု၊ မြန်မာ့လက်ရွေးစင်မြားပစ်အားကစားသမားများ ရွေးချယ်ထားမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ၂၀၀၃ ခုနှစ် (၁၃)ကြိမ်မြောက် အာရှတံခွန်



စိုက်မြားပစ်ပြိုင်ပွဲနှင့် ၂၀၀၄ ခုနှစ် အေသင်အိုလံပစ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ကို ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း။

၁၉၉၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ မြားပစ်အဖွဲ့ချုပ်(F.I.T.A)အဖွဲ့ဝင်နိုင်ငံဖြစ်ပြီးနောက် နိုင်ငံတကာပြိုင်ပွဲများတွင်(၂၁)ကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၁၂၊ ငွေ ၁၁၊ ကြေး ၁၂ ဆု ဆွတ်ခူးရရှိခဲ့ကြောင်း။

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် စတင်ဖွဲ့စည်းခဲ့ပြီးနောက် ငါးနှစ်အကြာ ၂၀၀၀ ပြည့်နှစ်တွင် သြစတြေးလျနိုင်ငံ၌ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် ဆစ်ဒနီကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်အထိ စွမ်းဆောင်နိုင်ခဲ့ကြောင်း၊ ဤကာလအတွင်း ပြည်တွင်းသင်တန်း ကိုးကြိမ်နှင့် နိုင်ငံခြားနည်းပြဆရာများဖြင့် ပို့ချသော သင်တန်း သုံးကြိမ်ဖွင့်လှစ်ခဲ့ပြီး အစည်းအဝေး၊ ဆွေးနွေးပွဲနှင့် ဒိုင်လူကြီးသင်တန်း ၁၁ ကြိမ်ကို ပြည်ပနိုင်ငံများသို့ စေလွှတ်တက်ရောက်စေခဲ့ကြောင်း၊ ၁၉၉၅မှ ၂၀၀၃ ခုနှစ်အတွင်း စင်ကာပူ၊ ကိုရီးယား၊ အင်္ဂလန်နိုင်ငံများမှ နိုင်ငံခြားနည်းပြ ၁၁ ဦးကို ငှားရမ်းလေ့ကျင့်ပေးခဲ့ကြောင်း။

၁၉၉၈ ခုနှစ် ဩဂုတ်လတွင် ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ရန်ကုန်မြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူ မိမိအား ၁၉၉၇ ခုနှစ် အာရှမြားပစ်အဖွဲ့ချုပ်ကွန်ဂရက်မှ အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပါကြောင်း၊ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလတွင် အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီမှ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ပြီး အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ်ကိုလည်း ရွေးချယ်တင်မြှောက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်သူရစိုးသည်လည်း ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဆေးကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ခုံသမာဓိအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးအဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်းခံထားရကြောင်းနှင့်၁၉၉၅ ခုနှစ်မှ ယနေ့အထိ အပြည်ပြည်ဆိုင်ရာ မြားပစ်ပြိုင်ပွဲများစေလွှတ်ယှဉ်ပြိုင်ခြင်း၊ လေးနှင့်မြား ပစ္စည်းများဝယ်ယူခြင်း၊ နိုင်ငံခြားနည်းပြငှားရမ်းခြင်း၊ နည်းပြသင်တန်းနှင့် ဒိုင်လူကြီးသင်တန်းများ ပြည်ပနိုင်ငံများသို့စေလွှတ်ခဲ့မှု၊ မြားပစ်အဖွဲ့ချုပ်မှကျခံသုံးစွဲမှု၊(၁၃)ကြိမ်မြောက် အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့် အေသင်အိုလံပစ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲ ပြင်ဆင်ထားမှုအခြေအနေ၊ နိုင်ငံတကာမှ မြားပစ်ပြိုင်ပွဲဝင် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည့် အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌများက အခမ်းအနားပြင်ဆင်ရေး၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် (၁၃)ကြိမ်မြောက် အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် ၂၀၀၄ ခုနှစ် အေသင်အိုလံပစ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲများ ကျင်းပရေးအတွက် ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ်သိန်း ၃၀၀၊ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးတင့်ဆန်းက ငွေကျပ်သိန်း ၃၀၀၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုန်သွယ်ရေးကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာဦးစိန်သစ်က ငွေကျပ်သိန်း ၃၀၀နှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အေးရှားအိတ်စ်ပရက်ကုမ္ပဏီဥက္ကဋ္ဌ ဦးမောင်မောင်က ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက လှူဒါန်းသည့် ငွေကျပ်သိန်း၁၀၀ကို ပေးအပ်ရာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌတို့၏ ရှင်းလင်းတင်ပြချက်များအရ (၁၃)ကြိမ်မြောက် အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့် ၂၀၀၄ခုနှစ် အေသင်အိုလံပစ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲများ မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများမှာ အတော်ပင်ပြည့်စုံမှုရှိနေပြီဖြစ်သည်ကို တွေ့ရကြောင်း။

အောင်မြင်မည်ယုံကြည်

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့်အခါတိုင်းတွင် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများအားလုံး တညီတညွတ်တည်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လေ့ရှိသည့်အတွက် ပြိုင်ပွဲအစီအမံများ အမြဲတမ်းပင် ပြည့်စုံခမ်းနားထည်ဝါစွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် အစဉ်အလာနှင့်အညီ ယခုပြိုင်ပွဲကြီးသည်လည်း ပြည့်စုံအောင်မြင်မည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။

နိုင်ငံနှင့်အမျိုးဂုဏ်ပြသ

၁၉၉၈ခုနှစ်ကလည်း အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ခဲ့သည့် အတွေ့အကြုံရှိထားပြီးဖြစ်ရာ ယခုပြိုင်ပွဲကြီးသည်လည်း မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာ၊ နိုင်ငံနှင့်လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားထည်ဝါမှု၏ပြယုဂ်အဖြစ် ထင်ဟပ်ဖော်ညွှန်း ပြသနိုင်မည်ဟု ယုံကြည်ထားကြောင်း။

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အနေဖြင့် တိုတောင်းလှသည့် သက်တမ်းကာလ ရှစ်နှစ်မျှအတွင်းတွင် သက်တမ်း နှစ်ပေါင်း ၂၀ကျော် ၃၀ရှိသည့် တရုတ်၊ ကိုရီးယား စသည့်မြားပစ်အဖွဲ့ချုပ်များမှ အတွေ့အကြုံရင့်ကျက်သည့် အားကစားသမားများနှင့် လက်ရည်တူ ယှဉ်ပြိုင်နိုင်သည်ကို အားရကျေနပ်ဖွယ် တွေ့မြင်ရကြောင်း။

သို့ရာတွင် အားကစားသမားများအနေဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုလွန်ကဲမှုကြောင့် မြင်းကောင်းခွာလိပ်ဖြစ်ရပြီး အောင်နိုင်သင့်လျက် အောင်နိုင်မှုမရရှိခဲ့သည့် သင်ခန်းစာများကို သတိချပ်ရမှာဖြစ်ကြောင်း။

အောက်တိုဘာ ၂၅ရက်က ပဲခူးအသင်း (ရန်ကုန်)၏ (၁၄)ကြိမ်မြောက် မိသားစု မဟာဘုံကထိန်ကို အောင်ဆန်းအားကစားကွင်း တိုးချဲ့ဆောင် ပဲခူးအသင်း ရုံးခန်းတွင် ပြုလုပ်ရာ သရက်တောကျောင်းတိုက် ဓမ္မာစရိယ ဆရာတော်ဦးဣန္ဒဝံသထံ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးညွန့်ဇော်(ငြိမ်း) နှင့် အမှုဆောင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကြိုးစားယှဉ်ပြိုင်

မြန်မာနိုင်ငံ မြားပစ်အားကစားအဖွဲ့ချုပ်အနေဖြင့် အရည်အသွေးမြင့်မားလာပြီး နိုင်ငံတကာမြားပစ်ပြိုင်ပွဲများ၌ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည့် အားကစားသမားမောင်မယ်များရှိသော်လည်း ယခုကဲ့သို့ နိုင်ငံပေါင်း ၂၀ကျော်မှ မြားပစ်အားကစားအသင်း၂၀ကျော်၊ မြားပစ်အားကစားသမား ၂၅၀ခန့် ပါဝင်ဆင်နွှဲမည့် နိုင်ငံတကာပြိုင်ပွဲကြီးတွင် နိုင်ငံတိုင်း နိုင်ငံတိုင်းက ယှဉ်ပြိုင်အနိုင်ရရှိရေးအတွက် အပြိုင်အဆိုင်ကြိုးစားနေကြသည်ကိုသိရှိပြီး အလေးအနက်ကြိုးစားအားထုတ် ယှဉ်ပြိုင်သွားကြဖို့ လိုအပ်မှာဖြစ်ကြောင်း။

နိုင်ငံတကာ မြားပစ်ပြိုင်ပွဲကြီး အောင်မြင်ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းအသီးသီးက တက်ညီ လက်ညီ လက်တွဲပေါင်းစပ် စီမံဆောင်ရွက်နေကြပြီဖြစ်ရာ နိုင်ငံအတွက် ဂုဏ်ငယ်စရာမရှိတော့အောင် ပြည့်စုံနေပြီဖြစ်သည်ကို မြန်မာမြားပစ်အားကစားသမားမောင်မယ်များကသိရှိပြီး ပြိုင်ပွဲတွင် ယှဉ်ပြိုင်အောင်နိုင်ရေးဆိုသည့် မိမိတို့ အပိုင်းကဏ္ဍတာဝန်ကိုသာ ကျေပွန်စွာ စွမ်းဆောင်ကြရန်လိုတော့သည်ဟုခံယူထားကြရမှာဖြစ်ကြောင်း။

အောင်ပန်းဆင်ရန်လို

သို့ဖြစ်၍ မြန်မာမြားပစ်အားကစားသမားမောင်မယ်များအားလုံးက ကိုယ်ကာယကြံ့ခိုင်မှု၊ လေ့ကျင့်သားပြည့်ဝမှုတို့အပြင် စိတ်ဓာတ်တည်ငြိမ်ကြံ့ခိုင်မှု၊ ပြိုင်ပွဲယှဉ်ပြိုင်အောင်နိုင်ရမည်ဆိုသည့် စိတ်ဓာတ်ခိုင်မာမှု၊ အေသင်အိုလံပစ်မြားပစ်ပြိုင်ပွဲသို့ တက်လှမ်းနိုင်ရမည်ဆိုသည့် သန္နိဋ္ဌာန်မြဲမြံမှုတို့ဖြင့် ယှဉ်ပြိုင်အောင်ပန်းဆင်သွားကြရန် မှာကြားလိုကြောင်း။

ပြိုင်ပွဲကျင်းပစဉ်ကာလတစ်လျှောက်တွင်လည်း အားကစားဖြင့် နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်ရေးအပြင် မိမိနိုင်ငံ၏ တည်ငြိမ်အေးချမ်းသာယာဝပြောမှု၊ မိမိလူမျိုး၏ ယဉ်ကျေးသိမ်မွေ့ ပျူငှာဖော်ရွေမှု၊ စိတ်ဓာတ်ကြံ့ခိုင်တည်ကြည်ခိုင်မာမှုတို့ကို နိုင်ငံတကာမှ ပြိုင်ပွဲလာသူများ သိရှိခံစားသွားစေရအောင် ထုတ်ဖော်ပြသရင်း အိမ်ရှင်နိုင်ငံအနေဖြင့် ရိုးသားမှန်ကန်စွာ ယှဉ်ပြိုင်အနိုင်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်းခန်းမ၌ ခင်းကျင်းပြသထားသော ပြိုင်ပွဲသုံး အထောက်အကူပြုမြားပစ်ပစ္စည်းများ၊ ဆုတံဆိပ်နှင့်ဆုလက်မှတ်များ၊ ပြိုင်ပွဲလှူဆော်ရေးဆိုင်းဘုတ်များ၊ ပိုစတာများ၊ လက်ကမ်းစာစောင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းသို့ သွားရောက်၍(၁၃)ကြိမ်မြောက် အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့်၂၀၀၄ ခုနှစ် အေသင်အိုလံပစ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲကျင်းပရေး ပြင်ဆင်ဆောင်ရွက်နေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

အောက်တိုဘာ ၂၅ရက်က လှိုင်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်အေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ကျောင်းပတ်ဝန်းကျင်ရှိ မြက်များ ရှင်းလင်းကြရာ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်သန့်နှင့် လှိုင်မြို့နယ် ပညာရေးမှူး ဒေါ်ကြူကြူရွှေတို့က လှည့်လည်ကြည့်ရှုအားပေးစဉ်။ (က-ပ)

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ် စတုတ္ထအကြိမ်စည်းဝေး ဥက္ကဋ္ဌနေရာလွှဲပြောင်းလက်ခံပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ် (The Fourth Annual Meeting of Greater Mekong Subregion Business Forum) စတုတ္ထအကြိမ် အစည်းအဝေးနှင့် ဥက္ကဋ္ဌနေရာ လွှဲပြောင်းလက်ခံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အဆိုပါ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ် စတုတ္ထအကြိမ် အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယား၊ လာအို၊ တရုတ်နှင့် ဂျပန်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP)၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ဂျပန်နိုင်ငံ ပြည်ပကုန်သွယ်ရေးအဖွဲ့ (JETRO) နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့မှ ဌာနေ ကိုယ်စားလှယ်များ၊ မဟာမဲခေါင်ဒေသခွဲ ဥက္ကဋ္ဌနှင့် ဒေသခွဲအဖွဲ့ဝင် နိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းချုပ်အောက်ရှိ စီးပွားရေးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆက်စပ်ဆက်နွယ်နေသော သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပသတင်းစာဆရာများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ် စတုတ္ထအကြိမ် အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက အဖွင့်မိန့်ခွန်း ပြောကြားသည်။

ဆက်လက်၍ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ Mr. Chanpheng Bounnaphol က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) ကုန်သွယ်ရေးနှင့် စက်မှုလက်မှုဌာနခွဲမှ ဒါရိုက်တာ Dr. Ravi Ratnayake က အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် ကိုယ်စား အမှာစကားပြောကြားသည်။

ယင်းနောက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဌာန မဲခေါင်ဌာနခွဲမှ Investment Officer, Ms. Madeleine Varkay က အာရှဖွံ့ဖြိုးရေးဘဏ်ကိုယ်စား အမှာစကား ပြောကြားပြီး အာဆီယံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (ASEAN-CCI) မှ ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က အာဆီယံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းကိုယ်စား အမှာစကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ်သို့ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ် စတုတ္ထအကြိမ် အစည်းအဝေးနှင့် အဖွဲ့ဝင်များ ဆွေးနွေးပွဲကို နံနက် ၁၀ နာရီခွဲတွင် ဆက်လက်ကျင်းပရာ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ်၏ အထွေထွေအစီရင်ခံစာကို ဥက္ကဋ္ဌ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ Mr. Chanpheng Bounnaphol က ရှင်းလင်းတင်ပြပြီး မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ပရိုဂျက်ဒါရိုက်တာ ဒေါ်စန်းစန်းယုအုန်းက ဖတ်ကြားတင်ပြသည်။

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ် စတုတ္ထအကြိမ် အစည်းအဝေးနှင့် ဥက္ကဋ္ဌနေရာ လွှဲပြောင်းလက်ခံပွဲအခမ်းအနားတွင် အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ကုန်သည်များအသင်း (CCC)၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (LNCCI)၊ ထိုင်းနိုင်ငံ ကုန်သည်များအသင်း (TCC)၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UNFCCI)၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (VCCI) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုန်သည်များအသင်း (YPCC) တို့မှ အဖွဲ့ဝင် ကိုယ်စားလှယ်များသည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ်၏ ဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ်၏ Managing Director နှင့် Advisors များကို အဖွဲ့ဝင်များ၏ သဘောတူညီမှုဖြင့် ခန့်အပ်လိုက်ပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

အစည်းအဝေး မွန်းလွဲပိုင်း အစီအစဉ်များကို မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာ မောင်မောင်လေးက GMS-BF နှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ကုန်သည်များအသင်းမှ Director, Dr. Jingjai Hanchanlash က "Cross Border Trade and Investment Opportuities among GMS Counties ကိုလည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ Investment Officer, Ms. Madeleine Varkay က Transit Trade among Eocnomic Corridors ကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ Executive Vice President, Mr. Hoang Van Dung က GMS-BF Trade Fair ကိုလည်းကောင်း၊ ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်မှ Economic Affairs Officer, Mr. Masato Abe က GMS in a new Asia ကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။ ယင်းနောက်အဖွဲ့ဝင်ကိုယ်စားလှယ်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ်၏ လက်ရှိဥက္ကဋ္ဌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ Mr. Chanpheng Bounnaphol က ၎င်း၏ဥက္ကဋ္ဌရာထူးကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်ထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကိုကျင်းပသည်။

ထို့နောက် ဥက္ကဋ္ဌသစ်ဦးဝင်းအောင်က ဥက္ကဋ္ဌဟောင်းဖြစ်သူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ Mr. Chanpheng Bounnaphol နှင့် အထွေထွေအတွင်းရေးမှူး Mr. Khamsinthavong Nhouyvanisvong တို့အား ကျေးဇူးတင်ဂုဏ်ပြုလွှာပေးအပ်သည်။

ယင်းနောက် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ်ဥက္ကဋ္ဌသစ် ဦးဝင်းအောင်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါသင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၇

English (U.M.N) အင်္ဂလိပ်စကားပြောနှင့် Grammar သင်တန်းများကို နိုဝင်ဘာလဆန်းတွင် တန်းခွဲသစ်များ ထပ်မံဖွင့်လှစ်၍ ကျွမ်းကျင်စွာ ပြောဆိုနိုင်ရန်အတွက် ခေါင်းစဉ်တစ်ခုစီတွင် Vacobulary၊ Idiom၊ Usage၊ Slang တို့ကို ခေတ်မီစနစ်တကျနည်းဖြင့် တတ်မြောက်ရန် သင်ကြားပေးမည်ဖြစ်သည်။

Grammar ပိုင်းတွင် မေးခွန်းပုံစံ၊ အရေးအသား၊ ဘာသာပြန်တို့အတွက် သဒ္ဒါကို တတ်မြောက်အောင် သင်ကြားပေးပြီး အထူးအစီအစဉ်အဖြစ် ကျောင်းသူကျောင်းသားများ၊ ဝန်ထမ်းများ၊ ခရီးသွားမည့်သူများအတွက် တစ်ဦးချင်းသင်တန်း၊တစ်လသင်တန်းများကို ဆရာ English(U.M.N) ကိုယ်တိုင် ဦးစီးသင်ကြားပေးမည်ဖြစ်ရာ အမှတ်၁၅၄၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၀၈၅၀၃၊ ၂၈၆၁၅၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကလောစက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၂၇

ကလောစက်မှုလက်မှုသိပ္ပံ ကျောင်းသားကျောင်းသူများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီမှ ၁၂နာရီအတွင်း ဗဟန်းမြို့နယ်ရှိ ရွှေကျင်နိကာယ သာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ဦးထွန်းအောင် ၀၂-၆၃၀၃၆၊ ဦးအောင်စိုး ၀၁-၅၃၄၁၅၂၊ ဦးသိန်းဝင်း ၀၁-၅၃၉၈၇၇ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)



နှလုံးလှစာပေ လမ်း ၁၀၀၊ ဖုန်း-၀၁-၂၉၀၉၈၁ က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သော နိုဝင်ဘာလထုတ် ဓမ္မရံသီ ဓမ္မမဂ္ဂဇင်းမျက်နှာဖုံး။ (က-ပ)

အကြိမ်(၄၀)မြောက် ဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော သံဃာတော်များအား ကျောင်းသား ကျောင်းသူဟောင်းများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ သီရိမေဝတ်အသင်းနှင့် ရပ်ကွက်စေတနာရှင်များစုပေါင်း၍ အကြိမ်(၄၀)မြောက် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလဆန်း ၉ ရက် နိုဝင်ဘာ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင်ကျင်းပမည်ဖြစ်ရာ ပါဝင် လှူဒါန်းလိုသူများ ဖုန်း- ၅၄၅၈၃၇ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အင်္ဂပူမြို့ စံကျောင်းပရိယတ္တိစာသင်တိုက် ကထိန်ခင်းမည်

ရန်ကုန် အောက်တိုဘာ ၂၇

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် စံကျောင်းပရိယတ္တိ စာသင်တိုက်တွင် ရန်ကုန်မြို့မှ တပည့် ဒါယကာဒါယိကာမများက စံကျောင်းပရိယတ္တိ စာသင်တိုက်ပဓာနနာယကနှင့် ဓမ္မကထိကဆရာတော် အရှင်စက္ကိန္ဒ (အဂ္ဂမဟာ အကျော်) အရှင်သူမြတ်အား သိက္ခာထပ် မဟာဘုံကထိန် ပွဲတော်ကို ၁၃၆၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် နိုဝင်ဘာ ၇ ရက်တွင် စည်းကားသိုက်မြိုက်စွာ ကျင်းပလှူဒါန်းမည်ဖြစ်ရာ အလှူငွေထည့်ဝင် လှူဒါန်းလိုသူများသည် ဦးမြင့်အောင် (လမင်းသားကုမ္ပဏီလီမိတက်)ဖုန်း-၀၉-၉၉-၂၂၃၉၅၊ ဦးရန်မျိုးနိုင် (ပန်းသီးကုမ္ပဏီလီမိတက်) ဖုန်း-၆၁၀၆၈၉၊ ဦးတင်ဆင့် (စာရေးဆရာ မောင်တင်ဆင့်) ဖုန်း-၆၁၀၉၆၂၊ ဦးကံဝင်းဇော် (ချမ်းမြေ့အောင် ပုံနှိပ်တိုက်)ဖုန်း-၆၁၀၄၄၀၊ ဦးထွန်းသိန်း ဖုန်း- ၂၉၈၀၅၉၊ ဦးသန်းဦး (နဝရတ်ဆေးဆိုင်) ဖုန်း-၇၀၅၁၄၂ တို့ထံတွင် ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြှောက်တိုင်းလည်း မမြှောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

အောက်တိုဘာ ၂၇ ရက်က နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ကောဒသမအကြိမ် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို လှိုင်မြို့နယ် ကမာရွတ်ဘူတာရုံလမ်းရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ပရဟိတ(ကျား)ကျောင်း ဝေဇယန္တာခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်တို့က ကထိန်လျာ ဥတ်သင်္ကန်းကို တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ပရဟိတ(ကျား)ကျောင်းဆရာတော် အဘိဓဇအဂ္ဂမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိတထံ ဆက်ကပ်လှူဒါန်းစဉ်။ (နယ်စပ်/စည်ပင်)

ကထိန်သင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၇

ခေတ်မီမော်တာစက်ကြီးများအသုံးပြုပြီး ပိတ်အုပ်အသစ်များကို နိုင်လွန်ချည်ဖြင့် အလျားအနံ့အပြည့် ဝိနည်းညီချုပ်လုပ်ထားသော သမ္မတ ကထိန်သင်္ကန်းများကို ပစ္စည်းမှန်၊ဈေးမှန်ဖြင့် ရောင်းချနေပြီဖြစ်ရာ ရုံး၊စက်ရုံ၊စုပေါင်းလှူဒါန်းကြမည့် အဖွဲ့အစည်းများ၊ ဆယ်စုံအထက်မှာယူသူများကို အိမ်အရောက်ပို့ပေးမည်ဖြစ်ကြောင်းနှင့် သမ္မတ နိဗ္ဗာန်ကုန်နှင့်သင်္ကန်းအရောင်းဆိုင်သစ် အမှတ် ၁၅၆၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၃၂၈၂၊ ၅၄၃၂၀၆၊ အမှတ် ၁၁၈ (စီ)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၅၅၃၉၅၊ ၅၅၅၃၉၆၊ အမှတ် ၂၃(ဘီ)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၄၉၅၄တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့်(မြောက်ပိုင်း)ဆက်သွယ်မည့်လမ်း လမ်းအူကြောင်းရှာဖွေမှု မြို့တော်ဝန်ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ လိုက်ပါလျက် ယနေ့ နေ့လယ်က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ မောင်းမကန် ကမ်းသာလမ်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)သို့ ဆက်သွယ်ဖောက်လုပ်မည့် လမ်းအူကြောင်း ရှာဖွေသည့်နေရာသို့ ရောက်ရှိလာသည်။

မြို့တော်ဝန်နှင့် အဖွဲ့အား အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးက လမ်းဖောက်လုပ်မည့်နေရာ ရွေးချယ်ထားမှုကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းဖောက်လုပ်ရာတွင် အဓိကအားဖြင့် လမ်းအူကြောင်း တည့်မတ်ဖြောင့်တန်းရန် လိုအပ်ကြောင်း မှာကြားသည်။ **(အောက်ပုံ)**

ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ မောင်းမကန် ကမ်းသာလမ်းနှင့် လက်ရှိဆက်သွယ်ထားသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက်ရှိ ၁၅ လမ်းသည် အကျယ် ၁၂ ပေ၊ အရှည်ပေ ၄၀၀ ရှိသည်။ လမ်းသစ်ဖောက်လုပ်ပြီးပါက ၁၅ လမ်းသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)အထိ အကျယ် ၄၈ ပေ၊ အရှည် ပေ ၇၀၀၀ ရှိလာမည်ဖြစ်ပြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်များသို့ ဆက်သွယ်ပေးမည့် လေးလမ်းသွား လမ်းမကြီးတစ်လမ်းဖြစ်ပေါ်လာမည်ဖြစ်သည်။ (၂၁၀)

ဖားအော်တိုင်း မိုးမရွာပါ

* ဖားကောင်များတွေ၊ အော်ကြလေတိုင်း
မဆိုင်းမတွ၊ မိုးလေကျ၍
သွန်ချဖြိုင်မိုး၊ ရွာလိမ့်နိုးဟု
မျှော်ကိုးယုံစား၊ ထင်မထားနှင့်။
* ဖားကောင်များတွေ၊ အော်နေသခိုက်
မိုးရွာလိုက်တာ၊ ပြန်ကြည့်ပါက
တိမ်လွှာမည်းမှောင်၊ ပြိုယောင်ယောင်သွင်
ကောင်းကင်ပြင်ထဲ၊ ပျံ့ဝဲနေခိုက်
လာကြုံကြိုက်တာ၊ တွေ့နိုင်ပါ၏။
* ကောင်းကင်ထက်တွင်၊ တိမ်ကင်းစင်၍
ကြယ်စင်ဝင်းပ၊ ရွှေလထိန်သာ
ရှိသောခါမူ၊ ဆူဆူညံညံ
ဖားအော်သံတွေ၊ မိုးယံဖွေထိ
ရောက်လေသော်ငြား
မိုးသားတစ်ပေါက်၊ ဖြိုးတစ်ဖြောက်မျှ
ကျရောက်လိမ့်မည်မဟုတ်ပါ။
* ယခုအခါ၊ တို့မြန်မာ၏
အဇ္ဈောပြင်၊ မိုးကောင်းကင်သည်
တိမ်လျှင်မဲ့ကင်း၊ ကြယ်ခပင်းနှင့်
လမင်းသာလျက်ရှိပါ၏။ ။

ဖိုးဝ

မြန်မာနိုင်ငံဗိသုကာအသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

ဆဌမအကြိမ်မြောက် ဗိသုကာအသင်း သက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၈ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် ဘုရင့်နောင်လမ်းရှိ Lion City Hall ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဗိသုကာများနှင့် ဗိသုကာ ကျောင်းသားများအားလုံး ကြွရောက်ကြပါရန် ဗိသုကာအသင်းက နှိုးဆော်ထားသည်။ (က-ပ)



မိုးကုတ်ဝိပဿနာ တရားစခန်း

ရန်ကုန် အောက်တိုဘာ ၂၇

တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက(ကမ္မဋ္ဌာနာစရိယ)မွေကထိက ဗဟုဇနဟိတဓရ ရွှေမန်းဦးသူရိယ ဆရာတော်သည် (၁၃၆၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်)အထိ မင်းဘူးမြို့ အဖွဲ့ခွဲအမှတ် (၉၇)ရိပ်သာကြီးတွင် ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်အလုပ်ပေးတရားတော်များကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

(၆၃)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာအရှေ့တိုင်းဘဏ်(M.O.B)မှ ကြီးကြပ်ဝန်ထမ်းဟောင်း ဦးအောင်မြင့်စိုး(လူမှုထူးချွန် ဂုဏ်ထူးဆောင်နှင့် မျက်ကြည်လွှာအလှူရှင်) **(အပေါ်ပုံ)** သည် မင်္ဂလာဗျူဟာအသင်းချုပ်၌ အောက်တိုဘာ ၂၆ရက်က (၆၃)ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။ (က-ပ)

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရန်ကုန်ဆိပ်ကမ်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်မြစ်အတွင်း စုန်ဆန်မျောပါနေသည့် အမှိုက်များကြောင့် ဆိပ်ကမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်ရေးကို ထိခိုက်စေလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ ထို့အပြင် ဖော်ပြပါ ဒိုက်၊ အမှိုက်များကြောင့် ရန်ကုန်မြစ်အတွင်း သွားလာနေကြသည့် ကူးတို့စက်လှေများတွင် ပန်ကာ၊ ဒလက်များ၌ ဒိုက်၊ အမှိုက်များရစ်ပတ်မှုကြောင့် စက်လှေများမျောပါကာ သင်္ဘောကြီးများနှင့်တိုက်ခိုက်မိပြီး ခရီးသည်များ အသက်အန္တရာယ် ဆုံးရှုံးမှုဖြစ်စဉ်များဖြစ်ပွားခဲ့ပါသည်။

၃။ သို့ပါ၍ ၁၉၀၅ ခုနှစ် မြန်မာ့ဆိပ်ကမ်း အက်ဥပဒေပုဒ်မ(၆၅)ဖြင့်လည်း မြစ်အတွင်း ပစ္စည်းများစွန့်ပစ်ခြင်းကို တားမြစ်ထုတ်ပြန်ထားရှိပါ၍ ရန်ကုန်တိုင်းအတွင်းရှိ မြစ်ချောင်းများအတွင်း အမှိုက်၊ ဒိုက်များစွန့်ပစ်ခြင်းမပြုရန် သတိပေးတားမြစ်ပါသည်။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အောက်တိုဘာ၂၄ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၃-၂၀၀၄ခုနှစ် တက္ကသိုလ်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသူကျောင်းသား ၅၅ ဦးအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို အထက(၁)ကျောင်းခန်းမတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွဋ်က တက္ကသိုလ်ကျောင်းသူတစ်ဦးအား ပညာသင်စရိတ်ပေးအပ်စဉ်။ (၂၅၉)

ဝါမိုးအောင်စာပေ အမှတ် ၅၀၊ ၄၃ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ကဖြန့်ချိသည့် အပတ်စဉ် အင်္ဂါနေ့တိုင်းထုတ်ဝေသော အတွဲ(၂)၊ အမှတ်(၁၃) အောက်တိုဘာလထုတ် ဟာသဂျာနယ် မျက်နှာဖုံး။ (က-ပ)

အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ၁၄ ရက်မြောက်နေ့ ဆက်လက်ယှဉ်ပြိုင် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာမြတ်နိုးသူများ ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၂၇

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ၁၄ ရက်မြောက်နေ့ ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ စည်ကားသိုက်မြိုက်စွာဖြင့် ဆက်လက်ကျင်းပသည်။

ယနေ့ကျင်းပသည့် ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများ ကျင်းပရာသို့ ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင်များဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို လေးစားချစ်ခင်မြတ်နိုးကြသူများ၊ ရန်ကုန်မြို့တွင်ရောက်ရှိနေကြသော ကမ္ဘာလှည့်ခရီးသည်များ၊ ကျောင်းသားကျောင်းသူများတက်ရောက်ကြည့်ရှု နားသောတဆင် အားပေးကြသည်။**(အပေါ်ပုံ)**

အဆိုပြိုင်ပွဲ

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ၏ ၁၄ ရက်မြောက်နေ့ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲကိုကျင်းပရာ 'မန်းတောင်လကျာ်' (ယိုးဒယား) သီချင်းဖြင့် ချင်းပြည်နယ်မှ ဦးသိန်းထွန်း(ခ)တက္ကသိုလ်သိန်းထွန်း၊ မကွေးတိုင်းမှ ဦးဆလိုင်းစံကြည်၊ ကရင်ပြည်နယ်မှ မောင်အေးသန့်စင်ဦး၊ တနင်္သာရီတိုင်းမှ မောင်တင်ကိုကိုလွင်၊ မွန်ပြည်နယ်မှ ဦးတင်ဦးလှိုင်၊ ရန်ကုန်တိုင်းမှ ဦးရာဇာမင်း၊ ရခိုင်ပြည်မှ ဦးစန်းလွင်၊ ဧရာဝတီတိုင်းမှ ဦးထိန်လင်း၊ မန္တလေးတိုင်းမှ ဦးရဲသွေး(ခ) မောင်ဗိုလ်ထူးနှင့် ဦးကျော်စိုး၊ ပဲခူးတိုင်းမှ ဦးမြင့်ကြည်၊ ရန်ကုန်တိုင်းမှ ဦးပိုးလေး(ခ)မျိုးမင်းဝင်းနှင့် ရှမ်းပြည်နယ်မှ ဦးတင်ဝင်း (ညောင်ရွှေ)တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

အဆိုပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲကို ကျင်းပရာ 'သီတာ သီတာ ရောကြီး'(ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်၊ ကရင်ပြည်နယ်မှ မသဲနုအေး၊ ဧရာဝတီတိုင်းမှ မဝင်းပုံ့ပုံ့၊ ပဲခူးတိုင်းမှ မခိုင်နွယ်ကျော်၊ ရန်ကုန်တိုင်းမှ မဆုရည်ကိုကို၊ မန္တလေးတိုင်းမှ မရွှေရည်ဦး၊ ရခိုင်ပြည်နယ်မှ မခိုင်ခန့်ကြည်၊ မွန်ပြည်နယ်မှ မဖြိုးဇာမျိုးမြင့်၊ ကချင်ပြည်နယ်မှ မကြည်ကြည်ဝါ၊ ရှမ်းပြည်နယ်မှ မဟန်သူသူစိုး၊ ချင်းပြည်နယ်မှ မဒိန်ရှန်ဇို၊ မန္တလေးတိုင်းမှ မထက်ထက်လှိုင်နှင့် စစ်ကိုင်းတိုင်းမှ မပွင့်ဖူးဝေတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ညနေ၃နာရီတွင် ရပ်နားလိုက်သည်။

အိုးစည်

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အိုးစည်အတီးပြိုင်ပွဲကို နံနက်၉နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပညာရှင်အဆင့်(အမျိုးသား)(အဖွဲ့လိုက်)အိုးစည်အတီးပြိုင်ပွဲကို စတင်ကျင်းပရာ ရန်ကုန်တိုင်းမှ ဦးသိန်းဝင်းထွန်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးလှမြင့်(ခ)တေသားကြီးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးညွန့်ဦးနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ချင်းတွင်းစနေနှင့်အဖွဲ့၊မန္တလေးတိုင်းမှ ဦးအုန်းငွေနှင့်အဖွဲ့တို့ ပါဝင် ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား)အိုးစည်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ်မှ မောင်မျိုးမင်းနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ရဲဝင်းထွန်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်အောင်ဖုန်းသော်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်အောင်မိုးဦးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်စတားဗိုလ်ထက်နှင့်အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အတီးပြိုင်ပွဲ

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆိုင်း (တစ်ဦးချင်း)ပြိုင်ပွဲကို နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက် ကျင်းပသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ဆိုင်း(တစ်ဦးချင်း) ပြိုင်ပွဲတွင်'မြိုင်ဟေမာ'(ယိုးဒယား) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်အောင်အောင်၊ ရန်ကုန်တိုင်းမှ မောင်လွင်ကိုကိုဦး၊ ရန်ကုန်တိုင်းမှ မောင်မျိုးသန့်၊ စစ်ကိုင်းတိုင်းမှ မောင်ချမ်းသာတိုးနှင့် မန္တလေးတိုင်းမှ မောင်မိုးကျော်တို့ ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း အစီအစဉ် ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့်(အမျိုးသား)ဆိုင်း(တစ်ဦးချင်း)ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ 'ထူးမခြားနား'(သီချင်းခန့်)သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးအောင်ဆိုင်းမင်း၊ ကချင်ပြည်နယ်မှ ဦးချစ်ဝင်းမောင်၊ စစ်ကိုင်းတိုင်းမှ ဦးခိုင်မျိုးကျော်၊ ရန်ကုန်တိုင်းမှ ပတ္တမြားစတင်း၊ မကွေးတိုင်းမှ ဦးအောင်စန်းနိုင်၊ ကရင်ပြည်နယ်မှ ဦးစိန်ကုလား၊ မွန်ပြည်နယ်မှ ဦးစိန်အောင်မိုး၊ ဧရာဝတီတိုင်းမှ ဦးသန့်ဇော်၊ ပဲခူးတိုင်းမှ ဦးမြတ်ဇင်အောင်(ခ)မြအောင်၊ကယားပြည်နယ်မှ ဦးအောင်သန်းစိုး၊ မန္တလေးတိုင်းမှ ဦးကျော်မိုးနိုင်၊ ရန်ကုန်တိုင်းမှ တပ်ကြပ်ကြီးမြဝင်းဗိုလ်(မြဝတီ)၊ ချင်းပြည်နယ်မှ မောင်မြင့်နိုင်နှင့် ရှမ်းပြည်နယ်မှ ဦးတင်ထွေးတို့ ပြိုင်ပွဲဝင်ကြသည်။

(သတင်းစဉ်)

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့်(၅-၁၀)နှစ် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မဖြိုးဇာမျိုးမြင့် ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

	နေရာ ➡	(အမျိုးသားပြတိုက်)	(အမျိုးသားဇာတ်ရုံ)	(ကမ္ဘောဇဇာတ်ရုံ)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	ရက်စွဲ	အဆို	အတီး	အတီး	အတီး
၁၅	၂၈-၁၀-၂၀၀၃ (အင်္ဂါနေ့)	**မမ္မပူဇာတေး** (၁) အခြေခံ(၁၅-၂၀)(မ) **(နံနက်)** **ခေတ်ဟောင်း/ကာလပေါ်** (၂) ဝါသနာရှင်(ကျား) **(နေ့လယ်)**	**မယ်ဒလင်** (၁) အခြေခံ(၅-၁၀) (ကျား-မ) **(နံနက်)** (၂) ဝါသနာရှင်(ကျား-မ) **(နေ့လယ်)**	**ဒုံမင်း** (၁) ဝါသနာရှင် (ကျား-မ)**(နံနက်)** (၂) အခြေခံ(၅-၁၀) (ကျား-မ)	**ဒိုးပတ်** (၁) အခြေခံ(၅-၁၀)**(နံနက်)** (၂) ပညာရှင် **(နေ့လယ်)**

(ဆက်လက်ဖော်ပြပါမည်။)

ဖားကန့်၌ ဘိန်းဖြူနှင့် ဘိန်းစိမ်းဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၂၇

နယ်မြေခံတပ်၊ နယ်မြေခံထောက်လှမ်းရေးတပ်နှင့် မြစ်ကြီးနား မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် သတင်းအရ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာနေ ဦးမခေါ်ဂမ်၏နေအိမ်ကို ရှာဖွေရာ နေအိမ်အနောက်ဘက် ထင်းပုံပေါ်၌ ပီနံအိတ်ဖြင့်ထည့်ထားသော ဆပ်ပြာခွက် ၃၁ ခွက်အတွင်းမှ ဘိန်းဖြူ ၄၁၁ ဂရမ်ကိုလည်းကောင်း၊ နယ်မြေခံတပ်၊ နယ်မြေခံထောက်လှမ်းရေးတပ်၊ မြစ်ကြီးနား မူးယစ်အထူးအဖွဲ့နှင့် မြစ်ကြီးနားရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် စက်တင်ဘာ ၃၀ ရက်တွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာနေ ဦးမခေါ်ဂမ် နှင့် ဒေါ်ဂေါ်လူရွယ်တို့၏ နေအိမ်ကို ရှာဖွေရာ နေအိမ်အောက်ထပ် အိပ်စင်အောက်၌ စုပုံထားသည့် ကျောက်များအတွင်းဝှက်ထားသည့် ဘိန်းစိမ်း ၅ ဒသမ ၇၁၅ ကီလိုကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ တရားခံများအား ဖားကန့်ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးပညာပေးဟောပြော

ရန်ကုန် အောက်တိုဘာ ၂၇

မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အကြို ကျန်းမာရေးပညာပေးဟောပြောပွဲကို ယမန်နေ့က(င)ရပ်ကွက်ရုံး၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊အိမ်တွင်းစက်မှုလက်မှုဦးစီးဌာနမှ ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များတက်ရောက်ကြပြီး မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်စန်းတင့်က အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဒေါက်တာဒေါ်မြသန်းက HIVနှင့် AIDSကူးစက်ရောဂါအကြောင်း ဟောပြောသည်။**(က-ပ)**

မင်္ဂလာဈေးမိသားစုဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၂၇

မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးမိသားစု၏ (၁၇)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ ၆ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ဗဟန်းကြားတောရလမ်းရှိ မင်္ဂလာဈေးမဏ္ဍပ်ရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

မိုင်းဆတ်ခရိုင် ‘ဝ’ ဒေသ မိုင်းယွန်းခရီး

တောင်တွင်း ဘိုသိန်း

ကျွန်တော်တို့အဖွဲ့ ‘ဝ’ဒေသ မိုင်းယွန်းနယ်ခြားမြို့လေး ရောက်သောအခါ မွန်းလွဲ ၁ နာရီ ထိုးနေပါပြီ။ ကျွန်တော်နှင့်အတူ မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမျိုးညွန့်၊ မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးမှ ဦးစီးအရာရှိ ဦးဝင်းတင့်၊ ဒုတိယဦးစီးမှူး ဦးလှမျိုးအောင်၊ မိုင်းဆတ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဓာတ်ပုံသတင်းထောက် ဦးသန်းမြင့်နှင့် မိုင်းဆတ်ခရိုင် ဝမ်ဟုန်၊ မိုင်းယွန်း ‘ဝ’ဒေသ ဆက်ဆံရေးအရာရှိ ဦးကျော်နိုင်၊ မိုင်းဆတ်မြို့မှ ဒုအရာခံဗိုလ် ဆရာကြီး ဟင်ဆေး (ချင်းတိုင်းရင်းသား)တို့လည်း ပါဝင်ကြသည်ဖြစ်ရာ လူစုံ၍ မြိုင်သည့်ခရီးဟု ဆိုရပါလိမ့်မည်။

အထူးသဖြင့် ဤခရီး၏ အဓိကပန်းတိုင်မှာ မိုင်းယွန်း ‘ဝ’ဒေသအရောက် ချီတက်ရေးပင်ဖြစ်သည်။ ခရီးစဉ်၏ အစသည် အထူးဒေသ(၄) မိုင်းလားမြို့ပင် ဖြစ်သည်။ ဒုတိယမှာ ကျိုင်းတုံမှတစ်ဆင့် တာချီလိတ်မြို့ ခရီးဖြစ်၏။ တတိယခရီးမှာ တာချီလိတ်မှတစ်ဆင့် မိုင်းဆတ်၊ မိုင်းယွန်း ‘ဝ’ဒေသခရီး ဖြစ်သည်။

အထက်ဖော်ပြပါ ခရီးချီတက်ရာတွင် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၏ စီစဉ်ဆောင်ရွက်ပေးမှု၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၏ ကူညီဆောင်ရွက်ပေးမှုများနှင့် ကျိုင်းတုံမှ မိတ်ဆွေကြီး ဦးစိန်လှိုင်ကိုလည်း ကျေးဇူးတင်မိသည်။

မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်သည် မိုင်းယွန်း

မိုင်းယွန်းမြို့ရှိ စိုက်ပျိုးရေးအထောက်အကူပြု ရေသွယ်မြောင်းကို ဤသို့တွေ့ရစဉ်။

မြို့ပေါ်တွင် ထပ်ဆင့်လွှင့်ရုပ်သံ စက်ရုံတည်ဆောက်ရန်အတွက် မြေနေရာရွေးချယ်ရန်နှင့် နိုင်ငံတော်ကချပေးသည့် ငွေကြေးကို ဒေသခံ ‘ဝ’တိုင်းရင်းသားခေါင်းဆောင်များထံ အပ်နှံရန် ဤခရီးစဉ်တွင် လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

အမှန်အားဖြင့် ရှမ်းအရှေ့ဒေသ မိုင်းဆတ်ခရိုင် အတွင်းရှိ ဝမ်ဟုန် စိုက်ပျိုးခင်းနှင့် မိုင်းယွန်း ‘ဝ’တိုင်းရင်းသားတို့ ပျော်စံရာ နယ်စပ်ဒေသသည် ကျွန်တော်နှင့် စိမ်းလှသည်မဟုတ်ပါ။ ယခုအကြိမ်နှင့်ဆို သုံးကြိမ်ရှိပါပြီ။

ရှမ်းအရှေ့ အထူးဒေသ(၄)မှ စတင်သည့်ခရီးစဉ် အစ မြင်ကွင်းနှင့် ခရီးစဉ်အဆုံး မိုင်းဆတ်–မိုင်းယွန်း ခရီးစဉ်များကို အကန့်လိုက်အကန့်လိုက် သလဲသီးများကဲ့သို့ ပန်းနှယ်သီကုံး၍ ရေးသားပြီး စာတစ်စောင်ပေတစ်ဖွဲ့ စာပေမှတ်တိုင်ထူရန်အတွက် ခရီးရှည် ချီတက်လာခြင်းဖြစ်ရာ ဖော်ပြပါ ရည်မှန်းချက်များအားလုံး အောင်မြင်ခဲ့သည်ဟု ဆိုပါရစေ။

ယခု မိုင်းယွန်း ‘ဝ’ဒေသရှိ မြို့ပြတည်ဆောက်မှုလုပ်ငန်းများအပါအဝင် ရေအားလျှပ်စစ်စက်ရုံ၊ စိုက်ပျိုးရေးအတွက် ရေပေးဝေသည့် ရေသွယ်မြောင်းများ၊ ဘိန်းအစားထိုး သီးနှံများဖြစ်သည့် လိမ္မော်နှင့် နှင်းသီးစိုက်ခင်းများ၊ ရိက္ခာအတွက် ဆန်စပါးစိုက်ခင်းများ၊ မီးဖိုချောင်သုံး ဂေါ်ဖီ၊ပန်းဂေါ်ဖီနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ ဒေသခံတိုင်းရင်းသားတို့၏ ကျန်းမာရေးအတွက် အထောက်အကူပြုသည့် ဆေးရုံ ဆေးပေးခန်းများ၊ အနာဂတ်နိုင်ငံတော်၏ ဗိသုကာလေးများဖြစ်သည့် ‘ဝ’တိုင်းရင်းသားတို့၏ စာပေပညာသင်ကြားပေးသည့် အခြေခံပညာစာသင်ကျောင်းများ၊ လမ်းပန်းဆက်သွယ်ရေးတွင် အဓိကအရေးပါသည့် လမ်းတံတားမြင်ကွင်းများကို သတင်းမှတ်တမ်း ရိုက်ရင်း ကွင်းဆင်းလေ့လာခဲ့သည်။

ဤသို့ ကွင်းဆင်းလေ့လာရင်း မိုင်းဆတ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်သည် ဒေသခံ‘ဝ’တိုင်းရင်းသား ခေါင်းဆောင်များနှင့်အတူ ထပ်ဆင့်လွှင့် ရုပ်သံစက်ရုံ တည်ဆောက်မည့်နေရာများကိုပါ တစ်ပါတည်းလေ့လာမှတ်သားနေသည်ကိုလည်း ကျွန်တော်သတိပြုမိပါ၏။

အထူးသဖြင့် ယနေ့ခေတ်ကို Information Technology ခေတ်ဟု ဆိုကြပါ၏။ ယခင်က ကမ္ဘာတွင် 3C ဟူ၍ ရှိသည်။ Command (အမိန့်)၊ Control (အုပ်ချုပ်ခြင်း)၊ Communication(ဆက်သွယ်ခြင်း)တို့မှ တစ်ဆင့် ယခု ၂၁ရာစုတွင် 4CI ဖြစ်၍လာသည်။ C မှာ ကွန်ပျူတာဖြစ်ပြီး I မှာ Intelligence (သတင်းထောက်လှမ်းရေး) ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် သတင်းထောက်လှမ်းရေးကွန်ရက် နိမ့်ကျသည်နှင့်အမျှ ထိုနိုင်ငံ၏ လုံခြုံရေးသည်လည်း ယိုယွင်းလာမည်ဖြစ်သည်။ မည်သည့်လုပ်ငန်း လုပ်ကိုင်သည်ဖြစ်စေ သတင်းအချက်အလက် ပြည့်စုံမှန်ကန်မှုရှိရန် လိုအပ်သည်။ ကြိုတင်သိထားဖို့ဆိုလျှင် ကြိုတင်သတင်းထောက်လှမ်းစုံစမ်းရမည် ဖြစ်သည်။ ထို့အတူ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်နယ် ပြည်မ၊ တောင်ပေါ်မြေပြန့် နယ်စွန်နယ်ဖျား နယ်စပ်ဒေသများပါ မကျန် ပြည်ထောင်စုဖွား တိုင်းရင်းသားများကို စိတ်ပိုင်းဆိုင်ရာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်တိုးပွားရေးနှင့် မျိုးချစ်စိတ်ဓာတ် ပျံ့ပွားထွန်းကားရေးတို့တွင် သတင်းမီဒီယာ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှသည်။

အထူးသဖြင့် တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးသည် ခေတ်မီ လူထုဆက်သွယ်ရေး နည်းစနစ်အပေါ်တွင်လည်း များစွာတည်မှီနေသည်။ လူထုဆက်သွယ်ရေး နည်းစနစ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကိစ္စအဝဝတို့ကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

မိုင်းယွန်းမြို့ရောက် စာရေးသူတို့အဖွဲ့။

ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ကြည့်လျှင် တစ်နိုင်ငံလုံး လွှမ်းခြုံဖြန့်ချီထုတ်လွှင့်နေသည့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလုပ်ငန်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများအပြင် ပြည်သူများအား ပညာပေးမှု၊ ဖျော်ဖြေမှုလုပ်ငန်းများဖြစ်သည့် ရုပ်ရှင်၊ ဗီဒီယိုလုပ်ငန်းများ စသည်ဖြင့် အလွန်သိမ်မွေ့ပြီး ကျယ်ဝန်းနက်ရှိုင်းသော လုပ်ငန်းများ ဖြစ်သည်။

ယနေ့ ကမ္ဘာသို့ လှမ်းမျှော်ကြည့်မည်ဆိုလျှင် Mass Media ခေါ်သည့် တစ်ကမ္ဘာလုံးကို လွှမ်းမိုးထားနိုင်သော လူထုဆက်သွယ်မှုစနစ်များ၊ Multi Media ခေါ်သည့် ခေတ်မီအီလက်ထရွန်နစ် သတင်းဖြန့်ချိမှုနည်းလမ်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်နေသည့် နိုင်ငံကြီးအချို့သည် ခေတ်မီပြန်ကြားရေးနည်းစနစ်သစ်များကို အသုံးချပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သူတို့ဖြစ်စေချင်သည့် လူနေမှုစနစ်များနှင့် ယဉ်ကျေးမှုဓလေ့စရိုက်များကို ဇွတ်အတင်းသွတ်သွင်းပြီး စိတ်ပိုင်းဆိုင်ရာ လွှမ်းမိုးပုံသွင်းမှုများ လုပ်ဆောင်နေသဖြင့် အန္တရာယ်သည် ပိုမိုကြီးမားလာလျက်ရှိသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအဖို့ ခေတ်နှင့်အညီ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ ထိထိရောက်ရောက်အသုံးပြုပြီး မိမိနိုင်ငံနှင့် မိမိလူမျိုး၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဖော်ဆောင်ကြရမည် ဖြစ်သည်။

အထူးသဖြင့် အမိနိုင်ငံတော်ကို စွန့်ခွာထွက်ပြေးပြီး ပြည်ပနိုင်ငံများတွင် ခိုလှုံနေထိုင်ရင်း မြန်မာနိုင်ငံအပေါ် ဆန့်ကျင်လှုပ်ရှားနေသည့် အဖျက်သမားအုပ်စုများနှင့် မြန်မာနိုင်ငံနယ်စပ်အနီး ခိုအောင်းနေထိုင်ပြီး မြန်မာနိုင်ငံအပေါ် အကြမ်းဖက်နှောင့်ယှက်နေသည့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များသည် ယခုတလောတွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန် အသရေဖျက်လုပ်ကြံစွပ်စွဲမှုများကို ပြည်ပ မီဒီယာများ အသုံးချပြီး လုပ်ဆောင်လျက်ရှိနေသည်ကို တွေ့မြင်နေရသည်။

ထို့အပြင် ကမ္ဘာ့မီဒီယာကို တလွဲအသုံးချပြီး မြန်မာနိုင်ငံအား မမှန်သောစွပ်စွဲချက်အမျိုးမျိုးဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကွက်ချ စီစဉ်လုပ်ကြံထုတ်လွှင့်ရင်း မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက မကောင်းသည့်ပုံရိပ်ဖြင့် ရှုမြင်လာစေရန် အမျိုးမျိုးသောလုပ်ငန်းများကိုလည်း လုပ်ဆောင်နေကြသည်။

ယင်းတို့ကို ချေဖျက်နိုင်ရေးမှာ သံတမန်ရေးနည်းလမ်းများ၊ မြန်မာနိုင်ငံရှိ လူမှုရေးအသင်းအဖွဲ့များ၏ တက်ကြွစွာစည်းရုံးလှုပ်ရှားမှုနည်းများဖြင့် တုံ့ပြန်ဆောင်ရွက်ရန်အပြင် သတင်းမှန်များ ဖော်ပြခြင်း၊ လုပ်ကြံစွပ်စွဲမှုများ၏ ဇာစ်မြစ်ကို ဖော်ထုတ်ခြင်းဖြင့် မီဒီယာ နည်းလမ်းများသုံးကာ ထိထိရောက်ရောက် ဆောင်ရွက်ရန်အတွက် ယခုကဲ့သို့ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ‘ဝ’တိုင်းရင်းသားတို့ ပျော်စံရာ မိုင်းဆတ်ခရိုင် မိုင်းယွန်းဒေသို့ ကျွန်တော်တို့အဖွဲ့ အချိန်ယူ ကွင်းဆင်းလာခဲ့ခြင်းပင် ဖြစ်သည်။

မဟုတ်မမှန် လုပ်ဇာတ်ခင်းစွပ်စွဲမှုများကို တန်ပြန်မီဒီယာနည်းလမ်းများ အသုံးပြုကာ ချေဖျက်သွားရေးမှာ ကျွန်တော်တို့ သတင်းနှင့်ပြန်ကြားရေးသမားများ၏ တာဝန်ပင် မဟုတ်ပါလား။ ။

ပြည်ပပို့ကုန်ဈေးကွက်လုပ်ငန်းမြှင့်တင်ရေးသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် The Association for Overseas Technical Scholarship Overseas Technical Scholarship (AOTS) Japan တို့ ပူးပေါင်း၍ ပြုလုပ်သော ပြည်ပ ပို့ကုန်ဈေးကွက်လုပ်ငန်း မြှင့်တင်ရေး (Export Market Promotion Course) သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၁ရက် နံနက် ၉ နာရီတွင် Kandawgyi Palace (Mingalar Hall)၌ ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ Mr. Kazuhisa Ogawa, General Manager AOTS (Bangkok Office)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဗဟိုအလုပ် အမှုဆောင် ဦးမိုးကျော်တို့က အမှာစကားပြောကြားကြသည်။ သင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ရက် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်တင်နှင့် မြို့နယ်ဦးစီးအရာရှိ ဒေါက်တာမောင်မောင်ရည်တို့အဖွဲ့ အောက်တိုဘာ ၂၀ရက်က လက်ပံတန်းမြို့နယ် ငွေးတောက်ကွင်းကျေးရွာမှ မွေးမြူရေးသမားငါးဦးတို့အား တန်ဖိုးသင့် စာရင်းမှတ်စနစ်ဖြင့် ကြက်ကောင်ရေ ၅၀ နှင့် အရင်းမပျောက် မတည်ငွေဖြင့် ကြက်ကောင်ရေ ၁၅၀ ကို ဖြန့်ဖြူးပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို အောက်တိုဘာ ၁ ရက်က သာစည်မြို့ အမှတ်(၁)အထက၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးညွန့်မောင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဆွေထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။(က–ပ)

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် လွတ်လပ်ရေးပန်းခြံ အဆင့်မြှင့်ပြုပြင်ခြင်းကို အမှုဆောင်အရာရှိ ဦးသန်းဝင်း ဦးဆောင်၍ ဝန်ထမ်းအင်အား ၈၀ ကျော်ဖြင့် စက်တင်ဘာ ၂၈ ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပို့ဆောင်ရေးနှင့်စီမံဖွဲ့စည်းမှုကဏ္ဍပူးပေါင်းဆောင်ရွက် အာဆီယံစီးပွားရေးအသိုက်အဝန်းဖြစ်ပေါ်လာစေရန် ပြင်ဆင်ရေးအတွက်လွန်စွာအထောက်အကူပြု

ပူးတွဲသတင်းထုတ်ပြန်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တွင် အောက်တိုဘာ ၂၅ ရက်က ကျင်းပသည့် ပထမအကြိမ်မြောက် အာဆီယံနှင့်ဂျပန် ပို့ဆောင်ရေး ဝန်ကြီးများအစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ပထမအကြိမ်မြောက် အာဆီယံ နှင့် ဂျပန် ပို့ဆောင်ရေး ဝန်ကြီးများ အစည်းအဝေး (1st ATM+Japan) ကို ၂၀၀၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် ဂျပန်နိုင်ငံ ကုန်းလမ်း၊ အခြေခံ အဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပါလီမန်ဆိုင်ရာ အတွင်းရေးမှူး မစ္စတာယိုဆူကေ ဆုရုဟို တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

၂။ ဝန်ကြီးများသည် မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပခဲ့သော အာဆီယံနှင့် ဂျပန် ထိပ်သီးဆွေးနွေးပွဲတွင် "အာဆီယံနှင့် ဂျပန်အကြား ကျယ်ကျယ်ပြန့်ပြန့် စီးပွားရေး လက်တွဲဆောင်ရွက်မှု မူဘောင်"အား အကြီးအကဲများက လက်မှတ်ရေးထိုးခဲ့မှုကို ကြိုဆိုခဲ့ကြသည်။ ဤဆောင်ရွက်မှုသည် အာဆီယံနှင့် ဂျပန်တို့အကြား စွမ်းရည်ပြည့်ဝသော ကုန်စည်ပို့ဆောင်ရေးစနစ်၊ ဘေးကင်းလုံခြုံသော ပင်လယ်ကူးသင်္ဘောကြီးဖြင့် ပို့ဆောင်ရေးနှင့် လေကြောင်းပို့ဆောင်ရေးစနစ်တို့ ရရှိစေရန်အတွက် နှစ်ဦးနှစ်ဖက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်စေခဲ့သည်။ ဤသို့ ပို့ဆောင်ရေးနှင့်စီမံဖွဲ့စည်းမှုကဏ္ဍတို့တွင် ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်မှုသည် အာဆီယံ စီးပွားရေးအသိုက်အဝန်းဖြစ်ပေါ်လာစေရန် ပြင်ဆင်ရေးအတွက် လွန်စွာအထောက်အကူဖြစ်စေခဲ့သည်။

၃။ ဝန်ကြီးများသည် အာဆီယံ ဂျပန်ပို့ဆောင်ရေး လက်တွဲဆောင်ရွက်မှုအတွက် "ကိုးကားရမည့်အချက်အလက်များ"ကို အတည်ပြုခဲ့သည်။ ထို့အပြင် ၂၀၀၃-၂၀၀၄ခုနှစ်အတွင်း အကောင်အထည်ဖော်မည့် အာဆီယံ-ဂျပန် ပူးတွဲစီမံကိန်း (၁၆)ခုနှင့် ၎င်း၏လုပ်ငန်းစီမံချက်များကိုလည်း အတည်ပြုခဲ့သည်။ အာဆီယံနှင့် ဂျပန်တို့သည် မူဝါဒဆိုင်ရာ ဆွေးနွေးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး၊ ရပ်ပိုင်းဆိုင်ရာဖြန့်ဝေရေးနှင့် စီမံဖွဲ့စည်းရေး၊ ရေကြောင်းပို့ဆောင်မှု ဘေးကင်းလုံခြုံရေး၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်မှု ဘေးရန်ကင်းရှင်းရေးနှင့် စွမ်းရည်ပြည့်ဝရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အဆင့်မြင့်ပို့ဆောင်ရေးနည်းပညာများ စသည့်ကိစ္စရပ်များတွင် လက်တွဲဆောင်ရွက်ကြမည်ဖြစ်သည်။ အဆိုပါ စီမံကိန်း(၁၆)ခုကို နောက်ဆက်တွဲတွင် ဖော်ပြထားသည်။

၄။ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ရေကြောင်းလုံခြုံရေးနှင့် လုယက်တိုက်ခိုက်ခံရမှု ချေမှုန်းရေးနှင့်ပတ်သက်သော ဆွေးနွေးပွဲကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း၊ အာဆီယံ-ဂျပန် ပို့ဆောင်ရေးဆိုင်ရာ စီမံဖွဲ့စည်းမှု ကျွမ်းကျင်သူများအဖွဲ့၏ ပထမဆုံးအစည်းအဝေးကို ၂၀၀၃ခုနှစ် နိုဝင်ဘာလတွင်လည်းကောင်း၊ လေကြောင်းသွားလာမှုစနစ်ဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၀၄ခုနှစ် ဇန်နဝါရီလတွင် လည်းကောင်း ကျင်းပမည်ဖြစ်သည်။ ထို့အပြင် အာဆီယံ-ဂျပန် ပူးတွဲစီမံကိန်း(၁၆)ရပ် အကောင်အထည်ဖော်ရာတွင် တိုးတက်လာမှုနှင့် နောက်ထပ်အဆိုပြု စီမံကိန်းအသစ်များကို စဉ်းစားဆုံးဖြတ်နိုင်ရန် ဒုတိယအကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးမူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုလည်း ၂၀၀၄ခုနှစ် ဒုတိယလေးလပတ်အတွင်းတွင် ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ပင် ကျင်းပမည် ဖြစ်ပါသည်။

၅။ ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ဒုတိယအကြိမ်မြောက် အာဆီယံနှင့် ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး(2ndATM+Japan)ကို ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပါသည်။

၆။ ပထမအကြိမ်မြောက် အာဆီယံနှင့် ဂျပန်ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတွင် တက်ရောက်သောဝန်ကြီးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) H.E.Pehin Dato Haji Zakaria Sulaiman ဝန်ကြီး၊ ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ။
(ခ) H.E. Mr.Chhin Kong Hean ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ဆောက်လုပ်ရေးနှင့်ပို့ဆောင်ရေးဦးစီးဌာန၊ ကမ္ဘောဒီးယားနိုင်ငံ။
(ဂ) H.E. Mr.Agum Gumelar ဝန်ကြီး၊ ဆက်သွယ်ရေးဝန်ကြီးဌာန၊ အင်ဒိုနီးရှားနိုင်ငံ။
(ဃ) H.E. Mr. Yousuke Tsuruho ပါလီမန်ဆိုင်ရာအတွင်းရေးမှူး၊ ကုန်းလမ်း၊ အခြေခံအဆောက်အအုံနှင့်ပို့ဆောင်ရေးဝန်ကြီးဌာန ဂျပန်နိုင်ငံ။
(င) H.E. Mr.Bouathong Vonglokham ဝန်ကြီး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ စာတိုက်နှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လာအိုနိုင်ငံ။
(စ) H.E. Dato' Chan Kong Choy ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မလေးရှားနိုင်ငံ။
(ဆ) H.E. Major General Hla Myint Swe ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ။
(ဇ) H.E. Mr.Arturo T.Valdez ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဖိလစ်ပိုင်နိုင်ငံ။
(ဈ) H.E. Mr.Yeo Cheow Tong ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စင်ကာပူနိုင်ငံ။
(ည) H.E. Mr.Nikorn Chamnong ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ထိုင်းနိုင်ငံ။
(ဋ) H.E. Mr.Pham The Minh တွဲဖက်ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗီယက်နမ်နိုင်ငံ။
(ဌ) H.E. Mr.Ong Keng Yong အာဆီယံအတွင်းရေးမှူးချုပ်။

အာဆီယံ-ဂျပန်ပို့ဆောင်ရေးလက်တွဲဆောင်ရွက်မှုစီမံကိန်းများ

(၁) Maritime Transport Security Program
(၂) Transport Logistics Project
(၃) Transport Policy Officials Training in Japan
(၄) Seafarers Policy Cooperation
(၅) New Air Navigation System
(၆) Automobile Technical Cooperation Project on Safety and Environment
(၇) ASEAN Railways Revival Plan
(၈) Cruise Promotion Project
(၉) Port Technology Research Project
(၁၀) Urban Transport Policy Framework
(၁၁) Cooperation on Coast Guard Development
(၁၂) Public Transport Smart Card Initiative
(၁၃) High Speed Maritime Network Project
(၁၄) "Mega-Float" Promotion Project
(၁၅) Intelligent Transport System Development
(၁၆) Road Signage Harmonization in ASEAN

စုစုစည်းစည်း ပြည့်ပြည့်စုံစုံရှိသော ပို့ဆောင်ရေးကွန်ရက်တစ်ခုတည်ဆောက်

ပူးတွဲသတင်းထုတ်ပြန်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တွင် အောက်တိုဘာ ၂၅ ရက်က ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာဆီယံနှင့်တရုတ်ပို့ဆောင်ရေး ဝန်ကြီးများအစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဒုတိယအကြိမ်မြောက် အာဆီယံနှင့်တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး(2nd ATM+China)ကို ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Zhang Chunxian တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

၂။ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပခဲ့သော(၉)ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲမှ ပေါ်ထွက်လာသော အာဆီယံနိုင်ငံအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြီးအကဲတို့၏ "ငြိမ်းချမ်းရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် မဟာဗျူဟာမြောက် လက်တွဲဆောင်ရွက်မှု ပူးတွဲကြေညာစာတမ်း"ကို ဝန်ကြီးများက ကြိုဆိုခဲ့ကြသည်။ ၎င်းကြေညာစာတမ်းသည် အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ငြိမ်းချမ်းရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် လက်တွဲဆောင်ရွက်နိုင်ရန် အဓိကအရေးပါသော စာတမ်းဖြစ်သည်။ ထို့အပြင် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ဘက်စုံကျယ်ကျယ်ပြန့်ပြန့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူညီချက်တွင် ထပ်မံပြင်ဆင်ဖြည့်စွက်သည့် စာချုပ်ငယ်အား အာဆီယံနှင့် တရုတ် စီးပွားရေးဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့မှုကို ကြိုဆိုခဲ့ကြသည်။ဤသို့ လက်မှတ်ရေးထိုးလိုက်ခြင်းသည် အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုနယ်မြေဖြစ်ပေါ်လာရေးအတွက် ရှေးဦးအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်လိုက်ခြင်းဖြစ်သည်။

၃။ ပထမအကြိမ် အာဆီယံနှင့် တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးမှစ၍ ဆောင်ရွက်ခဲ့သော အာဆီယံနှင့် တရုတ် ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု၏ ခိုင်မာသောတိုးတက်မှုများအပေါ် ဝန်ကြီးများကသုံးသပ်၍ အားရကျေနပ်ကြောင်း ထုတ်ဖော်ခဲ့ပါသည်။

၄။ လူနှင့်ကုန်စည် လျင်မြန်ချောမွေ့စွာ စီးဆင်းသွားလာနိုင်ရေးအတွက် စုစုစည်းစည်း ပြည့်ပြည့်စုံစုံရှိသော ပို့ဆောင်ရေးကွန်ရက်တစ်ခုတည်ဆောက်ခြင်းသည် အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုနယ်မြေဖြစ်ပေါ်လာစေရန် အလွန်အရေးကြီးသော အခြေခံအဆောက်အအုံတစ်ခုဖြစ်ကြောင်း ဝန်ကြီးများက ထပ်မံအတည်ပြုခဲ့ကြသည်။အာဆီယံ-တရုတ် ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုကျယ်ပြန့်၊ ပြည့်ဝ၊ တိုးတက်စေရန်အတွက် စုစည်းညီညွတ်ခိုင်မာသော ပို့ဆောင်ရေးဆက်သွယ်မှုကိုရရှိအောင် ဆောင်ရွက်ရုံသာမက ကာလလတ်မှသည် ကာလရှည် ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု အခြေခံတစ်ရပ်ကို ခိုင်မာစွာချမှတ်ရန်လည်း ဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

၅။ အထက်ပါအချက်များ ပြီးမြောက်စေရေးအတွက် ဝန်ကြီးများသည် အာဆီယံ-တရုတ် ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာတစ်ရပ် Mou ကို အပြီးသတ်ပြုစုရန် သဘောတူညီခဲ့ကြသည်။ ဝန်ကြီးများက ၎င်းတို့၏ အဆင့်မြင့်အရာရှိကြီးများအား Mou မူကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြပြီး ၂၀၀၄ ခုနှစ်တွင် ကျင်းပမည့် တတိယအကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး(သို့မဟုတ်)၂၀၀၄ ခုနှစ်တွင် ကျင်းပမည့် အာဆီယံ-တရုတ် ထိပ်သီးညီလာခံတွင် လက်မှတ်ရေးထိုးနိုင်သည့် နောက်ဆုံးမူကြမ်းအဖြစ် ရောက်ရှိအောင် ဆောင်ရွက်ကြရန် တာဝန်ပေးအပ်ခဲ့သည်။၎င်း Mou သည် အာဆီယံနှင့် တရုတ်ကြား ပို့ဆောင်ရေး အခြေခံအဆောက်အအုံတိုးတက်ရေးနှင့် တည်ဆောက်ရေး၊ ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး၊ ရေကြောင်းသွားလာမှု ဘေးကင်းလုံခြုံရေး၊ ကုန်းလမ်း၊ ပြည်တွင်းရေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေးတို့တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရထားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက် အပြန်အလှန်ပေးအပ်ရေး စသည်တို့နှင့် သက်ဆိုင်သော ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုများကို ဖော်ဆောင်မည်ဖြစ်သည်။

၆။ ဝန်ကြီးများသည် ဆိပ်ကမ်းစီမံခန့်ခွဲမှုနှင့် ဈေးကွက်ရှာဖွေရေး၊ ပြည်တွင်းရေကြောင်းသွားလာမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ပူးတွဲစားပွဲတင်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလေ့ကျင့်ဆောင်ရွက်မှုများစသည်တို့နှင့် သက်ဆိုင်သော ကနဦးပူးတွဲစီမံကိန်းများနှင့် လုပ်ငန်းများအား အကောင်အထည်ဖော်မှုကို အတည်ပြုခဲ့ကြသည်။ အဆိုပါပူးတွဲစီမံကိန်းများကို ၂၀၀၄-၂၀၀၅ ခုနှစ်များတွင် အကောင်အထည်ဖော်မည်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရန်ပုံငွေပံ့ပိုးမည်ဖြစ်သည်။

၇။ တတိယအကြိမ်မြောက် အာဆီယံနှင့်တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၀၄ ခုနှစ် အောက်တိုဘာတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

၈။ ဒုတိယအကြိမ်မြောက် အာဆီယံနှင့်တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတွင် တက်ရောက်သော ဝန်ကြီးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) H.E. Pehin Dato Haji Zakaria Sulaiman ဝန်ကြီး၊ ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ။
(ခ) H.E. Mr. Chhin Kong Hean ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဦးစီးဌာန၊ ကမ္ဘောဒီးယားနိုင်ငံ။
(ဂ) H.E. Mr. Zhang Chunxian ဝန်ကြီး၊ ဆက်သွယ်ရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံ။
(ဃ) H.E. Mr. Agum Gumelar ဝန်ကြီး၊ ဆက်သွယ်ရေးဝန်ကြီးဌာန၊ အင်ဒိုနီးရှားနိုင်ငံ။
(င) H.E. Mr. Bouathong Vonglokham ဝန်ကြီး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊စာတိုက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လာအိုနိုင်ငံ။
(စ) H.E. Dato' Chan Kong Choy ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မလေးရှားနိုင်ငံ။
(ဆ) H.E. Major General Hla Myint Swe ဝန်ကြီး၊ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ။
(ဇ) H.E. Mr. Arturo T. Valdez ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဖိလစ်ပိုင်နိုင်ငံ။
(ဈ) H.E. Mr. Yeo Cheow Tong ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စင်ကာပူနိုင်ငံ။
(ည) H.E. Mr. Nikorn Chamnong ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ထိုင်းနိုင်ငံ။
(ဋ) H.E. Mr. Pham The Minh တွဲဖက်ဝန်ကြီး၊ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗီယက်နမ်နိုင်ငံ။
(ဌ) H.E. Mr. Ong Keng Yong အာဆီယံအတွင်းရေးမှူးချုပ်။

တပ်ရင်းတပ်ဖွဲ့များ၏ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများတိုင်းမှူးစစ်ဆေး

ပုသိမ် အောက်တိုဘာ ၂၆

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများလိုက်ပါလျက် အောက်တိုဘာ ၂၃ ရက်နံနက်က တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များ၏ စုပေါင်းစိုက်ပျိုးမွေးမြူရေးစခန်းသို့သွားရောက်ကာ စခန်းအတွင်းတပ်ရင်းများအလိုက် ဝက်မွေးမြူရေး၊ ဥစားကြက်မွေးမြူရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် စိုက်ပျိုးမွေးမြူရေးစခန်းရှေ့ရှိ မြဝတီရပ် မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ပြီးစက်ရုံ၏ နေ့စဉ်လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် စုပေါင်း စိုက်ပျိုးမွေးမြူရေးစခန်း အနီးရှိ ကျေးရွာအခြေခံပညာ မူလတန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထိုကျောင်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးသည် ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း တည်ထားကိုးကွယ်သည့် အောင်ချမ်းသာစေတီတော် ဘက်စုံပြုပြင်မွမ်းမံမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စေတီတော် ပြုပြင်မွမ်းမံရေးအဖွဲ့ နာယကဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသီရိထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမတွင် တိုင်းအဆင့်စိုက်ပျိုးထုတ်လုပ်မှု၊ တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များအား တွေ့ဆုံ၍ နွေစပါးစိုက်ပျိုးရေးအတွက် လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရေး၊ မိုးစပါးများအချိန်မီ ရိတ်သိမ်းခြွေလှေ့ရေးနှင့် အလေအလွင့်နည်းပါး အောင်ဆောင်ရွက်ရေးဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်တိုဘာ ၁၈ ရက်က တွံတေးမြို့ မင်းပိုင်းရပ်ကွက် မဇေဒါ ၃ လမ်းရှိ ရတနာဇေယျာ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသာသနအား (၁၁)ကြိမ်မြောက် မိသားစုဘုံကထိန်ပွဲတော်၌ ကထိန်မတည် အလှူဒါယကာဦးဝင်းထွဋ်–ဒေါ်ခင်မာရီမိသားစုက ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

မဇ္ဈိမဗျူဟာသာသနမာမကအဖွဲ့ (သာယာဝတီ)လှူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေ သင်တန်းကျောင်း၏ ပထမအကြိမ်အဘိဓမ္မာရိုးရိုးစာအောင်ပုဂ္ဂိုလ်များ ဆုနှင်းပွဲကို အောက်တိုဘာ ၉ ရက်က သာယာဝတီမြို့ ဈေးလမ်းရှိ သမ္မာဆန္ဒဓမ္မာရုံ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သိန်းလွင်က ပထမဆုရ မယဉ်ယဉ်ရွှေအား စာအောင်ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

လှိုင်ကော်မြို့ သီရိဒေါ်ဘိုးဘွားရိပ်သာဓမ္မာရုံ ပန္နက်တင်မင်္ဂလာကျင်းပ

လှိုင်ကော် အောက်တိုဘာ ၂၅

ကယားပြည်နယ် လှိုင်ကော်မြို့ သီရိဒေါ် ဘိုးဘွားရိပ်သာ ဓမ္မာရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၆ရက်က သီရိဒေါ်ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင်မင်္ဂလာအချိန်၌ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဦးနှင့် တာဝန်ရှိသူများက ဘိုးဘွားရိပ်သာဓမ္မာရုံကို ပန္နက်တင်ပေးကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ကြသည်။ ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် ဆောက်လုပ်ပြီးဖြစ်သည့် ဘိုးဘွားအိပ်ဆောင်နှင့်အိပ်ဆောင်အတွင်း ခင်းကျင်းထားမှုများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲ၂နာရီတွင် ပြည်နယ်ဥက္ကဋ္ဌသည် လှိုင်ကော်မြို့ ပြည်နယ်အားကစားကွင်းတွင် ကျင်းပသည့် ၂၀၀၃ ခုနှစ် ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်နှင့်ဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)

မိုးဘေးကင်းဝေးရေး အမှိုက်သရိုက်များရှင်း

ပဲခူး အောက်တိုဘာ ၁၇

ပဲခူးမြို့နယ်စည်သာယာရေးအဖွဲ့ပိုင် ကုန်းသာယာသနပ်ဖက်ဈေး မီးဘေးကင်းဝေးစေရေးနှင့် သန့်ရှင်းသပ်ရပ်စေရေးအတွက် ဈေးအတွင်းအပြင် အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းကို အောက်တိုဘာ ၁၆ ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် ဒု–ဦးစီးမှူး(ဈေး) ဦးခိုင်လျှန်းထန်တို့ ဦးဆောင်ကာ စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့များ၊ ဈေးအကျိုးဆောင်များ၊ ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

သွေးလှူရှင်များနေ့နှင့် သွေးလှူရှင်များဂုဏ်ပြုပွဲ

ရန်ကုန် အောက်တိုဘာ ၂၆

(၂၇)ကြိမ်မြောက် သွေးလှူရှင်များနေ့နှင့် သွေးလှူရှင်များဂုဏ်ပြုပွဲကို ဒီဇင်ဘာလတွင်ရန်ကုန်မြို့၌ကျင်းပမည်ဖြစ်ရာ (၂၆) ကြိမ်မြောက် သွေးလှူရှင်များနေ့ နောက်ပိုင်းတွင် အကြိမ်(၅၀)နှင့်အကြိမ် (၅၀)အထက် သွေးလှူရှင်များ၊ ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် လူမှုထူးချွန် (ပ–ဒု–တ)ဆုရ သွေးလှူရှင်များသည် မိမိတို့၏ သွေးလှူရှင်ကတ်ပြားအပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများယူဆောင်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဌာနသို့ နိုဝင်ဘာ ၂၁ ရက် နောက်ဆုံးထား၍ ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအတွင်း လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မစိုးရိမ်ရွှေကျင်တိုက်သစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်မြို့ ရှစ်မိုင် မစိုးရိမ်ရွှေကျင်တိုက်သစ်ရှိ စာချစာသင် သံဃာတော် ၁၀၈ ပါးနှင့်ပင့်သံဃာအပါး ၄၀ တို့အား ဦးထွန်းဝင်း–ဒေါ်ခင်နွယ်တင်မိသားစုနှင့် အောင်ကျော်မိုး အမြန်ယာဉ်မိသားစုတို့က မတည်၍ စုပေါင်းမဟာဘုံကထိန်သင်္ကန်း ကပ်လှူပွဲကို နိုဝင်ဘာ ၈ ရက်(တန်ဆောင်မုန်းလပြည့်နေ့)နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ ဒါယကာဒါယိကာမအပေါင်း ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြရန်ဖိတ်ကြားထားသည်။ လှူဖွယ်ပစ္စည်းများကို သာသနာ့အကျိုးဆောင်အဖွဲ့ ဖုန်း–၆၆၂၂၁၃ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ကျောင်းပေါင်းစုံ ကဗျာရွတ်၊ ပုံပြောနှင့် စာဖတ်ပြိုင်ပွဲ ဇီးကုန်းမြို့၌ကျင်းပ

ဇီးကုန်း အောက်တိုဘာ ၇

ဇီးကုန်းမြို့ အစိုးရအထက်တန်းကျောင်းခန်းမ၌ အခြေခံပညာကျောင်းပေါင်းစုံမူလတန်း၊ အလယ်တန်းနှင့်၊ အထက်တန်းအဆင့်ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် စာဖတ်ပြိုင်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက်က ဇီးကုန်းမြို့ အထက၌ ကျင်းပသည်။

အခမ်းအနားတွင် လက်ထောက်တိုင်းပညာရေးမှူး ဦးမြတ်ဦးက အမှာစကားပြောကြားပြီး ဒိုင်ချုပ် ဦးသောင်းက အမှတ်ပေးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ပြိုင်ပွဲဆုရရှိသူ ခြောက်ဦးအား သက်ဆိုင်ရာဆရာ ဆရာမကြီးများက ဆုများပေးအပ်ချီးမြှင့်ပြီး မူလတန်းအောက်ဆင့် ကဗျာပြိုင်ပွဲမှ ပထမတစ်ဦး၊အထက်တန်းဆင့်ကဗျာပြိုင်ပွဲမှ ပထမတစ်ဦး၊အလယ်တန်းအဆင့်ပုံပြောသူပထမ တစ်ဦး၊အလယ်တန်းအောက်ဆင့် စာဖတ်ပြိုင်ပွဲမှ တစ်ဦးတို့အား တိုင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ကြသည်။**(မြို့နယ်ပြန်/ဆက်)**

အောက်တိုဘာ ၆ ရက်က ဒေးဒရဲမြို့ သာယာလှပရေးအတွက် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်တွင် ပန်းအလှစိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့ လိုက်လံကြပ်မတ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့ အောင်ဆန်းလမ်းမကြီးတစ်လျှောက် သန့်ရှင်းသာယာရေးအတွက် အောက်တိုဘာ ၁၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်းနှင့် ဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

သန်လျင်မြို့ အမှုထမ်းရပ်ကွက်မှ နိုင်ငံသားအရည် အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲကို အောက်တိုဘာ ၁၉ ရက်က ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယ ဦးစီးဌာနမှူး ဦးချစ်ကိုကိုက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ဆရာများနေ့အခမ်းအနားအောင်မြေသာစံမြို့နယ်၌ကျင်းပ

မန္တလေး အောက်တိုဘာ ၂၀

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၄ ရက်နံနက်က မန္တလေးအောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အောင်ရာဇာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အငြိမ်းစားကျောင်းဆရာ ဦးဖုန်းမြင့်က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အကြောင်း ဟောပြောပြီး ကျောင်းသားများက လက်အုပ်ချီ၍ ရှိခိုးကန်တော့ကာ ကန်တော့ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ကျောင်းတွင်း မြတ်ဆရာ ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသားများအားဂုဏ်ပြုမှတ်တမ်းများနှင့် ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

(၁၆၂)

ဘင်ခရာ ကကွက်သစ် ဆင့်ပွားသင်တန်းဆင်း

ဆီဆိုင် အောက်တိုဘာ ၁၈

ဆီဆိုင်မြို့နယ် ပညာရေးဌာနက ကြီးမှူးဖွင့်လှစ်သည့် ၂၀၀၃ ခုနှစ် ဘင်ခရာကကွက်သစ်များ ဆင့်ပွားသင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ဆီဆိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးစောဦးနှင့် အထက၊ အလက၊ အမကများမှ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်နန်းငွေငွေက အမှာစကား ပြောကြားသည်။

(၀၄၈)

မြန်မာ့အသံ

၂၈–၁၀–၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (နိုင်ငံတကာအဆင့်မီ ရှူးဖိနပ်ထုတ်လုပ်မှုနည်းပညာအသုံးချမှုနှင့် ဖြန့်ဖြူးမှုအကြောင်း)
၁၁:၃၀ မြန်မာ့မှုဟန်ဇာတိမာန် ဟောပြောချက်(စစ်မြေမှ မြဝတီမင်းကြီး၏ ရတုတစ်ပုဒ်–တက္ကသိုလ်ညိုညန့်)
၁၂:၀၀ သူ့အတွေးနဲ့သူ့အရေး (အပြုအမူကောင်းတို့အတွက် ရည်မှန်းချက်–နန္ဒာသိန်းဇံ)
၁၂:၂၀ ဇာတ်လမ်းပမာနာ:ဆင်စရာ(မြတ်)
၁၂:၄၅ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (ချောင်းသာကမ်းခြေအပန်းဖြေ)
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (သတ္တမတန်း–သင်္ချာ၊ အတွဲ–၂)

ညနေပိုင်း

၁၆:၂၀ ကျေးလက်ဇာတ်လမ်း (ကိုယ့်မျိုးကိုချစ်ပါ)
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၀ ကမ္ဘာ့ဂီတ
၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (တိုးတက်ပြောင်းလဲနေသော ဘော်လီဘောအားကစားနည်းဥပဒေသစ်များ– ဦးဉာဏ်ထွန်း–အား/ကာ)
၁၇:၅၀ သောတရှင်အတွက် ပြန်ကြားချက်
၁၉:၁၅ ကျန်းမာရေးနဲ့ဆေးပညာ (ကျန်းမာရေးအခြေခံအစ သန့်သုံးသန့်က)
၁၉:၃၀ ခရီးသွားစကားဝိုင်း (မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်း)
၂၀:၃၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ

ခေတ္တစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ၁၂၇၅/က၊ မင်းကွန်းကျောင်းလမ်း၊ ဘိုကုန်း အင်းစိန်မြို့နယ်နေ ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ကချင်ပြည်နယ်)–ဒေါ်တင်တင်လှိုင် တို့၏တစ်ဦးတည်းသောသား

မောင်အေးမင်းထက် B.Sc (Physics)
Dip in Mechanical (Y.T.U)

နှင့်

မကွေးမြို့၊ အမှတ် ၆၃၊ မြို့မရပ် ဘုရားလမ်းနေ ဦးနန်းလှိုင်– ဒေါ်ခင်မာမာ(ရွှေသွေး Express) တို့၏ သမီးကြီး

မခင်စန်းယု B.A (Philosophy)

တို့သည် ၂၇–၁၀–၂၀၀၃ ရက်တွင် နှစ်ဖက်လူကြီးမိဘများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အေးမင်းထက်– မခင်စန်းယု

မွေးနေ့ဆုတောင်း

၂၈–၁၀–၂၀၀၃ရက်တွင် ကျရောက်သော တစ်ဦးတည်းသော ချစ်သမီးလေး **ကေဇင်ထွန်း(ခ)ပိပိ**ရဲ့ (၁)နှစ်မြောက်မွေးနေ့မှသည် မွေးနေ့ရာကျော် ချစ်ဖေမေတို့နဲ့အတူ ပျော်ရွှင်ချမ်းမြေ့၍ အောင်မြင်မှု အပေါင်းခညောင်းသောဘဝခရီးကို သက်ဆုံးတိုင် လျှောက်လှမ်းနိုင်ပါစေ။

ဖေဖေ – ဗိုလ်မှူးထွန်းအောင်ကျော် တပ်မတော်(လေ)
မေမေ – ဒေါ်ဇင်နွေမင်း



မင်္ဂလာညစာခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုဏ်သီရိလမ်း၊ အမှတ် ၂၈ နေ ဦးစိုးသိန်း(Credit & Government Liaison Service Manager, Hotel Nikko Royal Lake, Yangon)–ဒေါ်ဌေးဌေးနိုင်(အထက်တန်းရှေ့နေ)တို့၏ တစ်ဦးတည်းသောသား

မောင်သန့်ဇင် (T.O.P Trading Co.,Ltd.) နှင့်

ရန်ကုန်မြို့၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုဏ်သီရိလမ်း၊ အမှတ် ၃၃ နေ ဦးရဲမြင့်(ဌာနစိတ်မန်နေဂျာ၊ စီးပွား/ကူးသန်း၊ ငြိမ်း)– ဒေါ်စောရင်တို့၏သမီးဦး

မစောနန်းနွယ် B.Com
Assistant Manager (Account)
Inlay Shoes Manufacturing Co., Ltd. (A member of KBZ Group)

တို့၏ ၂၆–၁၀–၂၀၀၃ရက် (တနင်္ဂနွေနေ့) Hotel Nikko Royal Lake Yangon (Grand Ballroom) ၌ ကျင်းပသော မင်္ဂလာညစာခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂ၊ သီရိသုဓမ္မသိင်္ဂ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန် ပထမဆင့်)၊ မင်္ဂလာလက်စွပ် ချီးမြှင့်ဆင်မြန်းပေးသော ကလေးဆေးရုံအုပ်ကြီး ဒေါက်တာဦးမြသိမ်းနှင့်ဇနီး ဒေါက်တာဒေါ်ဇင်မာသက်တို့အားလည်းကောင်း၊ ၂၁–၁၀–၂၀၀၃ ရက်တွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ကြွရောက်ချီးမြှင့်၍ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော ဦးဝီရူး (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)နှင့် အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ဒေါ်သွဲ့ဦးမွန်(ဥပဒေအရာရှိ အဆင့်–၁၊ငြိမ်း)နှင့် ဗိုလ်ကြီး ကြည်တိုး (ငြိမ်း) တို့အားလည်းကောင်း၊ မင်္ဂလာညစာခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဇနီးများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးသော ညီမလေးဇင်နွယ်မြသိန်းနှင့် ညီမလေးကေခိုင်တိုး၊ မင်္ဂလာ အခမ်းအနားမှူး ဦးသန်းမြတ်စိုး၊ မေတ္တာဖြင့် မင်္ဂလာအခါတော်ပေး သီဆိုချီးမြှင့်သော ရုပ်ရှင်သရုပ်ဆောင်စာရေးဆရာအကယ်ဒမီသုမောင်၊ တေးသီချင်းသီဆိုချီးမြှင့်ပေးသော ရုပ်ရှင်သရုပ်ဆောင် သုံးထပ်ကွမ်းအကယ်ဒမီနေအောင်၊ Yellow Ribbon တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မေတ္တာဖြင့်ဓာတ်ပုံ၊ ဗီဒီယို မှတ်တမ်းတင်ပေးသော ရွှေအင်းသားခင်မောင်ဝင်းနှင့်အဖွဲ့၊ မိတ်ကပ်ဆံပင် ဒေါ်ဖြူသင်းတိုး (Look)၊ ပန်းအလှဆင်ပေးသော Miss Sunan Sangnual၊ Hotel Nikko မှ အထွေထွေမန်နေဂျာနှင့် မန်နေဂျာများ၊ ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေး အတွက် အဘက်ဘက်မှကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်သန့်ဇင်–မစောနန်းနွယ်**

အမည်ပြောင်း

ပဲခူးတိုင်း မင်းလှမြို့နယ်နေ အဖ ဦးသိန်းဆွေ၏သမီး လမ်းမတော် အလက အဋ္ဌမတန်းမှ မပန်းအိဆွေအား ယနေ့မှစ၍ မမြတ်ဘုန်းလျှံခင်ဟု ပြောင်းလဲခေါ်ပါရန်။

မမြတ်ဘုန်းလျှံခင်



ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း)သင်တန်းကို ၂၀၀၄ ခုနှစ် ဇွန်လအတွင်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့)၌ ဖွင့်လှစ်ပါမည်။ သင်တန်းကာလမှာ ရက်သတ္တပတ် ၄၀ ဖြစ်သည်။

၂။ အောက်ဖော်ပြပါ မြန်မာနိုင်ငံသားများ သင်တန်းတက်ခွင့်ရှိပါသည်။
(က) တက္ကသိုလ်ဘွဲ့ရ၊ [ဝါဏိဇ္ဇဝိဇ္ဇာ (စာရင်းနှင့် စာရင်းစစ်မှအပ)]
(ခ) မှတ်ပုံတင်စာရင်းကိုင် (ပထမပိုင်း)အောင်မြင်ပြီးသူ

၃။ သင်တန်းတက်လိုသူသည် ပြဋ္ဌာန်းထားသည့် လျှောက်လွှာပုံစံ (မြန်မာနိုင်ငံစာရင်း ကောင်စီရုံးတွင်တစ်စောင်လျှင် ကျပ် ၂၀နှုန်းဖြင့် ဝယ်ယူနိုင်သည်) ဖြင့် အောက်ပါတို့ကို ပူးတွဲလျက် အတွင်းရေးမှူး၊ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်း ကြီးကြပ်ရေးကော်မတီထံ ၃–၁၁–၂၀၀၃ ရက်မှ စတင်ကာ ၁–၁၂–၂၀၀၃ ရက် နောက်ဆုံးထား၍ တင်သွင်းရပါမည်။
(က) သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၃၀၀ကို မြန်မာနိုင်ငံစာရင်းကောင်စီသို့ ပေးသွင်းသည့် ငွေရပြေစာမူရင်း၊
(ခ) အခြေခံပညာ အထက်တန်းစာမေးပွဲအောင်လက်မှတ် (မူရင်းနှင့်မိတ္တူ)၊
(ဂ) ဘွဲ့လက်မှတ်၊ မှတ်ပုံတင်စာရင်းကိုင် (ပထမပိုင်း)၊ အောင်လက်မှတ် (မူရင်းနှင့်မိတ္တူ)၊
(ဃ) လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊
(င) အမျိုးသားမှတ်ပုံတင်/ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြသလျက် ကိုယ်တိုင်လာရောက်အပ်နှံရမည်။

၄။ သင်တန်းဝင်ခွင့်စာမေးပွဲကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်းပြုလုပ်၍ သင်တန်းတက်ခွင့်ရသူများကို ရွေးချယ်ပါမည်။

၅။ သတ်မှတ်ရက်လွန်ပြီးမှ တင်သွင်းလာသည့်လျှောက်လွှာများနှင့် လိုအပ်ချက်မပြည့်စုံသည့်လျှောက်လွှာများနှင့်စပ်လျဉ်း၍ သင်တန်းဝင်ခွင့်စာမေးပွဲကို ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။ **စိုးလင်း (အတွင်းရေးမှူး)**

စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီ

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ်၏ အစီအစဉ်ဖြင့် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှကြီးမှူးပြီး အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။	**သင်တန်းအမည်**	– နိုင်ငံတကာဆက်ဆံရေးပညာ ဒီပလိုမာသင်တန်း (Diploma in International Relations)
၂။	**သင်တန်းအောင်လက်မှတ်**	– Diploma in International Relations(DIR)
၃။	**သင်တန်းဝင်ခွင့်အရည်အချင်း**	– တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူများ
၄။	**သင်တန်းကာလ**	– ၉လ
၅။	**သင်တန်းဖွင့်မည့်နေ့ရက်**	– ၁၇–၁၁–၂၀၀၃(တနင်္လာနေ့)
၆။	**လျှောက်လွှာစတင် လက်ခံမည့်နေ့ရက်**	– ၃၀–၁၀–၂၀၀၃(ကြာသပတေးနေ့)
၇။	**လက်ခံမည့်နေရာ**	– နိုင်ငံတကာဆက်ဆံရေးပညာဌာန ဝေသာလီဆောင်
၈။	**သင်တန်းချိန်**	– ညနေ ၅:၀၀မှ ၉:၀၀နာရီအထိ (တနင်္လာနေ့မှသောကြာနေ့အထိ)
၉။	**စုံစမ်းရန်**	– နိုင်ငံတကာဆက်ဆံရေးပညာဌာန ရန်ကုန်တက္ကသိုလ်၊ဖုန်း–၅၃၆၀၈၈



ဘုရား၊ သိမ်၊ ကျောင်း၊ ဆေးရုံ၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ တံတိုင်း၊ ရေအလှူရှင် ဒါယကာကြီး
(ကျုံမငေး၊ ညောင်တုန်း၊ ဝါးခယ်မအသင်းနာယက)

ဦးတင်နွယ်

အသက်(၉၀)

ရန်ကုန်မြို့၊ အုတ်စက်ရုံအမှတ်(၁)၊ အရာရှိရိပ်သာ၊ တည်းကုန်း၊ အင်းစိန်မြို့နယ်နေ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ ဦးဇော်မင်း (UNHCR)၊ ဒေါက်တာဒေါ်ခင်ဇမ္ဗူ(ပါမောက္ခ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးတက္ကသိုလ်–၁)၊ ဒေါက်တာမြင့်ဟန် (ဒု–ညွှန်ချုပ်၊ ငြိမ်း၊ MSTRD)၊ ဒေါ်ခင်မြင့်ခိုင် (RUBY)၊ ဦးဝေလွင် (အထွေထွေမန်နေဂျာ၊ ကြွေ/မြေ၊ စက်မှု–၁)–ဒေါ်တင်သိန်းနွယ်(ဒုလက်ထောက်ညွှန်မှူး၊ MAMI၊ စက်မှု–၂)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မစုယမင်း(ခေတ္တ–စင်ကာပူ)၊ မဖြူမာသိမ့်(Grape City Ltd.)၊ မောင်အောင်မျိုးသက်(C/O Eastwind Co.)၊ မမေဦးဟန်(U.M.A)၊ မပွင့်မာဟန်(U.M.A)၊ မောင်တက်တိုးဟန်(Pilot Malaysian Flying Academy)၊ အလုပ်သင်ဗိုလ် ဒေါက်တာစည်သူလွင် (တပ်မတော်ဆေးတက္ကသိုလ်)တို့၏ ချစ်လှစွာသောအဘိုး၊ မြစ် နှစ်ယောက်တို့၏အဘေးသည် ၂၇–၁၀–၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၃:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ယင်းနေ့တွင်ပင် တပ်မတော်ဆေးတက္ကသိုလ်(မင်္ဂလာဒုံ)သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။

၂–၁၁–၂၀၀၃ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

မအေးအေးမြင့် (လှိုင်ကော်)

Grand Pharmaceuticals Co., Ltd.

မအေးအေးမြင့် ကွယ်လွန်သွားသည်မှာ ၂၈–၁၀–၂၀၀၃ရက်တွင် တစ်လတင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ မေ့မရပါ။ ပြုပြုသမျှကုသိုလ်ကောင်းမှုအစုစုတို့အတွက် မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်လှ (ဗဟန်း)

အသက်(၆၀)

ရန်ကုန်မြို့၊အမှတ် ၂၆၅/င၊ ရှစ်လွှာ၊ ကျိုက္ကဆံလမ်း၊ဗျိုင်းရေအိုးစဉ်ရပ်ကွက်နေ ဦးစု–(ဒေါ်လုဝင်း)တို့၏ သမီး၊ (ဦးအေးကို)၏ဇနီး၊ဦးမြင့်ကျော်၊ဦးအောင်ကျော်ဇော–ဒေါ်တင်မာဝင်း၊ ဦးဝင်းမြင့်(မော်ဘီ)၊မောင်အောင်နိုင်ထွန်း(MTG-MV)၊မရီရီချို၊မောင်ခင်မောင်ဝင်းတို့၏ မိခင်၊ မောင်ထွန်းလင်းလှိုင်၊ မသက်နှင်းစု၊ မောင်စံရဲထွန်းတို့၏အဘွားသည် ၂၇–၁၀–၂၀၀၃ရက်တွင် သျှင်ပါကူဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၉–၁၀–၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်သန်းစီ

ပန်းတနော်(ဇရပ်လှကြီး)

အသက်(၅၅)နှစ်

ပန်းတနော်မြို့၊ အနောက်ပိုင်း၊ ရေလဲလမ်း၊ အမှတ် ၂ နေ(ဦးဘရှင်–ဒေါ်မြကြည်)တို့၏သမီး၊(ဦးတင်ရွှေ)၊ဒေါ်ခင်ရီတို့၏ညီမ၊ (ဦးမြင့်သိန်း)၏ အစ်မ၊ ဦးအောင်မြင့်၏ဇနီး၊ ဒေါ်သီတာအေး (အထက၊ ပန်းတနော်)–ဦးတင်မောင်သော်(ဒုရဲအုပ်၊မနရရုံး)၊ ဦးစိုးဝင်းမောင်(ခေတ္တ–Sofitel Dubai, UAE)တို့၏မိခင်၊ မောင်ကောင်းမြတ်သော်၊ မတိုးသီရိ သော်တို့၏အဘွားသည် ၂၃–၁၀–၂၀၀၃ရက် ည ၉:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၄–၁၀–၂၀၀၃ရက် ညနေ ၃ နာရီတွင် ပန်းတနော်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးသိန်းကျော် (ကြီးကြပ်ရေးမှူး)

အရှေ့ပိုင်းခရိုင်(ပတ်/သန့်)
မြို့တော်စည်ပင်

အသက်(၅၄)နှစ်

ကြို့ပင်ကောက်မြို့နေ ဦးတင်မောင်ကြီး–ဒေါ်တင်ညွန့်တို့၏သား၊ ရန်ကုန်မြို့၊ ၁၀ မိုင်၊ ဗိုလ်တေဇလမ်း၊ ကန်ကြီးအောင်လမ်းသွယ်၊ အမှတ် ၇၁၆ နေ ဦးရဲထွန်း – ဒေါ်စန်းစန်းတို့၏ သားသမက်၊ ဒေါ်ခင်မြင့်ဝေ(အလုပ်ရုံစိတ်မှူး၊ စီမံခန့်ခွဲရေးဌာန၊ E.E.F စက်မှု–၂)၏ခင်ပွန်းသည် ၂၇–၁၀–၂၀၀၃ရက် နံနက် ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၁၀–၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

ဦးကြည်ဆွေ

(လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း)

အသက်(၅၄)နှစ်

စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းနေ ဒေါ်နွဲ့နွဲ့လှိုင်၏ ခင်ပွန်းဖြစ်သူ ဦးကြည်ဆွေ အသင်းဝင်အမှတ်–၂၇၂ (ရာ)သည် ၂၆–၁၀–၂၀၀၃ရက် နံနက်တွင် ကွယ်လွန်သွားပါ၍ ၎င်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအားသိစေအပ်ပါသည်။အမှုဆောင်အဖွဲ့။

ဦးစိန်ဝင်း(ခ)ဦးစေးကြုပ်

ဒါးကအပေါင်ဆိုင်
(ပုသိမ်–ဒါးက)

အသက်(၆၇)နှစ်

ကန်ကြီးထောင့်မြို့နယ်၊ဒါးကကျေးရွာနေ (ဦးအဖတ်–ဒေါ်မြ)တို့၏သားကြီး၊ (ဦးလှုံဆောင်)–ဒေါ်ကျင်စိန်တို့၏ သားသမက်၊ ဒေါ်စန်းမြိုင်၏ခင်ပွန်း၊ ဦးလှမြိုင်–(ဒေါ်စန်းရီ)၊ ဦးမြဝင်း–ဒေါ်မြင့်မြင့်သိန်းတို့၏အစ်ကို၊ ဦးကျော်ကျော်လတ်–ဒေါ်ဖြူဖြူဝင်း၊ဦးအောင်ဇော်ဝင်း၊ဒေါ်ခင်စုဝင်း၊ ဒေါ်ကြူကြူဝင်း (ကွန်ပျူတာတက္ကသိုလ်၊ မအူပင်မြို့)၊ ဦးသန်းဇော်ဝင်း၊ ဒေါ်မူမူဝင်းတို့၏ဖခင်ကြီး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၇–၁၀–၂၀၀၃ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၁၀–၂၀၀၃ရက်တွင် ဒါးကကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကျောက်ခဲ

(အထက်မင်းလှ)

အသက်(၅၇)နှစ်

မကွေးတိုင်း၊ အထက်မင်းလှမြို့နေ (ဦးခင်–ဒေါ်အေး)တို့၏သား၊ (ဦးမောင်ငွေ–ဒေါ်စိန်မေ) တို့၏သားသမက်၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၆၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမ၊ အမှတ် ၉၆၈ နေ ဒေါ်ရီ၏ခင်ပွန်း၊ ကိုမျိုးမြင့်မောင်(P&A.Muara Port, Brunei)–မအေးအေးမော်၊ မကြူကြူခိုင်၊ မခိုင်ခိုင်ချို၊ မစုစုသင်း၊ မောင်မင်းသူထွန်း(ခေတ္တ–မလေးရှား)၊ မောင်တင်အောင်ချင်း(GTC၊ မော်ဘီ)တို့၏ဖခင်၊ မထက်သီရိနိုင်၊ မောင်မျိုးထက်ပိုင်တို့၏ အဘိုးသည် ၂၇–၁၀–၂၀၀၃ရက်တွင် ကွယ်လွန်၍ ၂၉–၁၀–၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃:၃၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ပြည်ထောင်စုလမ်းမကြီး နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

စဝ်မိုင်းခေါင်(ခ)

Edwin Khong
GTI (E.C)

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇ (မြေညီထပ်) ညာခန်း၊ ကွင်းကျောင်း ၂ လမ်းနေ [စဝ်ဖုန်းခေါင်(ခ)ဦးညွန့်ခိုင်]–စဝ်ခမ်းခေါင်မ်တို့၏သား၊ ဒေါ်ညွန့်ညွန့်ထွေး၏ခင်ပွန်း၊ (စဝ်ရွက်အို)–နန့်လောင်လိုင်း၊ ဦးယဉ်ထွေးသက်–နန်းအမရာ၊ ဦးအဟုန်– ဒေါက်တာနန်းအောင်ခမ်းတို့၏ အစ်ကို၊ နန်းဝိမာလာ[1st Yr (PR) G.T.C Thanlyin]၊ စိုင်းအောင်ဆေမိုင်း(I.Aတန်း၊အထက–၂၊ စမ်းချောင်း)တို့၏ဖခင်၊ မောင်ဝဏ္ဏ–နန်းရွက်ခေးလိုင်း၊ စိုင်းပန်ဖ(ခေတ္တ–USA)၊မနှင်းအေးဖြူတို့၏ဘကြီးသည် ၂၇–၁၀–၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၃:၂၅ နာရီတွင်အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၁၀–၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး

ဦးစံသိန်း(ခ)ဦးသိန်းဦး

ထုတ်လုပ်မှုဌာန(အငြိမ်းစား)
ကုန်သွယ်/လယ်ယာ(ရုံးချုပ်)
(ခရမ်းမြို့)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ် ၃၀နေ (ဦးဘသော်–ဒေါ်နှင်းစိန်)တို့၏သား၊ (ဦးဟုတ်ဝမ်–ဒေါ်ချစ်)တို့၏သားသမက်၊ (ဦးစန်းမောင်)–ဒေါ်သန်းသန်းနွဲ့၊ ဦးအေးမောင် (ဗိုလ်ချုပ်ဈေး)၊ (ဒေါ်ကြည်အေးဆွေ)တို့၏ညီ/မောင်၊ ဒေါ်အေးအေးမြင့် (အတွင်းရေးမှူးဌာန၊ ကုန်သွယ်/လယ်ယာရုံးချုပ်၊အငြိမ်းစား)၏ခင်ပွန်း၊ ဦးမိုးကျော်နိုင်(2/E NSSPL)–ဒေါ်စန်းစန်းဝင်း၊ ဦးမင်းကိုကိုထွန်း (C/E-Eastwind)–ဒေါ်ခိုင်မိမိမိုး၊ ဦးအောင်ဇော်မိုး(Eastwind)–ဒေါ်သီတာတို့၏ ဖခင်ကြီး၊ အေးမြတ်မိုးစံ (II-A ထ–၄၊ ဗိုလ်တထောင်)၊ သီဟမင်းစံ(I.C ထ–၅၊ ဗိုလ်တထောင်)၊ မင်းသန့်ထွန်းစံ၊ မင်းမိုးသန့်ကို၊ မြတ်ဆုဆုစံတို့၏ဘိုးဘိုးကြီး၊ ဒေါ်သန့်ဇင်ဦး(ရိုးမဘဏ်)၊ ဦးဝါချော(2/E Neptank)–ဒေါ်တင်ထားလွင်၊ ဒေါ်စန်းယုမေ(ကုန်သွယ်/လယ်ယာရုံးချုပ်)တို့၏ဦးလေးသည် ၂၆–၁၀–၂၀၀၃ရက် နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်ပါသဖြင့် ၂၈–၁၀–၂၀၀၃ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်စိုး (Henry)

B.Sc(Hons), B.Sc(Ind, Chem) (B.H.U), D.P.A (The Hague)
ဒု–ညွှန်ကြားရေးမှူး(ငြိမ်း)
စက်မှုစီမံကိန်းဦးစီးဌာန

အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ (ဦးစောယုဟောင်–ဒေါ်ခင်ဆုံ)တို့၏သား၊ အမှတ် ၁၁၁၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့နေ ဒေါ်ချစ်ချစ်၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်၊ ဦးအောင်အောင်(ဆက်/ထောက်အရာရှိ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)–ဒေါ်ခင်စုမော်၊ ဦးသက်နိုင်(အင်ဂျင်နီယာမှူးကြီး၊ Air Mandalay)–ဒေါ်နွယ်နီဝင်း(Air Mandalay)၊ ဗိုလ်မှူးခိုင်ခိုင်စု (တပ်မတော်ဆေးတက္ကသိုလ်) – ဗိုလ်ကျော်ဝဏ္ဏ၊ ဒေါ်ခင်ခင်စု၊ ဦးသီရိမောင်(CTT)တို့၏ဖခင်၊မောင်ဝေဖြိုး–မအေးစန္ဒာ၊ မောင်အောင်ကျော်၊ မောင်ညီထူးတို့၏အဘိုး၊ မောင်ဉာဏ်လင်းဖြိုး၏ဘိုးဘိုးကြီးသည် ၂၇–၁၀–၂၀၀၃ရက် နံနက် ၀၀:၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၁၀–၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(ဗိုလ်တထောင်ဘုရားလမ်းနေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်လှိုင်(ခ)ဒေါ်တင်လှ

အသက်(၆၄)နှစ်

ဗဟန်းမြို့နယ်၊ဗိုလ်ချို(၁)ရပ်ကွက်၊ တိုက် ၁၀၊ အခန်း ၃၀၃၊ အင်ကြင်းမြိုင်အိမ်ရာနေ (ဦးခင်စိန်)၏ဇနီး၊ ဒေါ်ခင်ဝင်း၊ဦးသန်းဝင်း၊ဦးနိုင်ဦး–မခင်မမကြီး၊ ဦးမင်းသိန်း–မခင်မမလေး၊ မအေးအေးစိုး၊ ဦးကံညွန့်–မမျိုးမျိုးဝင်း၊ မပပလှိုင်တို့၏မိခင်၊မြေးငါးယောက်တို့၏အဘွားသည် ၂၆–၁၀–၂၀၀၃ရက်တွင်ကွယ်လွန်သွားပါ၍ ၂၈–၁၀–၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

စောထီးမူးအေး

R.O (M.O.G.E)

အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရွှေနုလမ်း၊ အမှတ် ၈ နေ (စောစောလမွန်း) – ဒေါ်မြမြဝင်းတို့၏ သားကြီး၊ နော်စီစိုး၊ (နော်ပစော်ဖော)၊ ဦးအောင်ကျော်ဝင်း–နော်ပရီးလာတို့၏ တူ၊ စောသူရိန်ချစ်ထွေး–နော်ခူထီး၊ နော်ဖောနဲမူး၊ စောအောင်ချိန်ဝင်း–နော်ထီးနဲမူး၊ (စောအယ်မူး)တို့၏အစ်ကိုကြီးသည် ၂၇–၁၀–၂၀၀၃ရက်(တနင်္လာနေ့)ညနေ ၄:၁၀ နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀–၁၀–၂၀၀၃ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် သမိုင်းကရင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မြှုပ်နှံပါမည်။ ကျန်ရစ်သူမိသားစု။

ဦးပြေဟန်

မြန်မာ့ဆိုင်းပညာရှင်ကြီး
(ဂီတစာဆို)
ယဉ်ကျေးမှုဝန်ကြီးဌာနအကြံပေးအရာရှိ၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အပူဇော်ခံအဘိုး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးဗဟိုနာယက

အသက်(၉၈)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၄)ရပ်ကွက်၊ သလ္လာဝတီအနောက် ၆ လမ်း၊ အမှတ် ၁၇၁၆ နေ (ဦးဘိုးကြယ်–ဒေါ်မြ)တို့၏ သား၊ (ဒေါ်အမာ)၊ ဦးကျင်အောင်–(ဒေါ်အေးရင်)၊ဦးကျော်ဒွန်း–ဒေါ်သန်းရီ၊ဒေါ်မြမြလွင်တို့၏အစ်ကိုကြီး၊ ယောက်ကော်အဖေကြီး၊ ဦးသန်းစိန်သစ်တို့၏ဘကြီး၊ နိုင်ငံကျော်ဦးစိန်စတင်း–ဒေါ်နိုင်နိုင်မော်တို့၏ ဂီတဖခင်၊ ဒေါ်မြချစ်၏ ခင်ပွန်း၊ ဒေါ်ခင်လှ၊ ကိုမြင့်လွင်(ခ)ကိုချစ်မင်းဟန်–မခင်မြင့်၊ ကိုစိန်ဝင်း–မမြင့်မြင့်၊ (ကိုလှခင်)–မမြလှိုင်၊ ပန်တျာစိန်လှမြိုင်–မမြင့်မြင့်သီ၊ ကိုအောင်မိုးအေး–မတင်ဝင်းရီတို့၏ဖခင်၊မြေး ၁၆ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၅–၁၀–၂၀၀၃ရက်(စနေနေ့)ညနေ ၄ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၉–၁၀–၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရားဒါယိကာမ

ဒေါ်ခင်ခင်ရွှေ (ဗဟိုစည်)

အသက်(၆၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၅၃)ရပ်ကွက်၊ ဖေယျာမြိုင်လမ်း၊ အမှတ် ၉၃၆ နေ (ဦးသန်းညွန့်–ဒေါ်တင်လှ)တို့၏သမီး၊ ဒေါ်ခင်အေးကြွယ်–ဦးလှသွင်၊ဒေါ်ရင်ရင်မြင့်–(ဦးမင်းထိုက်)တို့၏ညီမ၊ ဦးလှမင်း–ဒေါ်လှလှဝင်း၊ ဒေါ်အေးအေးချို–ဦးငွေအောင်၊ ဦးရဲမြင့်(ဘိုဘို)–ဒေါ်ခင်သန်းနွဲ့၊ ဒေါ်အေးအေးခိုင်(ဘေဘီ)–ဦးသက်ဦးတို့၏ အစ်မသည် ၂၆–၁၀–၂၀၀၃ရက် မွန်းလွဲ ၁:၄၀နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၁၀–၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Tg. Thang Lam Pau (Tungdim)

(ကလေးမြို့)

အသက်(၃၂)နှစ်

တမူးမြို့၊ ဈေးတန်းရပ်နေ (ဦးအိုက်ခန့်ပေါင်–ဒေါ်ကျိန်လွှန်းနို)တို့၏ ပဌမမြောက်သား၊ (ဦးထန်ဟောက်လျှင့်ကပ်)၊ ဦးထန်ဆွမ်းမုံ၊ ဒေါ်ဝုန်ဟောက်ညောင်–ဦးဟွတ်ခန့်ထန်၊ မောင်ထန်ဆွမ်းခိုင်(ခ) ဟာလေလုယာခိုင်တို့၏ ညီ/မောင်၊ (ဦးထန်လျှင့်ဟောက်)၊ မောင်ကမ်လမ့်ထန်(ခေတ္တ–မလေးရှား)၊ ဒေါ်ဒိမ့်အိုက်ကျိန် – ဦးမန်ခုပ်ခိုင် (ရန်ကုန်)တို့၏ အစ်ကို၊ တူ တူမ ၁၁ ယောက်တို့၏ ဦးလေး၊ ဦးခမ်မင့်ထန်(ခ)ဦးခင်မောင်သန်း – ဒေါ်ကျိန်လမ့်ဝုန် (ဇိုမီးတိုက်၊ ကလေးမြို့)တို့၏တူသည် ၂၆–၁၀–၂၀၀၃ရက် ညနေ ၅နာရီတွင် ကလေးမြို့ ပင်လုံ(၅)ရပ်ကွက်၊ အမှတ် ၇ နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၇–၁၀–၂၀၀၃ရက် ညနေ ၄ နာရီတွင် ကလေးမြို့ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

မောင်မြတ်မင်းဟိန်း(ခ)

ဖိုးသားကြီး
ဒုတိယတန်း
အမက၊ပြည်လမ်း(မော်ဘီ)

အသက်(၇)နှစ်

မော်ဘီမြို့နေ ဦးမောင်ကြည်–ဒေါ်တင်မေ၊ ဦးမြင့်ဆွေ–ဒေါ်သိုသိုတို့၏ မြေး၊ ရွှေပေါက်ကံမြို့နေ (ဦးထွန်းမြင့်ဦး)–ဒေါ်စန်းစန်းဝေ၊ (ဒုဗိုလ်ထွန်းမြင့်အောင်)၊မော်ဘီမြို့နေ ဦးသန်းနိုင်အောင်–မချိုချိုမြင့်၊ မနီနီအေး၊ ကျောင်းကုန်းမြို့နေ ကိုအောင်မြင့်၊ မသန္တာဦးတို့၏တူ၊ မော်ဘီမြို့၊ ဗဟိုစပါးစိုက်ပျိုးရေးခြံနေ ဦးစောနိုင်(အဆောက်အအုံဌာန၊မြို့တော်စည်ပင်)–ဒေါ်ဌေးဌေးမြင့်(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)တို့၏သားသည် ၂၇–၁၀–၂၀၀၃ရက်တွင် ကန်သာယာဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၉–၁၀–၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဦးမောင်မြ

(ပုသိမ်၊ သာပေါင်း)

အသက်(၁၀၃)နှစ်

တောင်ဥက္ကလာပမြို့နယ်၊(၆)ရပ်ကွက်၊ ကုန်းဘောင် ၁၆ လမ်း၊ အမှတ် ၇၀၄ နေ(ဒေါ်တင့်)၏ခင်ပွန်း၊(ဦးမြင့်မောင်)–ဒေါ်အုန်းကြည်၊ ဦးစံညို–ဒေါ်ကျင်သိန်း၊ ဦးမြင့်စိန်–ဒေါ်လှသန်းတို့၏ ဖခင်သည် ၂၆–၁၀–၂၀၀၃ရက် မွန်းလွဲ ၁:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း

ဒေါ်ထားတင်

အသင်းဝင်အမှတ်(၅၆၇)

အသက်(၈၇)နှစ်

တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနေ (ဦးအောင်ဖြေ–ဒေါ်သင်းအုံ)တို့၏ သမီး၊ ဒေါ်ထားတင်သည် ၂၆–၁၀–၂၀၀၃ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၈–၁၀–၂၀၀၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ပုလောနေအိမ်မှ ပုလောသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်းအမ

ဒေါ်ခင်အေးဟန်

(ရုပ်ရှင်သရုပ်ဆောင်)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ ၃ လမ်း၊ အမှတ် ၃၈၅ နေ (ဦးသိန်း–ဒေါ်သိန်းမယ်)တို့၏ သမီး၊ ဗိုလ်ကြီးအေးကျော်(ငြိမ်း) ရုပ်ရှင်သရုပ်ဆောင်၏ဇနီး၊ (ဒေါ်ခင်မြသန်း)၊ ဒေါ်မြကျင်၊ (ဦးသောင်း)တို့၏ ညီမ၊ တူ တူမ ၁၅ ယောက်တို့၏အဒေါ်သည် ၂၇–၁၀–၂၀၀၃ရက် နံနက် ၁၂:၁၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၉–၁၀–၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကြည်ဆွေ (ပဲခူး)

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
ဆည်မြောင်း(ရုံးချုပ်)

အသက်(၅၄)နှစ်

ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်း၊ ဝက်ပါလမ်း၊ အမှတ် ၃၃၀ နေ ဦးကျော်တင့် (လွှတ်လပ်ရေးမော်ကွန်းဝင်၊ ဒုတိယဆင့်၊ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်)–ဒေါ်လှကြည်]တို့၏သား၊ ဦးကြည်စိုး၏ညီ၊ ဦးအေးသွင် (စား/ဖျော်၊ ငြိမ်း)–ဒေါ်ကြည်ကြည်ဝင်း၊ဦးထွန်းဇော်၊ ဦးဝင်းလှိုင်–ဒေါ်ကြည်ကြည်အေး၊ ဦးတင်ဇော်ဝင်း(ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သန်လျင်)–ဒေါ်ကြည်ကြည်ငြိမ်း (ပညာရေး၊ ငြိမ်း)၊ ဦးဇော်လင်း(စည်ပင်/ငြိမ်း)–ဒေါ်တင်မာဖြူ(အလက၊ ဝန်းသို)၊ ဒေါ်ရီရီထွေး (ITC ပဲခူး)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကျွန်းတောလမ်း၊ အမှတ် ၈၅ နေ ဒေါ်နွဲ့နွဲ့လှိုင်(ကထိက၊ ငြိမ်း၊ ကြည့်မြင်တိုင်တက္ကသိုလ်)၏ခင်ပွန်း၊ မောင်ဟိန်းသူ (ပထမနှစ်၊ နည်းပညာကောလိပ်၊ သန်လျင်)၏ဖခင်သည် ၂၆–၁၀–၂၀၀၃ရက်(တနင်္ဂနွေနေ့) နံနက် ၈:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးဘိုနီမြင့်သိန်း

(အထက်တန်းသူနာပြု)

အသက်(၄၆)နှစ်

ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ ဦးရွှေဉာဏ်ပထုပ်ကျေးရွာနေ (ဦးထွန်းရွှေ–ဒေါ်ဝက်)တို့၏သားထွေး၊ ဦးညိုကြီး–(ဒေါ်ထွေးကြည်)၊ ဦးရွှေ၊ ဦးအောင်စိန်–[ဒေါ်မြသွင်(ခ)ဒေါ်ထူး]၊ ဒေါ်လှအုန်းကြည်၊ ဦးပေါက်စ–ဒေါ်သန်းရွှေ၊ ဦးမြင့်ဆွေ–ဒေါ်အေးရီတို့၏ ညီ/မောင်သည် ၂၆–၁၀–၂၀၀၃ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအထူးကြပ်မတ်ကုသဆောင်၌ကွယ်လွန်သွားပါ၍ ၃၀–၁၀–၂၀၀၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ဦးရွှေဉာဏ်ပထုပ်ကျေးရွာနေအိမ်မှ ကျေးရွာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကျုံမငေး၊ညောင်တုန်း၊ ဝါးခယ်မအသင်းနာယက

ဦးတင်နွယ်

အသက်(၉၀)

ရန်ကုန်မြို့၊အုတ်စက်ရုံအမှတ်(၁)၊ အရာရှိရိပ်သာ၊ တည်းကုန်း၊ အင်းစိန်မြို့နယ်နေ (ဦးခရား–ဒေါ်ချွေး)တို့၏ သားထွေး၊ (ဦးစိန်ဟုန်)၊ (ဦးမြဟုန်)၊ (ဒေါ်တင်မြ)၊(ဦးစစ်တင်–ဒေါ်တင်စိန်)တို့၏ညီ/မောင်၊ (ဒေါ်ကြည်ကြည်)၏ ခင်ပွန်း၊ (ဒေါ်ရီရီ)၏အစ်ကို၊ တူ တူမ ၁၀ ယောက်တို့၏ဦးလေး၊ မြေး ၁၄ ယောက်တို့၏ အဘိုးသည် ၂၇–၁၀–၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၃:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ယင်းနေ့တွင်ပင် တပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်လုံးစိန် (ကျောက်တံခါး)

အသက်(၈၄)နှစ်

ကျောက်တံခါးမြို့နေ (ဦးဘိုးထိုက်–ဒေါ်သိန်းမေ)တို့၏သမီး၊ (ဦးပေါ–ဒေါ်စု)တို့၏သမီးချွေးမ၊ (ဦးဘရီ)၏ ဇနီး၊ ရန်ကုန်မြို့နေ(ဦးစိန်မောင်–ဒေါ်ခင်တင့်)၏ ညီမ၊ ကျောက်တံခါးမြို့နေ (ဦးမောင်မောင်–ဒေါ်သန်းသန်း)၊ (ဦးမြဝင်း)–ဒေါ်ကျင်သိန်း၊ (ဦးကျင်ဟုန်)–ဒေါ်စိန်ကြီး၊ ရန်ကုန်မြို့နေ (ဗိုလ်မှူးမြသန်း)–ဒေါ်အေးကြိုင်၊ ညောင်လေးပင်မြို့နေ ဦးကျော်သောင်း–ဒေါ်စိန်လေးတို့၏အစ်မကြီး၊ ရန်ကုန်မြို့နေ (ဦးထွန်းမြင့်)–ဒေါ်ခင်စန်း(နွယ်ဦးခိုင် ဆွယ်တာ၊ ဗိုလ်ချုပ်ဈေးသစ်)၊ ဦးအောင်စိုး–ဒေါ်သိန်းရီ၊ ဒေါ်ခင်ထူး(နွယ်ဦးခိုင် ဆွယ်တာ၊ ယုဇနပလာဇာ)၊ ဦးမြင့်လွင်(တရားရုံးချုပ်ရှေ့နေ)–ဒေါ်ခိုင်ခိုင်ဦး(Khine Khine U-Law Firm)တို့၏ မိခင်၊ မခိုင်ခိုင်ထွန်း (True Hope Computer Centre)၊ ကိုသော်တာထွန်း (Edulight Computer Centre)–မသင်းသင်းဆွေ၊ မနီနီလှိုင်၊ ဗိုလ်ကြီးကိုကိုလှိုင်(စစ်တက္ကသိုလ်) – မအေးမိုး၊ မချိုချိုလှိုင်(နွယ်ဦးခိုင် ဆွယ်တာ၊ ပဲခူးမြို့မဈေးကြီး)၊ မသော်သော်မြင့်လွင် (YIEC)တို့၏အဘွား၊မြစ်သုံးယောက်တို့၏အဘွားသည် ၂၆–၁၀–၂၀၀၃ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သီရိမင်္ဂလာအိမ်ရာ၊ တိုက် ၅၊ အခန်း ၂၀၅ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈–၁၀–၂၀၀၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရားဒါယိကာမ

ဒေါ်ခင်ခင်ရွှေ (ဗဟိုစည်)

အသက်(၆၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၅၃)ရပ်ကွက်၊ ဖေယျာမြိုင်လမ်း၊ အမှတ် ၉၃၆ နေ (ဦးသန်းညွန့်–ဒေါ်တင်လှ) တို့၏သမီး၊(ဦးဘဝက်–ဒေါ်လှဝါ)တို့၏ ချွေးမ၊ ဦးစိန်ဖေ(လက်ထောက်ညွှန်ကြားရေးမှူး၊ငြိမ်း၊ကကငွေ)၏ဇနီး၊ ကိုထွန်းထွန်းဦး (Asia Sunshine Group Co.,Ltd.)၊ မနီနီဖေ (Asia Sunshine Group Co.,Ltd.)၊ မဥမ္မာဖေ၊ ကိုစိုးလင်းအောင်(ကကငွေ)–မချိုချိုဖေ (ကကငွေ)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၆–၁၀–၂၀၀၃ရက် မွန်းလွဲ ၁:၄၀ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၈–၁၀–၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးကြည်ဆွေ

လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
ဆည်မြောင်းဦးစီးဌာန

အသက်(၅၄)နှစ်

ပဲခူးမြို့၊ မြဒေဝီစတိုး(ဦးဟုတ်လှိုင်–ဒေါ်တင်နု)တို့၏သားသမက်၊ ဦးမြင့်လှိုင် (ဌာနမှူး၊ တံတားဦးလေယာဉ်ဆိပ်ဌာန)–ဒေါ်တင်တင်ဝင်း၊ ဗိုလ်မှူးကြီးမြင့်ရွှေ(ဦးဆောင်ညွှန်ကြားရေးမှူး၊စိုက်/မွေး)–ဒေါ်တင်တင်လှိုင်တို့၏ညီ/မောင်၊ ဦးကျော်ဆွေ(B.E,Mining)–ဒေါ်ယုယုလှိုင်တို့၏အစ်ကို၊စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် ၈၅ နေ ဒေါ်နွဲ့နွဲ့လှိုင်(ကထိက၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ဟိန်းသူ (ပ–နှစ်၊ နည်းပညာကောလိပ်၊ သန်လျင်)၏ဖခင်သည် ၂၆–၁၀–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်းဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးထွန်းတင် (ကျိုက်ထို)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၂၂၁–ခ/၄ နေ (ဦးသာအောင်–ဒေါ်နှင်းယုံ)တို့၏သား၊ (ဦးသန်းမောင်–ဒေါ်ချော)တို့၏ သားသမက်၊ (ဒေါ်နု)၏ခင်ပွန်း၊ (ဦးနီပလုံ–ဒေါ်ချစ်)၏ အစ်ကို၊ ဦးသန်းဝင်း (တကက၊ ငြိမ်း)–ဒေါ်စန်းစန်းရီ၊ ဦးသိန်းနှစ်(အင်ယာမှူး၊မြန်မာ့ရေလုပ်ငန်း၊ငြိမ်း)–ဒေါ်တင်တင်လှ၊ ဦးတင်ဝင်း (ငါးလုပ်ငန်းဦးစီးဌာန)–ဒေါ်တင်တင်အုန်း၊ ဦးမျိုးသန့်(AE မြန်မာ့လျှပ်စစ်၊ ထားဝယ်မြို့) – ဒေါ်ခင်ညိုရွှေ (မြန်မာ့ရေလုပ်ငန်း၊ ငြိမ်း)၊ ဦးတင်ထွဋ် (ဒု/ရှိ၊ အမ်ဗွီငွေပုလဲယာဉ်၊ အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း၊ တနင်္သာရီလီမိတက်)–ဒေါ်သန်းသန်းရွှေ (မြန်မာ့ရေလုပ်ငန်း၊ ငြိမ်း)တို့၏ဖခင်၊ မြေး ၁၈ ယောက်၊ မြစ် ၁၀ ယောက်တို့၏ အဘိုးသည် ၂၅–၁၀–၂၀၀၃ရက် (စနေနေ့) ည ၁၀:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၁၀–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစောဝင်း (ငြိမ်း)

ကြည်း–၂၀၉၃၁
(မြောင်းမြ)

အသက်(၆၅)နှစ်

မော်ဘီမြို့၊ ကျန်စစ်သားလမ်း၊ အမှတ် ၂၉၂ နေ(ဦးဘသင်–ဒေါ်မေ)တို့၏သား၊ (ဦးထွန်းလွင် – ဒေါ်မေ)တို့၏ သားသမက်၊ ဒေါ်ဝင်းနီသန်းလွင်၏ခင်ပွန်း၊ ဒေါ်ဖြူဖြူဝင်း၊ တပ်ကြပ်ကြီးမျိုးသန့်–မသီဂီထွန်း၊ ဒေါ်နီနီဝင်း(လူမှုဝန်ထမ်းဦးစီးဌာန)၊ ကိုနေမျိုးဝင်း၊ မောင်မျိုးဝင်းအောင်(ခေတ္တ–မလေးရှား) – မဝေဝေလွင်၊ မခင်သန္တာဝင်း၊ မနီလာဝင်းတို့၏ဖခင်သည်၂၇–၁၀–၂၀၀၃ရက်(တနင်္လာနေ့)နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၁၀–၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မော်ဘီ နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုညွန့်ဦး (ချောက်မြို့)

ဒဂုန်ပုံနှိပ်တိုက်နှင့်ဒဂုန်စာပေ

အသက်(၄၁)နှစ်

မန္တလေးမြို့၊ ကျွဲဆည်ကန်၊ ခြံအမှတ် ဠ/၄၆–၄၇ နှင့် ချောက်မြို့၊ ဈေးရပ်၊ ဒဂုန်ပုံနှိပ်တိုက်နှင့်ဒဂုန်စာပေ ဦးညွန့်မောင်ချွန် – ဒေါ်တင်ရွှေတို့၏ သား၊ ကျောက်ပန်းတောင်းမြို့၊ ပြည်တော်သာရပ်၊ ပုပ္ပားလမ်းနေ ဦးနီ–ဒေါ်ညွန့်ရီတို့၏သားသမက်၊ မစန္ဒာမြင့်၏ခင်ပွန်း၊ မအေးမြဖြူ၏ ဖခင်သည် ၁၄–၁၀–၂၀၀၃ရက်တွင် ချောက်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၁၀–၂၀၀၃ရက်တွင် ချောက်မြို့သုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကိုဖုန်းဇော်မြင့်(ခ)စီတုန်း

၅၆–အဲယားကွန်း(ယာဉ်မောင်း)

အသက်(၃၄)နှစ်

ဒဂုံမြို့သစ်(တောင်ပိုင်း)၊(၁၈)ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ် ၁၈၀၀ (က)နေ (ဦးဘိုးကျော် လွတ်လပ်ရေးမော်ကွန်းဝင်) – (ဒေါ်ရင်စိန်)တို့၏ သားငယ်၊ (ဦးတင်–ဒေါ်ကျင်ရွှေ)(မော်လမြိုင်ကျွန်း)တို့၏သားသမက်၊ ဦးသန်းငွေ (၃၉၊ အဲယားကွန်း)–ဒေါ်ကောက်၊ ဦးတိုးမောင်(မြို့နယ်စာရင်းစစ်ဦးစီးမှူး၊ငြိမ်း)–ဒေါ်သန်းသန်းမြင့်၊ ဦးသိန်းမြင့်(ဘရေ၊ ငြိမ်း)–ဒေါ်ခင်အုန်းမြင့်(ဘရေ)၊ ဦးခင်မောင်ရွှေ (စာစောင်ဖြန့်ချိရေး)–ဒေါ်မြသောင်း၊ ဦးမောင်မောင်အောင်ကျော်–ဒေါ်ငွေငွေ၊ ဦးချိုအေး (မထသ–၃၉)–ဒေါ်စန်းစန်းထွေးတို့၏ညီ/မောင်၊ တူ တူမ ၁၃ ယောက်တို့၏ဦးလေး၊ မလဲ့လဲ့ထွန်း(VII-C၊ အထက–၂၊ တ/ဒဂုံ)၊ မောင်မျိုးကျော်သူ(V-G၊ အထက–၂၊ တ/ဒဂုံ)၊ မောင်သက်လွင်ဟိန်း(II-E၊ အမက–၃၊ တ/ဒဂုံ)၊ မောင်ဇော်ရဲထွန်းတို့၏ဖခင်၊ ဒေါ်ခင်မာ၏ခင်ပွန်းသည် ၂၆–၁၀–၂၀၀၃ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၁၀–၂၀၀၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြိတ်မြို့ ခုတင်(၂၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံသစ်ဖွင့်ပွဲတက်ရောက်ချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

ရန်ကုန် အောက်တိုဘာ ၂၇

တနင်္သာရီတိုင်း မြိတ်မြို့ ရေပုန်းရပ်ကွက် စပါးရွှေဝါလမ်း၌ တည်ဆောက်ပြီးစီးသွားသည့် ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါဆေးရုံသစ်ကြီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊

စာမျက်နှာ ၁၀ ကော်လံ ၁ ✻

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၁၃)ကြိမ်မြောက် အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် ၂၀၀၄ ခုနှစ် အေသင်အိုလံပစ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ **(သတင်းစဉ်)**

အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် အေသင်အိုလံပစ်လက်ရည်စစ်မြားပစ်ပြိုင်ပွဲများ အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပနိုင်၍ နိုင်ငံနှင့်လူမျိုးဂုဏ်မြင့်မားထည်ဝါမှုပြသနိုင် ပြိုင်ပွဲအစီအမံများခမ်းနားထည်ဝါပြည့်စုံရေး နိုင်ငံတော်ဝန်ကြီးချုပ်မှာကြား

ရန်ကုန် အောက်တိုဘာ ၂၇

၂၀၀၃ ခုနှစ် (၁၃)ကြိမ်မြောက် အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် ၂၀၀၄ခုနှစ် အေသင်အိုလံပစ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ရှင်းလင်းတင်ပြရာ၌ ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌လက်ခံကျင်းပရန်အတွက် ၁၉၉၇ ခုနှစ် မလေးရှားနိုင်ငံ လန်ကာဝီမြို့၌ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့်အတူ ကျင်းပခဲ့သည့် အာရှမြားပစ်အဖွဲ့ချုပ်ကွန်ဂရက်တွင် အဆိုပြုတင်ပြခဲ့ပြီး ၁၉၉၈ ခုနှစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သောအာရှမြားပစ်အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးက သဘောတူဆုံးဖြတ် အတည်ပြုခဲ့ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ်စောင်ရေ ၂၀၂၂၈၀

28-10 (20).p65 1 3/24/05, 8:33 PM